မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၃၂)

# နှစ်နိုင်ငံအကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု The Richardson Center ဥက္ကဋ္ဌ နယူးမက္ကဆီကို ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း Mr. Bill Richardson အား ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ Gavi – The Vaccine Alliance အဖွဲ့အစည်း၏ ဒုတိယအမှုဆောင်အရာရှိချုပ် Mrs. Anuradha Gupta နှင့် ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံတို့မှ လွှတ်တော်အမတ်များအား နံနက် ၁၁ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

အမေရိကန်ပြည်ထောင်စု The Richardson Center ဥက္ကဋ္ဌ နယူးမက္ကဆီကို ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❇



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စု The Richardson Center ဥက္ကဋ္ဌ နယူးမက္ကဆီကို ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း Mr. Bill Richardson တို့ တွေ့ဆုံစဉ် (သတင်းစဉ်)

# ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းကျဆင်းလာပြီး လူနေမှုအဆင့်မြင့်မားလာ



**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး**

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းသည် လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်း ၃၂ ဒသမ ၁ ရာခိုင်နှုန်းမှ ၁၉ ဒသမ ၄ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့က ၂၀၁၅ ခုနှစ်အထိ ရရှိသောအချက်အလက်များအပေါ် အခြေခံကာ ပူးတွဲပြုစုသည့် အစီရင်ခံစာအသစ်အရ သိရှိရသည်။

အိမ်ထောင်စုတစ်စုချင်းစီ၏ အသုံးစရိတ်သည် ယေဘုယျအားဖြင့် နှစ်စဉ် ၁ ဒသမ ၄ ရာခိုင်နှုန်းတက်လာရာ

*စာမျက်နှာ ၃ ကော်လံ ၄* ❖

## ARSA အစွန်းရောက်အကြမ်းဖက်သမားများ လှုပ်ရှားနယ်မြေတွင် နိုင်ငံတကာ အဖွဲ့အစည်းများမှ ထောက်ပံ့ထားသည့် ပစ္စည်းများ ထပ်မံတွေ့ရှိ

*စာမျက်နှာ - ၁၀*

## ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို လိုက်နာရန် မြောက်ကိုရီးယားအား တိုက်တွန်း

*စာမျက်နှာ - ၁၄*



မြန်မာ့အလင်း

# ပြည်သူ့ကျန်းမာရေးနှင့် ပြည်သူတို့၏အခန်းကဏ္ဍ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်တစ်ရပ်သည် ပြည်သူလူထု၏ ကျန်းမာရေးနှင့်ပတ်သက်၍ တပ်လှန့်သံတစ်ရပ်ကို ပြုလုပ်လိုက်သည်ဟု ယူဆပါသည်။ ရှေးဦးစွာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ ထုတ်ပြန်ချက်ကို တင်ပြလိုပါသည်။ နိုင်ငံတော်အဆင့် အခမ်းအနားများ၌ တည်ခင်းဧည့်ခံသော အစားအသောက်တို့၌ ပိုးတွေ့ရှိကြောင်းကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ အစားအသောက် နမူနာတို့ကို ကောက်ယူခာတ်ခွဲစစ်ဆေးချက်အရ အတို့အမြှုပ်နှင့်အသုပ်ဟင်းလျာများတွင် ရောဂါပိုးမွှား ပါဝင်မှု အများဆုံးဖြစ်ကြောင်း အဆိုပါ ဌာနထုတ်ပြန်ချက်အရ သိရှိရပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ စစ်ဆေးတွေ့ရှိချက်တို့အရ အစားအသောက်ကိုင်တွယ်ချက်ပြုတ်ရသော ပုဂ္ဂိုလ်တို့၏ တစ်ကိုယ်ရေသန့်ရှင်းမှုအပါအဝင် နှာခေါင်းစည်း၊ ခါးစည်းနှင့်လက်အိတ်တို့ကဲ့သို့သော သန့်ရှင်းမှုကို ဖန်တီးပေးသည့် အသုံးအဆောင်တို့သည် အစားအစာများပိုးမွှားကင်းရှင်းရေးအတွက် အခရာဖြစ်သည်ကို တွေ့ရှိရပါသည်။

အရေးကြီးသောအချက်မှာ နိုင်ငံတော်အဆင့် အခမ်းအနားများ၌ တည်ခင်းဧည့်ခံသော အစားအသောက်တို့တွင် ပိုးမွှားများကိုတွေ့ရှိခြင်းဖြစ်ပါသည်။ ယေဘုယျအားဖြင့် နိုင်ငံတော်အဆင့်အခမ်းအနားများအတွက် အစားအသောက်တို့ကို ဟိုတယ်တို့ကသာ ပြင်ဆင်ချက်ပြုတ်ဧည့်ခံကြပါသည်။ ပုံမှန်အားဖြင့် ဟိုတယ်တို့သည် အစားအသောက်တို့၏ ဘေးကင်း အာဟာရရရှိရေးနှင့်ဝန်ထမ်းတို့၏ တစ်ကိုယ်ရေသန့်ရှင်းရေးကို ပင်မဝန်ဆောင်မှုတစ်ရပ်အဖြစ် အထူးဂရုပြုဆောင်ရွက်လေ့ရှိပါသည်။ ဤနေရာ၌ တင်ပြလိုသည်မှာ ဟိုတယ်တို့က တည်ခင်းဧည့်ခံသည့် အစားအသောက်များတွင် ရောဂါပိုးမွှားတို့ကို တွေ့ရှိရသည်ဆိုပါက သာမန်ပြည်သူတို့၏ နေ့စဉ်အစားအသောက်များတွင် ရောဂါပိုးမွှားတို့မည်မျှများမည်ကို မှန်းဆကြည့်နိုင်ပါသည်။

ပို၍ အလေးအနက်ထား စဉ်းစားရမည့်ကိစ္စရပ်မှာ မြန်မာနိုင်ငံသူနိုင်ငံသားတို့၏ နေ့စဉ် အစားအသောက်များတွင် မပါမဖြစ် ပါလေ့ရှိသော အတို့အမြှုပ်နှင့်အသုတ်ဟင်းလျာများတွင် ရောဂါပိုးမွှားတို့ကို အများဆုံးတွေ့ရှိရခြင်းဖြစ်ပါသည်။ ယေဘုယျအားဖြင့် သာမန်ပြည်သူတို့ နေ့စဉ်ဝယ်ယူစားသုံးကြသော အတို့အမြှုပ်နှင့် အသုတ်ဟင်းလျာတို့ကိုပြင်ဆင်ချက်ပြုတ်ပေးသည့် ဆိုင်ငယ်တို့၏ အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုအပေါ် အလေးထားပြင်ဆင်နိုင်မှုတို့သည် ဟိုတယ်တို့နှင့်နှိုင်းယှဉ်ပါက သိသိသာသာ နိမ့်ကျနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ သာမန်ပြည်သူတို့၏ နေ့စဉ် အစားအသောက်တို့၌ ရောဂါပိုးမွှားတို့ မည်မျှပါဝင်မည်ကို မှန်းဆကြည့်နိုင်ပါသည်။

အဆိုပါ ရောဂါပိုးမွှားတို့ကြောင့် သာမန်မိသားစုတို့၏ ကျန်းမာရေးကုန်ကျစရိတ် မည်မျှကုန်ကျမည်ကို လည်းကောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးကုန်ကျစရိတ် မည်မျှကုန်ကျမည်ကို လည်းကောင်း တွက်ဆကြည့်နိုင်ပါသည်။ ဤအန္တရာယ်ကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတစ်ခုတည်းဖြင့် ကာကွယ်ဖြေရှင်းပေးနိုင်မည်မဟုတ်ပါ၊ ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းလက်တွဲဆောင်ရွက်မှုဖြင့် ကာကွယ်ဖြေရှင်းပေးနိုင်မည်ဖြစ်ပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြည်သူတို့အား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရန် လိုအပ်သကဲ့သို့ ပြည်သူလူထုကလည်း ရရှိလာသည့်အသိပညာတို့ကို အမှန်တကယ်လိုက်နာကျင့် သုံးရန်လိုအပ်ပါသည်။ တစ်မျိုးသားလုံး၏ ကျန်းမာရေးကို တစ်မျိုးသားလုံး၏ ပူးပေါင်းလက်တွဲဆောင်ရွက်မှုဖြင့်သာ ရရှိနိုင်မည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား ၃၁-၈-၂၀၁၇(ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅ - မျှော်လင့်ချက်အလင်းရောင် "အငြိမ်းစားဝန်ထမ်းအိမ်ရာ "
၁၃း၀၀ - ဆေးရောင်စုံရုပ်ရှင် **လမင်းကို စိန်ခေါ်ကြသူများ** (ပထမပိုင်း)
လူမင်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ- မောင်တင်ဦး)

**ညပိုင်း**

၁၆း၃၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **သိုက်ကလာတယ် စကားမပြောဘူး**
ကျော်ရဲအောင်၊ နေမင်း၊ ခင်လှိုင်၊ ခိုင်သင်းကြည်၊ ချစ်သုဝေ၊ ဂွမ်းပုံ
(ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)
၁၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆိုသည်မှာ** (အပိုင်း-၁၀၀)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၄)
ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင်

# မီးသတ်ဦးစီးမှူးရုံး ရှာဖွေကယ်ဆယ်ရေး (တပ်ခွဲအဆင့်) လေ့ကျင့်ရေးသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိနယ်မြေမီးသတ်စခန်း၌ ရှာဖွေကယ်ဆယ်ရေး(တပ်ခွဲအဆင့်)လေ့ကျင့်ရေးသင်တန်းကို ဩဂုတ် ၂၈ ရက်က



ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနား၌ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ခေတ်မီရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန် လုပ်ငန်းခွင်မပျက်လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းပါးသည်ထက် နည်းပါးစေရန်၊ ကြိုတင်မျှော်မှန်း၍ ဆောင်ရွက်သင့်သည်များကို ရေတို၊ ရေရှည်စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော်နိုင်ရန်၊ ပြည်သူများသဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက အသက်အန္တရာယ်ဆုံးရှုံးမှုမကြုံတွေ့စေဘဲ ကာကွယ်မှုပြုနိုင်ရန် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၁၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

ထင်သာမြင်သာပြုပြင်စရာ

# မော်ဟန်တွင် ယိမ်းယိုင်ပြီးအန္တရာယ်ရှိသော ကွန်ကရစ်လျှပ်စစ်မီးတိုင်ကို အစားထိုးပြုပြင်ပေးစေလို

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအနီး၌ ယိမ်းယိုင်ပြီးအန္တရာယ်ရှိသော ကွန်ကရစ်လျှပ်စစ်မီးတိုင်ကို အစားထိုးပြုပြင်ပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။

"ကျွန်တော်တို့ရွာမှာ လျှပ်စစ်မီးရတာ နှစ်နှစ်ကျော်ပါပြီ။ မော်ဟန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းနံဘေးက ကွန်ကရစ်လျှပ်စစ်မီးတိုင်ဟာ မြေကြီးထဲ နိမ့်ကျွံခဲ့ပါတယ်။ မီးတိုင်ကိုမလဲကျအောင်ထောက်ထားတဲ့ တိုင်နှစ်တိုင်နဲ့ ဖုန်းတိုင်တစ်တိုင်၊ ပင်မခာတ်တိုင်နဲ့ လမ်းလေးဖက်လေးတန်က သွယ်တန်းထားတဲ့ လျှပ်စစ်မီးကြိုးတွေရဲ့ဆွဲယူအားကြောင့် ပင်မခာတ်တိုင်ယိုင်နဲ့နေပြီး ခိုင်ခံ့မှုမရှိတော့ပါဘူး။ ကျောင်းသားကျောင်းသူနဲ့ကလေးသူငယ်တွေအတွက်အန္တရာယ်ရှိပါတယ်။ ဒီမီးတိုင်ကို ပြင်ဆင်ဖို့ ကုန်ကျစရိတ်ကို ကျွန်တော်တို့ ဒေသခံတွေ အကုန်အကျခံပြီးပြုပြင်ဖို့ မြို့နယ်လျှပ်စစ်ဌာနကို အကြောင်းကြားထားပါတယ်" ဟု မော်ဟန်ကျေးရွာနေဒေသခံ တစ်ဦးက ပြောသည်။

(၀၆၇)



# စုန်ဆန်စီးမျှောစာပေတော စာပေစကားဝိုင်း သံတွဲမြို့နယ်၌ ကျင်းပ

**သံတွဲ ဩဂုတ် ၃၀**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ လူငယ်လူရွယ်များ စာပေလေ့လာဖတ်ရှုသည့်အလေ့အထများ ရရှိစေရေးနှင့် ပြည်သူများ၊ စာပေဝါသနာရှင်များအနေဖြင့်လည်း စာအုပ်စာပေ၊ စာပေစကားဝိုင်းများနှင့် အဆက်မပြတ်စေရေး ရည်ရွယ်ချက်ဖြင့် သံတွဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေဝါသနာရှင်များ ပူးပေါင်းပြီး စုန်ဆန်စီးမျှောစာပေတော စာပေစကားဝိုင်း ဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်က သံတွဲခရိုင် Community Center ၌ ကျင်းပခဲ့သည်။

အဆိုပါစာပေစကားဝိုင်း ဆွေးနွေးပွဲတွင် ကဗျာဆရာ မောင်လူအေး (စီးပွားရေး) က ကဗျာရွတ်ဆို၍ ဖွင့်လှစ်ပေးကာ တက်ရောက်လာကြသည့် စာပေဝါသနာရှင်များက ကဗျာရေးသားနည်းဆိုင်ရာများ၊ ခေတ်ပြိုင်စာအရေးအသားနှင့် ခွန်အားရှိသော စာပေ စသည့်ခေါင်းစဉ်များဖြင့် စာပေဆိုင်ရာများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန့်ဇင် (ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃၀-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၂၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၈ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၆ | ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၂ | ·၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၂၁၄ |
| တရုတ် | တစ်ယွမ် | ၂၀၅ | ·၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ·၁၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၃၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Gavi – The Vaccine Alliance အဖွဲ့အစည်း၏ ဒုတိယ အမှုဆောင်အရာရှိချုပ် Mrs. Anuradha Gupta အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)

❊ *ရှေ့ဖုံးမှ*

Gavi –The Vaccine Alliance အဖွဲ့အစည်း၏ ဒုတိယအမှုဆောင်အရာရှိချုပ် Mrs. Anuradha Gupta နှင့် ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံတို့မှ လွှတ်တော်အမတ်များနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် Gavi အဖွဲ့အစည်းတို့အကြား လက်ရှိဆောင်ရွက်လျက်ရှိသော ကာကွယ်ဆေးထိုးခြင်းအစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးနှင့် ယင်းကဏ္ဍတွင် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုနှင့် ကူညီထောက်ပံ့မှုဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

ထိုအချက်က လူနေမှုအဆင့်အတန်းမြင့်မားလာကြောင်း ပြသသည့်အချက်ဖြစ်သည်ဟု အစီရင်ခံစာအရ သိရှိရသည်။

လတ်တလောနှစ်များအတွင်း အိမ်ထောင်စုများ၏ အသုံးစရိတ်သည် လျင်မြန်စွာမြင့်မားလာကြောင်း၊ ညွှန်းကိန်းအချို့ကို လေ့လာခြင်းအားဖြင့် လူနေမှုအဆင့်အတန်းမြင့်မားလာသည်မှာ ထင်ရှားကြောင်း သိရသည်။ ယင်းတို့အနက် မော်တော်ဆိုင်ကယ်၊ ရုပ်မြင်သံကြားစက်၊ မိုဘိုင်းဖုန်းစသည့် ကုန်စည်များ သိသာစွာအရောင်းသွက်လာသည့် အချက်ကလည်း အပါအဝင်ဖြစ်သည်။

၂၀၁၅ ခုနှစ်အထိ ရရှိသော အချက်အလက်များအရ မော်တော်ဆိုင်ကယ်ပိုင်ဆိုင်သည့် အိမ်ထောင်စုဦးရေမှာ ၄၂ ရာခိုင်နှုန်းကျော်ရှိနေပြီး ၂၀၀၉ ခုနှစ်က ၂၅ ရာခိုင်နှုန်းသာရှိခဲ့သည်။

"ယခု လေ့လာချက်အရ လွန်ခဲ့တဲ့နှစ်တွေအတွင်း မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုအခြေအနေကို သိရှိနိုင်မှာဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှုနှုန်း လျော့ကျလျက်ရှိတဲ့အတွက် အလွန်အားတက်စရာကောင်းလှပါတယ်။ ရှေ့ဆက်လက်ပြီး နိုင်ငံတော်ရဲ့ စီးပွားရေးတိုးတက်မှုဆောင်ရွက်ချက်တွေကနေ တစ်နိုင်ငံလုံးမှာရှိနေတဲ့ ပြည်သူတွေအကျိုးခံစားနိုင်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ ကျေးလက်ဒေသမှာရှိတဲ့ ပြည်သူတွေရဲ့ လူနေမှုဘဝနဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွေမှာ ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ဆောင်ရွက်သွားမယ်ဆိုရင် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအတွက် အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။

ယခုအစီရင်ခံစာတွင် လေ့လာစိစစ်ချက်နည်းလမ်းနှစ်ရပ်ကို အသုံးပြုထားသည်။ ပထမနည်းလမ်းမှာ ၂၀၀၄-၂၀၀၅ အချက်အလက်များအပေါ် အခြေခံထားသည့် ၂၀၀၇ ခုနှစ် အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းအရဖြစ်သည်။ ဒုတိယနည်းလမ်းမှာ ၂၀၀၉-၂၀၁၀ အချက်အလက်များအပေါ် အခြေခံထားသည့် ကမ္ဘာ့ဘဏ်၏ ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် နည်းလမ်းအရဖြစ်သည်။ နည်းလမ်းနှစ်ရပ်စလုံးအရ ဆင်းရဲနွမ်းပါးမှုနှုန်း ကျဆင်းနေကြောင်း လေ့လာတွေ့ရှိရသည်။ ဒုတိယနည်းလမ်းအသုံးပြုလေ့လာ စိစစ်ချက်အရ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂၀၀၄ ခုနှစ်တွင် ၄၄ ဒသမ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၂၆ ဒသမ ၁ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း သိရှိရသည်။

ယခုပူးတွဲပြုစုသည့် အစီရင်ခံစာအရ မြန်မာနိုင်ငံအစိုးရအနေဖြင့် လက်ရှိအခြေအနေအချိန်အခါနှင့် လျော်ညီသော လူနေမှုအဆင့်အတန်း အချက်အလက်များအပေါ်အခြေခံကာ ဆင်းရဲနွမ်းပါးမှုတိုင်းတာသည့် နည်းလမ်းအားပြန်လည်စိစစ် သုံးသပ်ပြင်ဆင်ရန်နှင့် အခြေခံအချက်အလက်များကို ပြန်လည်သတ်မှတ်ရန် အကြံပြုထားသည်။ အထူးသဖြင့် လက်ရှိပြည်သူများ၏ လူနေမှုဘဝများအပေါ် ထင်ဟပ်စေရန် မိုဘိုင်းဖုန်းကဲ့သို့သော ကုန်စည်အမျိုးအစားအသစ်များကို ထည့်သွင်းစဉ်းစားနိုင်ရန် အကြံပြုထားသည်ကို မြင်တွေ့ရသည်။

"လွန်ခဲ့တဲ့ ဆယ်စုနှစ် တစ်ခုအတွင်း မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုနှုန်း ကျဆင်းလျက်ရှိတယ်ဆိုတဲ့ အချက်က အင်မတန် အားတက်စရာကောင်းပြီး ဒါဟာ လွန်ခဲ့တဲ့နှစ်တွေအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကို ထင်ဟပ်နေတဲ့ အချက်လို့ ဆိုနိုင်ပါတယ်။ အခြားဖွံ့ဖြိုးဆဲတိုင်းပြည်တွေလိုပဲ မြန်မာနိုင်ငံဟာလည်း အပြောင်းအလဲတွေ လျင်လျင်မြန်မြန်ဖြစ်ပေါ်လျက်ရှိတဲ့အတွက် ယခုအစီရင်ခံစာမှာ ဆင်းရဲနွမ်းပါးမှုတိုင်းတာတဲ့နည်းလမ်းတွေကို ၂၀၁၅ ခုနှစ်မှာဖြစ်ပေါ်နေတဲ့အခြေအနေနဲ့ ထင်ဟပ်မှုရှိစေဖို့ အကြံပြုခဲ့ပါတယ်"ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စ အယ်လင်ဂိုးစတိန်းက ပြောသည်။

ယခုအစီရင်ခံစာသည် ဆင်းရဲနွမ်းပါးမှုတိုင်းတာသည့် နည်းလမ်းအားပြန်လည်စိစစ်သုံးသပ်ပြင်ဆင်ရန်နှင့် အခြေခံအချက်အလက်များကို ပြန်လည်သတ်မှတ်ရန်အကြံပြုထားသည့် အပိုင်းနှစ်ပိုင်းပါ စိစစ်သုံးသပ်ချက်၏ ပထမအပိုင်းဖြစ်ပြီး ဒုတိယပိုင်းကို ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

ယခုလေ့လာမှုသည် ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင် (Country Partnership Framework)တွင် ဖော်ပြထားသည့် လေ့လာသုံးသပ်ရေးလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ မူဘောင်အား မကြာမီက ပြန်လည်သုံးသပ်ခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်အထိ သက်တမ်းတိုးထားသည်။ ယင်းမူဘောင်အရ ကမ္ဘာ့ဘဏ်အုပ်စုသည် မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံနှင့် အခြေခံပြည်သူ့ဝန်ဆောင်မှုများဖြစ်သည့် အာဟာရရရှိရေး၊ ကျန်းမာရေး၊ ပညာရေးဝန်ဆောင်မှုများ တိုးတက်ရရှိစေရေးနှင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည့် ပုဂ္ဂလိက စီးပွားရေးကဏ္ဍတိုးတက်ရေးတို့တွင် ပံ့ပိုးကူညီလျက်ရှိသည်။

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၃၀**

ပဥ္စမအကြိမ်မြောက် ထိုင်း-မြန်မာအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး 5th Thailand-Myanmar Hight Level Committee Meeting တို့ တက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Khon Khan လေဆိပ်မှထွက်ခွာကြပြီး ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ထိုင်းဘုရင့်လေတပ် Win 6 သို့ရောက်ရှိကြရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် အစိုးရအိမ်တော်ခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် Gen. Prayut Chan-o-Cha နှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ထိုင်းနိုင်ငံဝန်ကြီးချုပ်က နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ယခုထက် ပိုမိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် အခြားစီးပွားရေးကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူကုန်ကူးမှု၊ တရားမဝင်လက်နက်ရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရခိုင်ဒေသတွင် ဖြစ်ပေါ်နေသော ဆုံးရှုံးမှုများအတွက် များစွာဝမ်းနည်းပါကြောင်း ပြောကြားသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် Gen. Prayut Chan-o-Cha တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ရခိုင်ပြည်နယ်အတွင်း လက်နက်ကိုင်အကြမ်းဖက်သမားများက အုပ်ချုပ်ရေးအဖွဲ့များနှင့် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့တိုက်ခိုက်သတ်ဖြတ်မှုကြောင့် ယနေ့အထိ အဆိုပါဒေသတွင် တိုက်ခိုက်မှုဖြစ်စဉ် ၈၁ ခု ဖြစ်ပွားခဲ့ပြီး တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းနှင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ကြောင်း၊ ၎င်းဖြစ်စဉ်များသည် မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ထိခိုက်လာသဖြင့် ထိရောက်စွာဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် လာရောက်လုပ်ကိုင်နေသော မိမိတို့နိုင်ငံသားများကို တရားဥပဒေနှင့်အညီ ကူညီစောင့်ရှောက်ပေးစေလိုကြောင်းနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူ Gen.Prawit Wongsuwon အား ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာစေရန် ကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌနှင့် ဝါရင့်နိုင်ငံရေးပုဂ္ဂိုလ် Gen. Prem Tinsulanonda(Rtd) အား ၎င်း၏နေအိမ်၌ သွားရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးကြိုးပမ်းဆောင်ရွက်နေမှု၊ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်အကောင်အထည်ဖော်ဆောင်နေမှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ထိုင်းဘုရင့်လေတပ် Win 6 မှ ပြန်လည်ထွက်ခွာကြပြီး နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြို့တွင်းပြေးအငှားယာဉ်ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ နည်းဥပဒေကိစ္စရပ်များနှင့် Uber ၏ နည်းပညာဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် Uber ကုမ္ပဏီမှ မူဝါဒရေးရာနှင့် စည်းမျဉ်းဥပဒေဆိုင်ရာ ဦးဆောင်အရာရှိဖြစ်သူ Mr. Ben Brooks နှင့် အဖွဲ့အား ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် Mr. Ben Brooks က Uber ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသည့် Ride Share စနစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး e-Government ဆိုင်ရာ ကိစ္စရပ်များ၊ အင်တာနက်အခြေပြု မြို့တွင်းပြေးအငှားယာဉ်ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ နည်းဥပဒေကိစ္စရပ်များနှင့် Uber ၏ နည်းပညာဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောဒေသအကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား ဆေးဝါးကုသပေးနေမှု ကြည့်ရှုအားပေး



**နေပြည်တော် ဩဂုတ် ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား တွေ့ဆုံမှာကြားကာ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား ဆေးဝါးကုသနေမှုကို ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအစည်းအဝေးခန်းမ၌ စစ်တွေပြည်သူ့ဆေးရုံ၊ ပြည်နယ်ကုသရေးဦးစီးဌာနနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လူနာများ၏ ကျန်းမာရေးအသိပညာကို မြှင့်တင်ပေးရေးသည် အရေးကြီးပါကြောင်း၊ စစ်တွေဆေးရုံ၏ လတ်တလောဆရာဝန်အင်အားမှာ လူနာအရေအတွက်နှင့် စာလျှင် အလွန်နည်းနေသည်ကို တွေ့ရှိရသဖြင့် အမြန်ဆုံး ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ ပြင်ပလူနာဌာနတွင် လူနာများပြားနေခြင်းသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် အားနည်းနေသည်ဟု ယူဆ၍ရပါကြောင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ပါက ဆေးရုံသို့ လာရောက်သော လူနာလျော့နည်းသွားမည်ဖြစ်ပြီး ဆေးရုံ၏အလုပ်ပမာဏ (workload) လျော့ကျသွားမည်ဖြစ်ပါကြောင်း၊ ရောဂါရှာဖွေရေးလုပ်ငန်းအတွက် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လက်ရှိ ဘူးသီးတောင်၊ မောင်တောဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအခြေအနေ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်မြှင့်တင်ပေးရေးနှင့် အသိအမှတ်ပြုဂုဏ်ပြုရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး တင်ပြမှုများအပေါ် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း စကားဝိုင်းဆွေးနွေးပွဲ နောက်ဆုံးနေ့ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း စကားဝိုင်းဆွေးနွေးပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲသို့ လွှတ်တော်အစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၅ ဦး၊ အစိုးရအစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၅ ဦး၊ တပ်မတော်အစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၅ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် လွှတ်တော်အစုအဖွဲ့၊ အစိုးရအစုအဖွဲ့နှင့် တပ်မတော်အစုအဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များက နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွင် ပါဝင်သည့် အခန်းတစ်ခန်းချင်းအလိုက် အကြောင်းအရာများကို အသေးစိတ်သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း စကားဝိုင်းဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်းက နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**



# သန်းခေါင်စာရင်းအစီရင်ခံစာထုတ်ပြန်မှုနှင့် ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုများဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူးရုံးမှ ညှိနှိုင်းရေးမှူး Ms. Renata Dessallien အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအစီရင်ခံစာ အချက်အလက်များ ထုတ်ပြန်ခဲ့မှုနှင့် ဆက်လက်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကိုဖီအာနန်၏ ကြားဖြတ်အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် အပြီးသတ်အစီရင်ခံစာအပေါ် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊ ရခိုင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေမှုနှင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကောက်စိုက်စက်ဖြင့် မိုးစပါးလက်တွေ့စိုက်ပျိုး

**တပ်ကုန်း ဩဂုတ် ၃၀**

တပ်ကုန်းမြို့နယ်တွင် စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူး၍ ထိုင်စီးခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေး လက်တွေ့သရုပ်ပြစိုက်ပျိုးပြသခြင်းကို ဩဂုတ် ၂၅ ရက် နံနက်က ရွှေစုကျေးရွာရှိ တောင်သူဦးမောင်လှိုင်၏ ကွင်းအမှတ် (၁၄၆၂)၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး ဥတ္တရခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဇော်ဇော်ထွန်းက ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဘိုမြင့်က ကောက်စိုက်စက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာသော စိုက်ပျိုးတောင်သူများအား လက်တွေ့သရုပ်ပြခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



**သဲကုန်းမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်၍ ပျက်စီးသွားသော လယ်မြေများအား ဩဂုတ် ၃၀ ရက်က မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကောက်စိုက်စက်ဖြင့် ပြန်လည်စိုက်ပျိုးပေးခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ကြည့်ရှုအားပေးစဉ်**
(မြို့နယ် ပြန်/ဆက်)

# သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၃၀**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့် ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်၍ သံလွင်မြစ်ရှိ ဘားအံမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## နှစ်ပေါင်းများစွာ အရှိုးစွဲခဲ့သည့် အဝေးပြေးလမ်းမကြီးများတွင် ယာဉ်ကျော်တက်နိုင်ရန် မှားယွင်းအချက်ပြနေသည့် အလေ့အကျင့်များနှင့် အယူအဆအမှားများကို လုံးဝပပျောက်စေပြီး မှန်ကန်တည့်မတ်လာသည်အထိ ဝိုင်းဝန်းပြုပြင်ပေးကြရမည်ဖြစ်

*❋ ကျောဖုံးမှ*

တိုင်းဒေသကြီးနှင့် ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် ဒုတိယသမ္မတက NRSC ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံတော်အတွက် အရေးပါသကဲ့သို့ ပြည်သူ လူထု၏ အသက်အန္တရာယ်လုံခြုံမှုအပါအဝင် ဘေးအန္တရာယ်ကင်းရှင်းမှုအတွက်ပါ အထူးအလေးထား ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ ထို့ကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နိုင်ရန်၊ ဒုတိယအကြိမ် အစည်းအဝေးတွင်ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းစဉ်များ တင်ပြနိုင်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြုံတွေ့ရသည့် အခက်အခဲများ၊ ကန့်သတ်ချက်များနှင့် ဆောင်ရွက်လိုသည့် လုပ်ငန်းအစီအမံများကို တင်ပြဆွေးနွေးနိုင်စေရန်နှင့် ထပ်တိုးလုပ်ငန်းအစီအမံများကို ဆွေးနွေးချမှတ်နိုင်စေရန် ရည်ရွယ်၍ ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety) ဆိုသည်မှာ ယာဉ်မတော်တဆဖြစ်မှုများနှင့် ယင်းမတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုများနှင့် လူမှုစီးပွားဘဝ ထိခိုက်နစ်နာဆုံးရှုံးမှုများ လျော့နည်းကျဆင်းသွားစေရေးမှစတင်၍ လုံးဝပပျောက်သွားစေရေး ရှေ့ဆက်မည်သို့ဆောင်ရွက်ရမည်ဆိုသည့်အချက်များ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ပြည်သူတစ်ဦးချင်းစီက အလေးထားလိုက်နာ ပူးပေါင်းဆောင်ရွက်ကြမှသာ တိုးတက်အောင်မြင်မှုရရှိနိုင်မည့် လုပ်ငန်းသဘာဝမျိုးဖြစ်သကဲ့သို့ ဘက်စုံ ကဏ္ဍစုံမှ မဖြစ်မနေဝိုင်းဝန်းပူးပေါင်းပါဝင်လုပ်ဆောင်ကြရမည့် လုပ်ငန်းမျိုးလည်းဖြစ်ပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်နေ**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ မူလ Quick-win အစီအမံ (၄)ရပ်ဖြစ်သည့် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရေး၊ အသက်ကယ်ထိုင်ခုံခါးပတ်ပတ်ရေး၊ သောက်စားမူးယစ်၍ ယာဉ်မောင်းနှင်မှုမပြုရေးနှင့် ယာဉ်မောင်းနှင်စဉ် လက်ကိုင်ဖုန်းအသုံးမပြုရေးလုပ်ငန်းစဉ်များအပြင် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်မှုမပြုရေးလုပ်ငန်းစဉ်များကိုပါ ကျယ်ပြန့်စွာ ကြိုးပမ်းဆောင်ရွက်နေသည်ကို အသိအမှတ်ပြုပါကြောင်း၊ သို့ရာတွင် တစ်နှစ်ထက် တစ်နှစ်တိုးပွားလာနေသည့် ယာဉ်မတော်တဆမှုများ၊ ထိခိုက်ဒဏ်ရာရမှုများနှင့် သေဆုံးမှုများကို သတိပြုဆန်းစစ်ကြရမည်ဖြစ်ပါကြောင်း။

လမ်းသစ်များ ဖောက်လုပ်တည်ဆောက်ကြရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးကို အထူးအလေးထား ထည့်သွင်းတွက်ချက်ပြီး လမ်းဒီဇိုင်း စံနှုန်းသတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ပြုပြင်သည့် အခါတွင်လည်း တာဝန်ယူဆောင်ရွက်နေကြသည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးပိုင်းကို ထည့်သွင်းစဉ်းစားဆောင်ရွက်ကြစေလိုပါကြောင်း၊ ထို့အတူ လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြမီးတပ်ဆင်မှုများကို ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မိမိတို့ပတ်ဝန်းကျင်တွင် နှစ်ပေါင်းများစွာ အရှိုးစွဲခဲ့သည့် အဝေးပြေးလမ်းမကြီးများတွင် ယာဉ်ကျော်တက်နိုင်ရန် မှားယွင်းအချက်ပြနေသည့် အလေ့အကျင့်များနှင့် အယူအဆအမှားများကို လုံးဝပပျောက်စေပြီး မှန်ကန်တည့်မတ်လာသည်အထိ ဝိုင်းဝန်းပြုပြင်ပေးကြရမည်ဖြစ်ကြောင်း။

ယာဉ်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းစေရေး အရှိန်မြှင့်ဆောင်ရွက်ရာတွင် လိုအပ်သော ရန်ပုံငွေရရှိရေးအတွက် ယခုပြင်ဆင်ရေးဆွဲလျက်ရှိသော မော်တော်ယာဉ် ဥပဒေနှင့်အညီ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ကဏ္ဍစုံပါဝင်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် အကြံပြုချက်များကို NRSC အဖွဲ့ဝင်များအနေဖြင့် သေချာစွာလေ့လာပြီး အလေးထား ပူးပေါင်းဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းလိုပါကြောင်း။

NRSC မှ ယာဉ်တိုက်ခိုက်မှု ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာ ထုတ်ပြန်ချပြခြင်းအားဖြင့် ပြည်သူလူထုအနေဖြင့်လည်း အခြေအနေမှန်ကို သိမြင်လက်ခံပြီး ကြောင်းကျိုး သုံးသပ်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား ပိုမိုအလေးထား လိုက်နာလာကြမည်ဖြစ်ပါကြောင်း။

အခြေခံပညာကျောင်းများတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကျောင်းသင်ခန်းစာများကို စတင်ထည့်သွင်းပြဋ္ဌာန်းလျက်ရှိသကဲ့သို့ အသက်အရွယ်အလိုက် ဖွံ့ဖြိုးလာသည့် အသိဉာဏ်အပေါ်မူတည်၍ ငယ်စဉ်ကလေးဘဝကတည်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုသည်မှာ မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ တစ်ပါးသူအတွက်သော်လည်းကောင်း အန္တရာယ်ဖြစ်စေနိုင်သည်ဆိုသည့် အခြေခံအသိတရားကို လေ့ကျင့်မွေးမြူပေးကြရမည်ဖြစ်ပါကြောင်း။

**စည်းကမ်းလိုက်နာ**

လူတစ်ဦးချင်းအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကိုယ်စီလိုက်နာ ထိန်းသိမ်းကြမည်၊ ယာဉ်များ၏ ကြံ့ခိုင်မှုကောင်းမွန်နေမည်၊ လမ်းများ လုံခြုံစိတ်ချရမှုရှိနေမည်၊ လမ်းအသုံးပြုသူများအားလုံး စည်းကမ်းလိုက်နာကြမည်ဆိုလျှင် ယာဉ်မတော်တဆဖြစ်ပွားမှုသည် လျော့နည်းကျဆင်းသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဦးသန့်စင်မောင်တို့က အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက ၂၀၁၇ ခုနှစ်၊ ယာဉ်တိုက်ခိုက်မှုဆိုင်ရာ အခြေအနေများနှင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဆပ်ကော်မတီအတွင်းရေးမှူးများက ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဒုတိယအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီအတွင်းရေးမှူးက ပုဂ္ဂလိကယာဉ်မောင်းသင်တန်းကျောင်းများ စနစ်တကျဖွင့်လှစ်နိုင်ရေး စည်းကမ်းသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **(သတင်းစဉ်)**






မောင်တောဒေသမှ နေရပ်စွန့်ခွာထွက်ပြေးလာကြသူများကို စစ်တွေဆိပ်ကမ်းတွင် တွေ့ရစဉ်

*❋ ကျောဖုံးမှ*

ဒီကိုလာတာ ဝန်ထမ်းတွေလည်း များပါတယ်။ ရွာမှာလည်း အခြေအနေဆိုးပြီး နေလို့မရတော့လို့ အခုလိုထွက်လာရတာပါ။ ရွာမှာလည်း လူတွေမကျန်သလောက်ဖြစ်ကုန်ပြီ။ အဲဒီမှာရှိနေတာက နယ်ခြားစောင့်တပ်ဖွဲ့ဝင်တွေ၊ တပ်မတော်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေပဲ ရှိတော့တယ်။ ဒီကိုလာတယ်ဆိုတာလည်း ကိုယ့်အစီအစဉ်နဲ့ကို လာခဲ့ရတယ်။ ရေယာဉ်ခက ငွေကျပ် ၉၀၀၀ ပေးရတယ်။ ဒီမနက် လိုက်လာတဲ့ ရေယာဉ်ပေါ်မှာ လိုက်လာသူတွေ ၂၀၀ ကျော်လောက်ရှိမယ်ထင်တယ်။ ထိုင်ခုံတွေမှာ ပြည့်နေတယ်”ဟု မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာမှ ဦးနိုင်ဝင်းက ပြောသည်။

စစ်တွေမြို့ ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ကိုကျော်နိုင်ဦးက “ကျွန်တော်တို့တပ်ဖွဲ့က အခုရောက်လာကြတဲ့သူတွေကို သင်္ဘောပေါ်ကနေ ကားပေါ်အထိ ကူညီစောင့်ရှောက်ပေးပြီး ခေါ်ဆောင်ပေးတယ်။ ရောက်လာတဲ့သူတွေထဲက နာမကျန်းသူတွေ၊ ကိုယ်ဝန်ဆောင်တွေ၊ ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေကို ကျွန်တော်တို့ ကြက်ခြေနီတပ်ဖွဲ့ဝင် အင်အား ၃၀ လောက်နဲ့ လိုက်ပါစောင့်ရှောက်ကူညီပေးနေတယ်။ ဒီနေ့မနက်ပိုင်းမှာ မလိခသင်္ဘောနှစ်စင်းနဲ့ လူဦးရေ ၄၅၀၊ မွန်းလွဲပိုင်းမှာ ရွှေနဒီသင်္ဘောနှစ်စင်းနဲ့ လူဦးရေ ၄၀၀ ကျော်ပါလာပြီး ညနေပိုင်းမှာလည်း သင်္ဘောတစ်စင်း ထပ်ရောက်လာဦးမယ်လို့ သိရတယ်”ဟု ပြောသည်။

အဆိုပါနေရပ်စွန့်ခွာလာကြသူများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း စစ်တွေဆိပ်ကမ်းတွင် စောင့်ဆိုင်း၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးသည့်အပြင် မွေးကင်းစမှ ငါးနှစ်အောက်ရှိ ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း မြင်တွေ့ရသည်။

“ကျွန်မတို့အနေနဲ့ မောင်တောဒေသကနေ ဝင်ရောက်လာတဲ့ ကလေးတွေကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးတာတွေ ဒီသင်္ဘောဆိပ်မှာ လာရောက်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ မနက် ၈ နာရီကနေ ညနေ ၄ နာရီအထိ ဆောင်ရွက်ပေးနေပါတယ်။ သင်္ဘောတွေဆက်ပြီး ဝင်ရောက်မယ်ဆိုရင်လည်း စောင့်ပြီးတော့ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးနေပါတယ်” စစ်တွေမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်ခင်မြတ်ဝေက ပြောသည်။

ဩဂုတ် ၂၅ ရက် နံနက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် အသက်အန္တရာယ်အတွက် စိုးရိမ်ထိတ်လန့်ကြသဖြင့် မောင်တောဒေသရှိ ကျေးရွာအသီးသီးမှ နေရပ်စွန့်ခွာလာကြသည့် ဒေသခံတိုင်းရင်းသားများသည် စစ်တွေမြို့သို့ ဩဂုတ် ၂၈ ရက်မှစတင်ပြီး ဝင်ရောက်လျက်ရှိရာ ၎င်းတို့အား စစ်တွေမြို့ရှိ ဓမ္မာရာမ ဘုန်းတော်ကြီးကျောင်း၊ ကောဝိဒ ဘုန်းတော်ကြီးကျောင်းနှင့် အဓိဋ္ဌာန် ဘုန်းတော်ကြီးကျောင်းများတွင် ယာယီနေရာချထားပြီး ကျွေးမွေးစောင့်ရှောက်မှုပေးထားကြောင်း သိရသည်။

## နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း မီးအချက်ပြမှုမှန်ကန်စွာအသုံးပြုနိုင်ရေး ယာဉ်မောင်းအားလုံးသို့ အသိပေးနှိုးဆော်ချက်

၁။ ၁၉၈၉ “မော်တော်ယာဉ်နည်းဥပဒေများအရ ထုတ်ပြန်ထားသော ညွှန်ကြားချက်၏ မော်တော်ယာဉ်တွင် တပ်ဆင်ထားသော မီးများနှင့် ယာဉ်မောင်းသူ၏ လက်ဖြင့် အချက်ပြပုံများ”အခန်း၌ **မော်တော်ယာဉ်အား ကျော်တက်နိုင်ကြောင်းကို ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြရန်** သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

၂။ ယာဉ်များကျော်တက်ရာတွင် ရှေ့မှယာဉ်သည် နောက်မှကျော်တက်လိုသော ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြခြင်းသည် အမှန်ဖြစ်သော်လည်း ယာဉ်မောင်းများ၊ အထူးသဖြင့် ကားကြီးယာဉ်မောင်းအများစုသည် အဝေးပြေးလမ်းမကြီးများပေါ်၌ ယာဉ်၏ လက်ဝဲဘက် မီးဖြင့်သာ အချက်ပြလျက် လွဲမှားစွာ ကျင့်သုံးနေကြပါသည်။ ထိုသို့ လွဲမှားနေသည့်အတွက် မလိုလားအပ်သော ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ ကျော်တက်ရန် အချက်ပြမှုအမှန်သို့ ချောမွေ့စွာ ပြောင်းလဲကျင့်သုံးနိုင်စေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပညာပေးမှုများ၊ စစ်ဆေးကြပ်မတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပြီးနောက် **(၁-၉-၂၀၁၇) ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ ယာဉ်မောင်းအားလုံးသည် အမှန်မီးအချက်ပြမှုသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း တစ်ပြေးညီ စတင်ပြောင်းလဲကျင့်သုံးကြရမည်** ဖြစ်ပါသည်။

၄။ ထိုသို့ ပြောင်းလဲကျင့်သုံးမှုမတိုင်မီအတွင်း နားလည်မှုလွဲမှားမှုများ ရှိနိုင်သည့်အတွက် မော်တော်ယာဉ်ကျော်တက်မည်ဆိုပါက အခြေအနေအရပ်ရပ်ကို သုံးသပ်၍ အထူးသတိပြုဆောင်ရွက်ကြရန် လိုအပ်ပါမည်။

၅။ ယာဉ်မောင်းအားလုံးအနေဖြင့် **မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌** နောက်မှ ကျော်တက်လိုသော မော်တော်ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် မှန်ကန်စွာအချက်ပြခြင်းကို အလေးထားလိုက်နာကျင့်သုံးကြပါရန်နှင့် (၁-၉-၂၀၁၇)ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှန်သို့ တစ်ပြေးညီ ပြောင်းလဲကျင့်သုံးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအပေါ်ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၃၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၁၀/၂၀၁၇)** အပေါ် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာ အောင်ခင်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်နှင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ဆွေးနွေးကြသည်။

အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချိုက မြန်မာနိုင်ငံမှ ပဲမျိုးစုံကို အိန္ဒိယနိုင်ငံမှ ဝယ်ယူမှု ကန့်သတ်လိုက်ခြင်းသည် ကုန်သွယ်မှုလိုငွေကိုမြင့်တက်စေပြီး ငွေတန်ဖိုးကိုပါ ထိခိုက်ကျဆင်းလာနိုင်ပါကြောင်း၊ ငွေကြေးဖောင်းပွမှုလည်း တိုးမြင့်လာနိုင်ပြီး တိုင်းပြည်၏ စီးပွားရေးကို ထိခိုက်နိုင်ပါကြောင်း။

သို့ဖြစ်၍ မြန်မာနိုင်ငံမှထွက်ရှိသည့် ဆန်စပါးအပါအဝင် ကောက်ပဲသီးနှံမျိုးစုံကို ပြည်ပသို့တင်ပို့ရောင်းချရာတွင် ယခုကဲ့သို့ မလိုလားအပ်သည့်ပြဿနာများ ပေါ်ပေါက်လာပါက တောင်သူများ၏အကျိုးစီးပွားနှင့် ပြည်ပကုန်သွယ်ရေးကဏ္ဍ မထိခိုက်စေရေးအတွက် နည်းလမ်းကောင်းများ ရှာကြံသင့်ပါကြောင်း၊ ပြည်ပသို့မတင်ပို့မီ နိုင်ငံတော်မှ နိုင်ငံတကာ ဈေးနှုန်းနှင့်ချိန်ထိုးပြီး သင့်တင့်သည့် ဈေးနှုန်းတစ်ခုသတ်မှတ်ပြီး ဝယ်ယူပေးသင့်ပါကြောင်း။

ဝယ်ယူရာတွင်လည်း သိုလှောင်ရုံ အခက်အခဲများရှိပါက ပြည်တွင်းကုန်သည်ကြီးများနှင့်ညှိနှိုင်းပြီး ဖြေရှင်းသင့်ပါကြောင်း၊ ထို့ပြင် မိမိနိုင်ငံမှထွက်ရှိသည့် သီးနှံများဈေးကောင်းရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် သီးနှံများကို ခေတ်မီနည်းစနစ်များဖြင့် ကုန်ချောများရရှိအောင် စက်ရုံများနှင့် နည်းပညာများ ဖန်တီးဆောင်ရွက်သင့်ပါကြောင်း။

သို့မှသာ ဈေးကွက်ချဲ့ထွင်မှုများ ပိုမိုရရှိလာပြီး ပြည်တွင်းမှ ကောက်ပဲသီးနှံများ ပြည်ပတင်ပို့ရောင်းချရေးအတွက် အခြားနိုင်ငံများမှ ဖိအားပေးခြင်းကိုလည်း အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ပြီး ကုန်သွယ်မှုကဏ္ဍ တိုးတက်ရေးအဟန့်အတားကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီက အစီရင်ခံစာတွင် စီးပွားရေးတိုးတက်မှုအခြေအနေဖော်ပြချက်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှာ ၀ ဒသမ ၄ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှာ ၈ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍ တိုးတက်မှုနှုန်းမှာ ၈ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြထားပါကြောင်း။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပျမ်းမျှ ၁၀ ရာခိုင်နှုန်းဖြစ်ပြီး ယခင်နှစ်အလားတူကာလများနှင့် နှိုင်းယှဉ်လိုက်ပါက နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၇ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်လာပါက ကုန်ဈေးနှုန်းမြင့်မားမှုကို ဖြစ်ပေါ်နိုင်သည့်အတွက် ငွေကြေးဖောင်းပွမှုနှုန်းကို လျှော့ချနိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း။

ပို့ကုန်များပိုမိုတင်ပို့နိုင်ရန်အတွက် ဈေးကွက်ခိုင်မာရန်နှင့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် နိုင်ငံအချင်းချင်း၊ အစိုးရအချင်းချင်း ဆက်သွယ်ဆောင်ရွက်သင့်ပါကြောင်း၊ မကြာသေးမီကဖြစ်ပေါ်ခဲ့သည့် အိမ်နီးချင်းနိုင်ငံများမှ မြန်မာကုန်သည်များအား ဘဏ်စာရင်းများ ပိတ်ပင်ခြင်း၊ ပဲတင်ပို့မှုပိတ်ပင်ခံရခြင်းမျိုး မဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စု အစိုးရအဖွဲ့မှပေးပို့သော **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိ ချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၁/၂၀၁၇)ကို** လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ သရက် မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်နှင့် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်တို့က ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ၂၀၁၅-၂၀၁၆ ခုနှစ် အသုံးစာရင်းနှင့် နှိုင်းယှဉ်ကြည့်ပါက ၂၀၁၆-၂၀၁၇ခုနှစ် ရငွေသည် ယခင်နှစ်ရငွေထက် ၁ ဒသမ ၆ ရာခိုင်နှုန်း တိုးလာသော်လည်း သုံးငွေမှာ ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးလာပါကြောင်း၊ ထို့ကြောင့် ဘတ်ဂျက် လိုငွေပြမှုမှာ ယခင်နှစ်၏ ၃၅ ရာခိုင်နှုန်းလောက် တိုးလာပါကြောင်း။

သုံးငွေပိုင်းတွင် စာရင်းချုပ်အရ လျာထားချက်ထက် ကျော်လွန်သုံးစွဲခဲ့သည်ကို တွေ့ရပါကြောင်း၊ သာမန်အသုံးစာရင်းများကိုလေ့လာကြည့်သည့်အခါ သုံးငွေအပိုင်းတွင် ခွင့်ပြုသည်ထက်ကျော်လွန်သုံးစွဲခြင်းမရှိခဲ့သော်လည်း ရငွေအပိုင်းတွင် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအချို့မှာ လျာထားချက်ပြည့်မီခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ သုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲကြရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က မိမိတို့နိုင်ငံ၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ထောက်ပြရန်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများနှင့် ကန်ထရိုက်တာများ၏ တာဝန်ယူ၊ တာဝန်ခံမှုအပိုင်းမှာ ရောထွေးနေပြီး အားနည်းချက်များရှိပါကြောင်း၊ အရေးယူမှုအပိုင်းမှာလည်း တိကျပြတ်သားမှုများ လိုအပ်နေပါကြောင်း။

အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများ၏ အရေးအကြီးဆုံးမှာ တင်ဒါခေါ် ယူခြင်းနှင့် အရည်အသွေး စစ်ဆေးခြင်းဖြစ်ပါကြောင်း၊ တင်ဒါခေါ်ယူရေးနှင့် ပတ်သက်ပြီး စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကျန်းမာရေး အဆောက်အအုံ တန်ဖိုးငွေကျပ် ၅၇ ဘီလီယံကျော်နှင့် ပညာရေးအဆောက်အအုံ တန်ဖိုးငွေကျပ် ၅၂ ဘီလီယံကျော်ကို ဆောင်ရွက်မည်ဟုသိရသည့်အတွက် ဈေးနှုန်းမှန် ရ၊ မရနှင့် ကတိကဝတ်ကို ဖောက်ဖျက် ရာရောက်၊ မရောက် ပြန်လည်သုံးသပ်သင့်ပါကြောင်း ဆွေးနွေးသည်။

အစီရင်ခံစာများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုရယူခြင်းကို အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင် ဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

**မျိုးမြင့်(သတင်းစဉ်)**

## အများပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုများလျော့နည်းစေရန် ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် Yangon Technical& Trading Co.,Ltd မှ တာဝန်ရှိသူများအား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု အခြေစိုက်နည်းပညာကုမ္ပဏီ Uberမှ မန်နေဂျင်း ဒါရိုက်တာ ဂျူဒီတင်မေသိန်းနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် အမှတ် (I-9) အစည်းအဝေးခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

Yangon Technical & Trading Co.,Ltd အဖွဲ့နှင့် တွေ့ဆုံစဉ် Yangon Technical & Trading Co.,Ltd မှ ဂျပန်မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အဆင့်မြင့်အဆောက်အအုံ ဆောက်လုပ်မည့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ဆွေးနွေးခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုအခြေစိုက် နည်းပညာကုမ္ပဏီ Uber မှ မန်နေဂျင်းဒါရိုက်တာ ဂျူဒီတင်မေသိန်းနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် အများပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုများလျော့နည်းစေရန်အတွက် Uber Application အသုံးပြုပုံများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးပန်ကြား

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ဓာတ်အားခွဲရုံရှိ 230 KV ကနောင်အဝင်တွင် တပ်ဆင်အသုံးပြုထားသော 230 KV CT (250-500/5/5/5)A ကို CT (500-1000/1/1/1)A ဖြင့် လည်းကောင်း၊ 230 KV လှိုင်သာယာဓာတ်အားခွဲရုံရှိ 230KV ကနောင်အထွက်တွင် တပ်ဆင်ထားသော 230 KV CT (250-500/5/5/5)A ကို CT (1000-2000/5/5/5/5) A ဖြင့်အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။

အထက်ဖော်ပြပါလုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာရရှိရေးအတွက် မဖြစ်မနေ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်စဉ်အချိန်အတွင်း လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်အချို့ တွံတေး၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ရပ်ကွက်အချို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့်ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



## မြန်မာနိုင်ငံကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းသည် ဒိန်းမတ်နိုင်ငံနှင့် ဆွီဒင်နိုင်ငံပါလီမန်အမတ်များအား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-13) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ အပါအဝင် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ လွှတ်တော်များ၊ ဝန်ကြီးဌာနများ၏ ဖွဲ့စည်းထားရှိမှုအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ပဏာမအသံစစ်ဆေးခြင်း ဩဂုတ် ၃၁ ရက်တွင် နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၃၀**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီးများ၌ ပြုလုပ်လျက်ရှိသည်။

နေပြည်တော် ဒေသတစ်ဝိုက်အတွက် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ပဏာမအသံစစ်ဆေးခြင်းကို နေပြည်တော် (တပ်ကုန်း) မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ Auditorium ခန်းမ၌ ဩဂုတ် ၃၁ ရက်တွင် လည်းကောင်း၊ Stage Rehearsal ပြုလုပ်ခြင်းကို စက်တင်ဘာ ၂ ရက်တွင် လည်းကောင်း၊ Level 1 Live ယှဉ်ပြိုင်ခြင်းများကို စက်တင်ဘာ ၃ ရက်တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိုးညှင်းမြို့ ဒီဂရီကောလိပ်၏ ကျောင်းဝင်းမြေနေရာကို စနစ်တကျကွင်းဆင်းစစ်ဆေးတိုင်းတာပြီးဖြစ်

**နေပြည်တော် ဩဂုတ် ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၅၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ခနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ၏ **ခနုဖြူမြို့နယ် ရှေးဟောင်းသံစောင်းတန်းနှင့် ပိဋကတ်သုံးပုံ ကျောက်စာတိုက်ကို ပြုပြင်မွမ်းမံပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ခနုဖြူမြို့ပေါ်တွင်ရှိသော ရှေးဟောင်းသံစောင်းတန်းနှင့် ပိဋကတ်သုံးပုံ ကျောက်စာတိုက်တို့ကို ပြည်လုံးချမ်းသာ စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့က အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ထိန်းသိမ်းထားရှိရမည့် မှတ်တမ်းစာရင်းဇယားတွင် ပါဝင်သည့် အဆောက်အအုံများ မဟုတ်သဖြင့် ပြုပြင်မွမ်းမံပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **ဆရာ၊ ဆရာမ လိုအပ်ချက်အတွက် ပညာရေးတက္ကသိုလ်ဆင်းနှင့် ပညာရေးကောလိပ်ဆင်းများကို ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ပညာရေးတက္ကသိုလ်များမှ သင်တန်းဆင်းဆရာ ဆရာမများနှင့် ပညာရေးကောလိပ်များမှ သင်တန်းဆင်းဆရာ ဆရာမများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခန့်ထားပေးပြီးဖြစ်ပါကြောင်း၊ ခန့်ထားပေးရာတွင် ပညာရေးတက္ကသိုလ်များမှ ဆရာ ဆရာမပေါင်း ၄၈၂ ဦး၊ ပညာရေးကောလိပ်များမှ ဆရာ ဆရာမပေါင်း ၉၉၅၃ ဦး စုစုပေါင်း ၁၀၄၃၅ ဦး ခန့်ထားပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ပညာရေးတက္ကသိုလ်များမှ B.Ed သင်တန်းဆင်း ၁၀၆ ဦး၊ ပညာရေးကောလိပ်များမှ DTEd သင်တန်းဆင်း ၁၃၇ ဦးနှင့် PPTT သင်တန်းဆင်း ၃၇၈ ဦး စုစုပေါင်း ၆၂၁ ဦးခန့်ထားပေးပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး



ဒေါ်စန်းစန်းအိ
မိုးညှင်းမဲဆန္ဒနယ်

မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ၏ **မိုးညှင်းမြို့ ဒီဂရီကောလိပ်၏ ကျောင်းဝင်းမြေနေရာကို အကျယ်အဝန်းပြန်လည် တိုင်းတာသတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မိုးညှင်းဒီဂရီကောလိပ်မြေပိုင်အဖြစ် (လန-၃၉)ရရှိပြီး နောက်ပိုင်း ယခင်နှစ်များက မိုးညှင်းမြို့နယ် ထန်းတပင်ရွာသားများမှ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြကြောင်း၊ ကောလိပ်မြေကို ခြံစည်းရိုးကာရံလိုက်သည့်အခါတွင် ရွာသူ၊ ရွာသားများသွားလာမှု အဆင်ပြေစေရန်အတွက် ကောလိပ်ပိုင်မြေအတွင်း လမ်းဖောက်လုပ်ပေးခဲ့ရာတွင် လမ်း၏မြောက်ဘက်ပိုင်းတွင်ရှိသည့် မြေများကို ရွာသူ၊ ရွာသားအချို့မှ အတင်းအဓမ္မဝင်ရောက် ကျူးကျော်လုပ်ကိုင်ခဲ့သည်ကို သိရှိရပါကြောင်း၊ မိုးညှင်းမြို့နယ် ထန်းတပင်ကျေးရွာနေ ဒေါ်ခင်အုန်းတင့်အပါ ၁၃ ဦးမှ ပြည်နယ်လယ်မြေများနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီထံသို့ တင်ပြမှုအရ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး၊ မြို့နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ၊ ရွာသစ်ကုန်းကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် တိုင်ကြားသူများကိုယ်တိုင်လိုက်ပါပြီး မိုးညှင်းဒီဂရီကောလိပ်ကျောင်းဝင်းမြေကို စနစ်တကျစိစစ်လိုက်သည့်အခါတွင် ဧက ၂၁၀ ထက်ကျော်လွန်မှုမရှိသည်ကို သိရှိရပါကြောင်း။

မိုးညှင်းဒီဂရီကောလိပ် မြေနေရာကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ၊ ရွာသစ်ကုန်းကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ဒေသခံတောင်သူများ ပါဝင်သည့်အဖွဲ့နှင့် စနစ်တကျကွင်းဆင်းစစ်ဆေးတိုင်းတာပြီးဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၏ **ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ တက္ကသိုလ် လေ့လော်အသင်းပိုင် အဆောက်အအုံကို ငှားရမ်းထားခြင်းမှ ရုပ်သိမ်းရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၏ **ဗန်းမော်မြို့နယ် နည်းပညာတက္ကသိုလ်ရှိ အစိုးရပိုင်ကျောင်းအဆောင်များ ရေ၊ မီးအစုံရရှိပြီး ကျောင်းသား ကျောင်းသူများ ကျောင်းပြင်ပ ပညာလေ့လာနိုင်ရန်အတွက် Wi-Fi တပ်ဆင်ထုတ်လွှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင်(ခ) ဦးဒီလုံး၏ **ရှမ်းပြည်နယ်အတွင်း လျှပ်စစ်မီးလင်းရေးဆောင်ရွက်ရာတွင် ၃၃ ကေဗွီလိုင်း နှစ်မိုင်နှင့် ငါးမိုင်အတွင်းတွင် တည်ရှိသော လွယ်ကျန့်ကျေးရွာ၊ တွန်တီးကျေးရွာ၊ ပုတ်ပြန်ကျေးရွာ၊ လွိုင်ဖွီးကျေးရွာ၊ နမ့်ကျုတ်ကျေးရွာ၊ ဝမ်လုံကျေးရွာနှင့် ဟိုက်ဖတ်ကျေးရွာများအား NEP နှင့် KFW စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ **မင်းတုန်းမြို့နယ် မြို့နယ်လျှပ်စစ်မှုရုံးတွင် အမှန်တကယ် လိုအပ်နေသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၏ **ဖောင်းပြင်မြို့နယ်အား ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ပင်လည်ဘူးမြို့နယ်မှ ဓာတ်အားလိုင်းသွယ်တန်း၍ ဓာတ်အားပို့လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က ရှင်းလင်းဖြေကြားကြသည်။

**မွေးကြူဇင်(သတင်းစဉ်)**

# မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များသို့ တာဝန်ရှိသူများ စဉ်ဆက်မပြတ်သွားရောက်၍ ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၅၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိအမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မြန်မာ့မီးရထား တိုင်းအမှတ်(၉) နယ်မြေအတွင်းရှိ ပျက်စီးနေသော မီးရထားကုန်ရုံလမ်းအား ယခုဘဏ္ဍာနှစ်အတွင်း ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မြန်မာ့မီးရထား၊ တိုင်းအမှတ်(၉)နယ်မြေ ဟင်္သာတဘူတာယာဒ်ဝင်းအတွင်းရှိ ကုန်ရုံလမ်းသည် ၂၆၃၆ပေ ရှည်လျားပါကြောင်း၊ ကုန်ရုံလမ်း၏ တစ်ဖက်တစ်ချက်တွင် ဘူတာဈေး၊ ယခင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသော မြန်မာ့မီးရထားပိုင် ဆိုင်ခန်းများနှင့် ဝန်ထမ်းလိုင်းခန်းများ တည်ရှိပါကြောင်း၊ ဟင်္သာတဘူတာ၌ ယခင်က ဆန်၊ ဘိလပ်မြေနှင့် ခြံထွက်သီးနှံများကို အဓိကထားပြီး မီးရထားဖြင့် သယ်ယူပို့ဆောင်ရာတွင် အဆိုပါလမ်းကို အသုံးပြုခဲ့ပါကြောင်း၊ ကုန်ရုံမှာ လွန်ခဲ့သော နှစ် ၂၀ ခန့်ကတည်းက တွဲလုံးပြည့်ကုန်တင်၊ ကုန်ချလုပ်ငန်းများ မရှိတော့ပါသဖြင့် ယင်းကုန်ရုံကို MIC ၏ ခွင့်ပြုချက်ဖြင့် ဆိုင်ခန်းများအဖြစ် မြန်မာ့မီးရထားမှ အငှားချထားပြီးဖြစ်ပါကြောင်း။

လက်ရှိ ဘူတာဆိုင်ခန်းပိုင်ရှင်များ၊ ဆန်ပွဲရုံပိုင်ရှင်များကသာ ၎င်းတို့ပိုင် ကုန်တင်ကားများဖြင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင် အဆိုပါကုန်ရုံလမ်းအား အသုံးပြုလျက်ရှိသောကြောင့် ချိုင့်ခွက်များဖြင့် ယိုယွင်းပျက်စီးလျက်ရှိပါကြောင်း၊ ကုန်ရုံလမ်းတွင် လက်ရှိပေါက်ပြဲနေသော ချိုင့်ခွက်များကို ပြန်လည်ပြုပြင်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၉ ဒသမ ၆၇ သန်းကုန်ကျမည်ဖြစ်ပါကြောင်း၊ ကုန်ရုံလမ်းအတွင်း ကားများဝင်/ထွက် သွားလာမှု အဆင်ပြေစေရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပွင့်လင်းရာသီတွင် ပေါက်ပြဲနေသော ချိုင့်ခွက်များ ပြန်လည်ပြုပြင်ခြင်းကို မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာန သာမန်အသုံးစရိတ် ရန်ပုံငွေမှကျခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် နှစ်စဉ်ခွဲဝေရရှိသော ရန်ပုံငွေဖြင့် ခရီးသည်နှင့် ကုန်စည်ရထားများ ဘေးကင်းလုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားလမ်းပိုင်းနှင့် တံတားများအဆင့်မြှင့်တင်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အဓိကဦးစားပေးဆောင်ရွက်နေရပါသဖြင့် ရထားလုပ်ငန်းအတွက် အသုံးပြုခြင်းမရှိတော့သည့် ဟင်္သာတမြို့ မီးရထားကွန်ကရစ်လမ်းအား ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် သွားလာမှုကောင်းမွန်စေရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အလယ်ဖရုံကာကျွန်း ပိန်နဲချောင်းအုပ်စု မညှင်းကိုင်းကျေးရွာရှိ ဟောင်းနွမ်းပျက်စီးနေသော သစ်သားတံတားကို RC ကွန်ကရစ်တံတားသစ်အဖြစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပေါက်တောမြို့နယ် အလယ်ဖရုံကာကျွန်း ပိန်နဲချောင်းအုပ်စု မညှင်းကိုင်းကျေးရွာရှိ ဟောင်းနွမ်းပျက်စီးနေသော သစ်သားတံတားသည် မြင့်ဂါ-ဖဒူလမ်းမှ မညှင်းကိုင်းကျေးရွာသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်မြေသားလမ်းပေါ်တွင် တည်ရှိပါကြောင်း၊ မြင့်ဂါ-ဖဒူလမ်းမှ မညှင်းကိုင်းကျေးရွာသို့ ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်မည်ဆိုပါက လယ်ယာမြေများကို ဖြတ်သန်းဖောက်လုပ်ရမည်ဖြစ်ပြီး ထိခိုက်နစ်နာမှုများ ရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် လယ်ကန်သင်းပေါင်မှ သွားလာရသော လူသွားလမ်းကြောင်းအဆင့်သာရှိပြီး သစ်သားတံတားမှာ ဟောင်းနွမ်းပျက်စီးနေပြီ ဖြစ်ပါကြောင်း၊ အဆိုပါလမ်းသည် အရှည် သုံးမိုင်ခန့်ရှိပြီး မညှင်းကိုင်းကျေးရွာအဝင် သံကူကွန်ကရစ်တံတားအပြင် Box Culvert ငါးစင်းနှင့် ကွန်ကရစ်တံတား နှစ်စင်းတို့အား ထည့်သွင်းတည်ဆောက်ရမည်ဖြစ်ပါကြောင်း။

မညှင်းကိုင်းကျေးရွာရှိ သစ်သားတံတားကို RC ကွန်ကရစ်တံတားသစ်အဖြစ် တည်ဆောက်ခြင်းလုပ်ငန်းမှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲထားကြောင်း သိရှိရပြီး Master Plan ၁၅ နှစ် စီမံကိန်းအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြင့်ဂါ-ဖဒူလမ်းမှ မညှင်းကိုင်းကျေးရွာဆက် မြေသားလမ်း သုံးမိုင်အား ထည့်သွင်းရေးဆွဲထားရှိပါကြောင်း ဖြေကြားသည်။



ဦးခင်မောင်လတ်
ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)



ဦးကြည်ဝင်း
ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်းက အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့အနေဖြင့် အကြမ်းဖက်ဥပဒေပုဒ်မ ၆(င)အရ အကြမ်းဖက်အဖွဲ့အဖြစ် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ အကြမ်းဖက်မှုကို သတ်မှတ်ကြေညာပြီးဖြစ်ပါကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ (၁၅) အရ အပြည်ပြည်ဆိုင်ရာဥပဒေအဖွဲ့၊ အကြမ်းဖက်တိုက်ဖျက်မှုဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် ညှိနှိုင်းဆောင်ရွက်နေပါကြောင်း။

မိမိတို့ ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခန့်အပ်တာဝန် ပေးလိုက်သော ပြည်ထောင်စုအစိုးရနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ရခိုင်ပြည်နယ် ပြည်သူများအတွက် ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ အဆိုရှင်၏ ဆန္ဒနှင့်ညီညွတ်ဆီလျော်သည်ဟု တင်ပြလိုပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်တို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မောင်တောဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူများကို ရာဇသတ်ကြီးဥပဒေနှင့် အထူးဥပဒေများတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုများဖြင့် အမှုဖွင့်အရေးယူ စုံစမ်းစစ်ဆေးပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ

*စာမျက်နှာ ၈ သို့*

***အမျိုးသားလွှတ်တော်မှ***

သက်ဆိုင်ရာ ဥပဒေရုံးများသို့ ဥပဒေအကြံပြုချက်တောင်းခံခြင်း၊ ဥပဒေရုံးများ၏ အကြံပြုချက်နှင့်အညီ သက်ဆိုင်ရာ တရားရုံးများသို့ တရားစွဲတင်ခြင်းဖြင့် ပြစ်မှုကျူးလွန်သူများကို ထိုက်သင့်သည့် ပြစ်ဒဏ်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြစ်စဉ် စတင်ဖြစ်ပွားသည့် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်မှ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၆ ရက်အထိ စုစုပေါင်း ၄၆၆ မှု ဖမ်းဆီးအရေးယူခဲ့ပြီး တရားရုံးစစ်ဆေးပြီး ၁၁၆ မှု၊ တရားရုံး စစ်ဆေးဆဲ ၁၄၇ မှု၊ ရဲစစ်ဆေးဆဲ အမှု ၁၈၀ နှင့် ပိတ်သိမ်းမှု ၂၃ မှုတို့ ဖြစ်ပါကြောင်း။

မောင်တောခရိုင်အတွင်း နိုင်ငံတော်အစိုးရအနေဖြင့် တည်ဆဲဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသည်ကို အခွင့်ကောင်းယူကာ အစွန်းရောက်အကြမ်းဖက်များက အကြမ်းဖက်လုပ်ရပ်များကို တိုးမြှင့်ဆောင်ရွက်လာသည့်အတွက် အကြမ်းဖက်သမားများနှင့် ယင်းအကြမ်းဖက်သမားများအတွက် တာဝန်ရှိသော Arakan Rohingya Salvation Army (ARSA) တို့ကို ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်အုပ်စုဖြစ်သည်ဟု အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကြေညာခဲ့ပြီးဖြစ်ပါကြောင်း။

တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ လုံခြုံရေးအင်အားများ တိုးမြှင့်ချထားပြီး ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ဖော်ဆောင်လျက်ရှိသကဲ့သို့ ဒေသခံတိုင်းရင်းသားကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်လက်ရပ်တည်နိုင်ရေးအတွက်လည်း ရခိုင်ပြည်နယ်ရှိ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်များသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ စဉ်ဆက်မပြတ်သွားရောက်၍ ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်နေသကဲ့သို့ ဒေသအတွင်း လက်ရှိအခြေအနေများအရ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စစ်တွေခရိုင်နှင့် မောင်တောခရိုင်အတွင်းရှိ ဆက်စပ်သောလမ်း၊ တံတားများနှင့် မေယုတောင်ကြော အရှေ့အနောက်ဆက်သွယ်သည့် တောင်ကျော်လမ်းများ၊ လမ်းကွန်ရက်များကိုလည်း ဦးစားပေးလုပ်ဆောင်လျက်ရှိသည့်အပြင် လျှပ်စစ်ဓာတ်အားမရရှိသေးသည့် မြို့ရွာများသို့ နိုင်ငံတော် လျှပ်စစ်ဓာတ်အားပေးစနစ်မှ ရယူဖြန့်ဖြူးပေးနိုင်ရန်အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးယန္တရားကောင်းမွန်စွာလည်ပတ်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည်အစီအမံများဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိသည့်အပြင် လတ်တလော နေရပ်စွန့်ခွာနေကြရသူများ၏ လုံခြုံရေးနှင့် ရေရှည်ရပ်တည် နေထိုင်နိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

အစွန်းရောက်အကြမ်းဖက်သမားများနှင့် အားပေးကူညီသူများကို အကြမ်းဖက်ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်သည့် ဒေသများတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ (ညမထွက်ရအမိန့်)ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံတိုင်းရင်းသားများကို အကာအကွယ်ပေးနိုင်ရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ လုံခြုံရေးအင်အားများ တိုးမြှင့်ချထားဆောင်ရွက်ပေးလျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုအားအတည်ပြုသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၁၈၇ မဲ၊ ကန့်ကွက်မဲ တစ်မဲ၊ ကြားနေမဲ သုံးမဲဖြင့် ထောက်ခံမဲများသည့်အတွက် ဦးခင်မောင်လတ်၏ အဆိုကိုအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၅၃ ရက်မြောက်နေ့ကို ဩဂုတ် ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ မီမီဖြိုး**

# မောင်တောမြို့နယ်အတွင်းရှိ မင်းကြီးနှင့် တမန်းသားကျေးရွာများမှ ဒေသခံတိုင်းရင်းသားများအား စားနပ်ရိက္ခာများထောက်ပံ့ပေးအပ်

**စစ်တွေ ဩဂုတ် ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် မောင်တောမြို့နယ်အတွင်းရှိ မင်းကြီးရွာနှင့် တမန်းသားကျေးရွာများမှ ဒေသခံတိုင်းရင်းသားများထံ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး လိုအပ်သောစားနပ်ရိက္ခာများကို ကူညီထောက်ပံ့ပေးအပ်ခဲ့သည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်းကြီးရွာသို့ ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံကာ ဒေသခံပြည်သူများ၏ လုံခြုံရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိပြီး စားဝတ်နေရေးအတွက် ရိက္ခာများကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယခုလာရောက်ရသည့် ရည်ရွယ်ချက်မှာ ပြည်သူများဘေးကင်းလုံခြုံရန်နှင့် ပို၍ဘေးကင်းလုံခြုံသောနည်းလမ်းများကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း၊ လတ်တလော စားဝတ်နေရေးအတွက် နှစ်လစာရိက္ခာများကို ကြိုတင်စီစဉ်ထားရှိပါကြောင်း၊ ကျန်းမာရေးအတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တမန်းသားကျေးရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဒေသခံပြည်သူများအနေဖြင့် လုံခြုံရေး၊ ကျန်းမာရေးကိစ္စများနှင့်ပတ်သက်၍ အရေးပေါ် ပေါ်ပေါက်လာပါက ဆက်သွယ်ရန် ဖုန်းနံပါတ်များကို စီစဉ်ပေးခြင်းနှင့် ကျန်းမာရေးနှင့် စားဝတ်နေရေးအတွက် တင်ပြလာသည့် အခက်အခဲများကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် သွားရောက်ခဲ့သည့် မောင်တောမြို့နယ်အတွင်းရှိ မင်းကြီးကျေးရွာနှင့် တမန်းသားကျေးရွာရှိ ဒေသခံတိုင်းရင်းသားများအတွက် ခေါက်ဆွဲခြောက်၊ ငါးနီတူခြောက်များကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ဆက်လက်၍လည်း ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်တို့ ဦးဆောင်သောအဖွဲ့သည် တရိန်းကျေးရွာ၊ ရန်အောင်မြင်ကျေးရွာ၊ ကျောက်ပန္နူကျေးရွာများသို့ သွားရောက်ကာ ပြည်သူများကို တွေ့ဆုံအားပေးပြီး စားနပ်ရိက္ခာနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ကျောက်ပန္နူကျေးရွာမှ မီးဖွားပြီးခါစ သွေးအားနည်းလျက်ရှိသော မိခင်နှင့်ရင်သွေးငယ်၊ နေမကောင်းဖြစ်နေသော ခြောက်လသားကလေးငယ်နှင့် မိခင်တို့အား ရဟတ်ယာဉ်ဖြင့် စစ်တွေသို့ ခေါ်ဆောင်လာခဲ့ပြီး လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် စစ်တွေဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ပေးခဲ့သည်။ အဆိုပါမိခင်နှင့် ကလေးငယ်တို့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ၎င်းတို့အတွက်လိုအပ်သော လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နေရပ်စွန့်ခွာ တိမ်းရှောင်နေကြသော ရခိုင်သွေးချင်းများအတွက် သီပေါမှ စေတနာရှင်များက စားသောက်ဖွယ်ရာများပေးပို့လှူဒါန်း

**သီပေါ ဩဂုတ် ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေကြသော ရခိုင်သွေးချင်းတိုင်းရင်းသားများအား ကူညီထောက်ပံ့ရန် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ နယ်စည်းမခြားပရဟိတအဖွဲ့၏စီစဉ်ဆောင်ရွက်မှုဖြင့် သီပေါမြို့လယ် ဓမ္မာရုံကြီးအနီး၌ ဩဂုတ် ၃၀ ရက်မှစပြီး အလှူခံမဏ္ဍပ်ဖွင့်လှစ်ထားရာ ဒေသခံ စေတနာရှင်ပြည်သူများက ဆန်၊ ဆီ၊ ဆေး၊ ဆားနှင့် ခေါက်ဆွဲခြောက်များ၊ ငါးပိဘူး၊ ငါးသေတ္တာဘူးများနှင့်အလှူငွေများ လာရောက်လှူဒါန်းကြသည်။

နေ့လယ်ပိုင်းတွင်လည်း ဗိုလ်မှူးနိုင်လင်းထွန်း၊ ဒေါ်စံပယ်မိသားစုတို့က အသင့်စားခေါက်ဆွဲခြောက် သုံးဖာနှင့် အလှူငွေများကို နယ်စည်းမခြား(သီပေါ)ပရဟိတဥက္ကဋ္ဌ ဦးကိုမျိုးထံ ပေးအပ်လှူဒါန်းသွားကြောင်း သိရသည်။ **စိုင်း(သီပေါ)**




## သရက်မြို့နယ် ရေဘေးသင့်ပြည်သူများအား ယူပီဂျီအိမ်သုတ်ဆေးကုမ္ပဏီမှ ငွေနှင့်ပစ္စည်းများလှူဒါန်း

**သရက် ဩဂုတ် ၃၀**

သရက်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာတချို့၌ ရောဝတီမြစ်ရေ ဒုတိယအကြိမ် ဝင်ရောက်မှုကြောင့် ဩဂုတ် ၂၅ ရက်မှ ၂၇ ရက်အထိ ယာယီပြောင်းရွှေ့နေထိုင်ကြရသည့် ရေဘေးရှောင်ပြည်သူများအတွက် ယူပီဂျီအိမ်သုတ်ဆေးကုမ္ပဏီမှ လှူဒါန်းပွဲကို ဩဂုတ် ၂၉ ရက်က သရက်ခရိုင် ပြန်/ဆက်ရုံး၌ ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် သရက်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းဇော်က အမှာစကားပြောကြားပြီး အလှူရှင် ယူပီဂျီအိမ်သုတ်ဆေး ကုမ္ပဏီမှ အက်မင်မန်နေဂျာ ဒေါ်မူမူမြင့်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

သရက်မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများမှရေဘေးရှောင်ပြည်သူများမှာ ရေပေါက်ချွန်းကျေးရွာ၊ ကျနီးကျေးရွာ၊ တောင်မင်းတည်းရပ်ကွက်၊ ထုံးတောင်ကျေးရွာ၊ ပိဿလိမ်းကျေးရွာ၊ ဆင်သေကျေးရွာ၊ ပြရေကျေးရွာ၊ စမ်းအိုင့်ကျေးရွာတို့မှ စုစုပေါင်းအိမ်ထောင်စု ၄၆၅ စု၊ လူဦးရေ ၁၈၉၁ ဦးအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သောင်းနှင့် ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်၊ မိုးကာစ၊ ရေသန့်ဘူးအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၉၅၃၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **ပေါက်ကလေး(သရက်)**



# ပျက်ကျ Y-8 လေယာဉ်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၃၀**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့်ပုံရိပ်များအပေါ်မူတည်၍ လေယာဉ်အမြီးပိုင်းရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေနှစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေမှုများမှ လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပန်းတောင်းမြို့နယ်၌ ရေဘေးသင့်သူများအား ထောက်ပံ့ငွေများပေးအပ်

**ပန်းတောင်း ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်မြို့ပေါ်တော်မူ(ရှင်ဖြူ) ဘုရားကြီးဓမ္မာရုံ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးရုံးမှ ရေဘေးသင့်သူများအား ဩဂုတ် ၂၉ ရက်က ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဝန်ထမ်းများတက်ရောက်ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူးရုံးမှ ထောက်ပံ့သောရေဘေးသင့်သူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် လူဦးရေ ၆၉၀၆ ဦးအတွက် ငွေကျပ် ၁၄၅၀၂၆၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူးအား လွှဲပြောင်းပေးအပ်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးသည် ဩဂုတ် ၂၂ရက်မှ ၂၉ရက်အထိ ရေဘေးသင့်ပြည်သူများအား စုစုပေါင်းငွေကျပ် ၂၃၄၈၂၉၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပန်းတောင်း)**

# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေး

**မန္တလေး ဩဂုတ် ၃၀**

ချမ်းမြသာစည်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစံသူနှင့်အဖွဲ့သည် ဩဂုတ် ၂၈ ရက်က အမရပူရမြို့နယ် ကြည့်မြင့်တိုင်ကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၃၆၅ စု၊ လူဦးရေ ၆၀၀ အတွက် ရေသန့် ၁၄၃ ကတ်၊ ခေါက်ဆွဲခြောက် ၇၅ ဖာ၊ ကော်ဖီမစ်အထုပ်ကြီး ငါးထုပ်၊ မုန့်မျိုးစုံ နှစ်ထုပ်၊ ဆန်တစ်အိတ် (စုစုပေါင်းတန်ဖိုးငွေကျပ် ၇၃၃၈၀၀)အား သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်

**နေပြည်တော် သြဂုတ် ၃၀**

ရခိုင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေများနှင့် လူသုံးကုန်ပစ္စည်းများကို ယနေ့တွင် ရန်ကုန်လေဆိပ် ဧည့်ခန်းမဆောင်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းငွေများကို ရခိုင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားများ၏ လိုအပ်သော အကူအညီထောက်ပံ့မှုများတွင် ထိရောက်အကျိုးရှိစွာ အသုံးပြုသွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စေတနာရှင်၊ လုပ်ငန်းရှင်များက အလှူငွေကျပ် သိန်း ၄၀၀၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များက အလှူငွေကျပ် သိန်း ၃၀၀ နှင့် ငွေကျပ် ၂၆၂ သိန်း တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျောင်းသားကျောင်းသူဟောင်းများအသင်းက အလှူငွေကျပ်သိန်း ၁၀၀၊ ဝိသာခါ ဖောင်ဒေးရှင်းက အလှူငွေကျပ် သိန်း ၁၀၀၊ ဦးလှသက်မောင်-ပါမောက္ခ ဒေါက်တာဌေးဌေးတင်က ငွေကျပ် သိန်း ၂၀ နှင့် ဒေါက်တာနွေ့နွေ့အောင်က ငွေကျပ် သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် ဒေသခံတိုင်းရင်းသားများအတွက် စားနပ်ရိက္ခာများထောက်ပံ့



**တောင်ပြိုလက်ဝဲ သြဂုတ် ၃၀**

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် လာရောက်ခိုလှုံနေသော ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့လှူဒါန်းသော အရေးပေါ်လိုအပ်သည့် စားနပ်ရိက္ခာများကို ယနေ့ဖြန့်ဝေထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အကြမ်းဖက်မှုတွေကြောင့် စားဝတ်နေရေး အခက်အခဲဖြစ်နေကြတဲ့ တိုင်းရင်းသားတွေအတွက် အမှန်တကယ်လိုအပ်နေတဲ့ ဆန်၊ ဆီ၊ ကုလားပဲနဲ့ ဆားအိတ်တွေကို အခုလိုသွားရောက် ထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်"ဟု တောင်ပြိုလက်ဝဲမြို့ ခေတ္တအုပ်ချုပ်ရေးမှူး ဦးနိုင်လင်းအောင်က ပြောသည်။

မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ၌ ယနေ့ အရေးပေါ်သွားရောက်လှူဒါန်းခဲ့သည့် ပစ္စည်းများမှာ ဆန်အိတ် ၃၀၊ ကုလားပဲ ၁၀ အိတ်၊ ဆီ ၁၀ ပိဿာဝင်ငါးပုံးနှင့် ဆားနှစ်အိတ်တို့ဖြစ်ပြီး ထပ်မံ၍ ဆန်၊ ဆီနှင့် တခြားစားစရာများ ဆက်လက်ထောက်ပံ့ပေးရန် စီစဉ်ထားကြောင်း သိရသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးချုပ်မှ သြဂုတ် ၂၈ ရက်တွင် မောင်တောရှိ ဝန်ထမ်းများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့ပေးခဲ့သည့်အပြင် ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဘူးသီးတောင်မြို့ နေရပ်ရှောင်စခန်းရှိ တိုင်းရင်းသားများအား စားနပ်ရိက္ခာများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ငါးသေတ္တာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်လွင်၊ မင်းထက်အောင်**



# အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်လာသော ဒေသခံတိုင်းရင်းသားများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြောက်ဦး သြဂုတ် ၃၀**

မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် ဒုက္ကန်ချောင်းကျေးရွာသို့ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များမှ သြဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာသော ဒေသခံတိုင်းရင်းသား ပြည်သူများသည် သြဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက ကျောက်တော်မြို့နယ် ဒုက္ကန်ချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံသို့ခိုလှုံရန် ရောက်ရှိလာကြောင်း သိရသည်။

ထိုသို့ မောင်တောခရိုင်အတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏အကြမ်းဖက်မှုကြောင့်နေရပ်စွန့်ခွာလာသော ဘူးသီးတောင်မြို့နယ် ဇင်းခမတောင်မော်ကျေးရွာမှ အိမ်ထောင်စု ၂၀ မှ အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၅၂ ဦးနှင့် သိမ်းတောင်ပြင်ကျေးရွာမှ အိမ်ထောင်စုနှစ်စုမှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း အိမ်ထောင်စု ၂၂ စုမှ လူဦးရေ ၇၉ ဦးတို့ နေရပ်စွန့်ခွာရောက်ရှိလာရာ မြောက်ဦးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ နေရပ်စွန့်ခွာထွက်ပြေးလာသော ဒေသခံတိုင်းရင်းသားများကို ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပေးအပ်ခဲ့သည်။

ထို့နောက် ထောက်ပံ့ရေးပစ္စည်းများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချို၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမိုးနွယ်နှင့် ကျောက်တော်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်တို့က ထောက်ပံ့ရေးပစ္စည်း ၁၀ မျိုးဖြစ်သော ကျားလုံချည်၊ မလုံချည်၊ စောင်၊ တဘက်၊ ဒန်အိုး၊ ဇလုံ၊ တီရှပ်၊ ဆပ်ပြာ၊ ခြင်ထောင်နှင့် ပလတ်စတစ်ပုံးတို့ကို အိမ်ထောင်စု ၂၂ စုထံ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာသော ဒေသခံတိုင်းရင်းသားများကို ခရိုင်အုပ်ချုပ်ရေးမှူးက အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# အကြမ်းဖက်ရန်မှ တိမ်းရှောင်လာသူများအတွက် ဝေဠုကျော်ဖောင်ဒေးရှင်းက ငွေများထောက်ပံ့

**စစ်တွေ သြဂုတ် ၃၀**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ဘေးရန်မှ ခေတ္တတိမ်းရှောင်ကာ ရသေ့တောင်မြို့ပေါ်သို့ ရောက်ရှိနေသော အိမ်ထောင်စုများအား ဝေဠုကျော်ဖောင်ဒေးရှင်းမှ ရုပ်ရှင်မင်းသား ဝေဠုကျော်နှင့် စာရေးဆရာ ဝေဟင်အောင်(စစ်တွေ)တို့ ဦးဆောင်သည့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲက ရသေ့တောင်မြို့သို့ (Golden River) စပိဘုတ်ဖြင့် ရောက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ ရန်ကြောင့် ခေတ္တတိမ်းရှောင်ခိုလှုံလျက်ရှိသည့် တောင်ရင်းတန်းရပ်ကွက်ရှိ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စုခုနစ်စု၊ တောင်ရင်းရပ်ကွက်ရှိ စေတီယင်္ဂဏဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ၃၉ စု၊ တောင်ရင်းတန်းရပ်ကွက်ရှိ ဇော်တိပါလ ဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ခုနစ်စု၊ အရှေ့မြောက်ရပ်ကွက်ရှိ ဧညဝတီ ဘုန်းတော်ကြီးကျောင်း ၌ အိမ်ထောင်စု ၁၄ စု၊ မြို့မအထက(၁)စာသင်ကျောင်းအဆောင်၌ အိမ်ထောင်စု ၇၄ စု၊ စုစုပေါင်း အိမ်ထောင်စု ၁၄၁ စုအတွက် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၁၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၄၁၀၀၀၀ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။



**(ပြည်နယ် ပြန်/ဆက်)**

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေ

**နေပြည်တော် သြဂုတ် ၃၀**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

# ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချ

**ရန်ကုန် သြဂုတ် ၃၀**

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ပြုလုပ်သည်။ **(ယာပုံ)**

အဆိုပါ ဆန့်ကျင်ရှုတ်ချပွဲတွင် မစ္စတာကိုဖီအာနန် ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ် အစီရင်ခံစာအား ကန့်ကွက်မှုနှင့်အတူ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဆန့်ကျင်ရှုတ်ချမှုစာသားများ ရေးသားထားသည့် ဗီနိုင်းများကိုကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ကြသည်။

ထို့နောက် တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ လုပ်ရပ်ကြောင့် နိုင်ငံတော်အချုပ်အခြာအာဏာအားကာကွယ်ရင်း အသက်ပေးလှူသွားခဲ့ရသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တိုင်းရင်းသားလူမျိုးစုများအတွက် ဝမ်းနည်းသည့် အထိမ်းအမှတ်အဖြစ် နှစ်မိနစ်ငြိမ်သက်ခြင်း၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများနှင့် ပတ်သက်၍ ဟောပြောခြင်းများ ပြုလုပ်ကြပြီး အချက် ခုနစ်ချက်ပါသည့် သဘောထား ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံတိုင်းရင်းသားများ နေရပ်စွန့်ခွာတိမ်းရှောင်နေရ

နေပြည်တော် သြဂုတ် ၃၀

**ARSA အစွန်းရောက်အကြမ်းဖက်သမားများက မိုင်းထောင်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးမှုများ ဆက်လက်လုပ်ဆောင်နေမှုကြောင့် ဒေသခံ ဒိုင်းနက်၊ သက်၊ မြိုတိုင်းရင်းသားများမှာ နီးစပ်ရာလုံခြုံရေးကင်းစခန်းများသို့ ပြောင်းရွှေ့လျက်ရှိရာ တာဝန်ရှိသူများက တွေ့ဆုံအားပေးပြီး ရိက္ခာနှင့် အသုံးအဆောင်များ ထောက်ပံ့ပေးလျက်ရှိသည်။**

မောင်တောမြို့နယ် ပဒကားရွာသစ် ခုံတိုင်(မြို)တိုင်းရင်းသားကျေးရွာကို သြဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက ARSA အစွန်းရောက်အကြမ်းဖက်သမား ၄၀၀ ကျော်ခန့်က မီးရှို့ဖျက်ဆီးပြီး ဝိုင်းဝန်းတိုက်ခိုက်ရာ မြိုတိုင်းရင်းသား အမျိုးသား သုံးဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်း ခုနစ်ဦး သေဆုံး၊ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ငါးဦး ဒဏ်ရာရရှိကာ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း သုံးဦး ပျောက်ဆုံးလျက်ရှိပြီး ကျန်ကျေးရွာသားများမှာ မေယုတောင်ပေါ်သို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း။

အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မြိုတိုင်းရင်းသားများနေထိုင်သော လောင်းဒုံရွာမှ အိမ်ထောင်စု ၃၉ စု၊ လူဦးရေ ၁၇၅ ဦးတို့သည် ဘုန်းတော်ကြီးကျောင်းတစ်ခုသို့ ပြောင်းရွှေ့ရောက်ရှိလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တည်းခိုနေထိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် သြဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် မောင်တောမြို့ ရပ်ကွက်(၃)ရှိ နေအိမ်များကို မီးရှို့ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ပြီး မီးလောင်မှုကြောင့် နေအိမ် ၂၂ လုံး မီးလောင်ကျွမ်းခဲ့ကြောင်း။

မောင်တောမြို့ မြို့မကညင်တန်းရပ်ကွက်ရှိ ခရိုင်အုပ်ချုပ်ရေးမှူးရုံး၏ အနောက်ဘက် ခြံစည်းရိုးအပြင်ဘက်၌ ယနေ့ညနေ ၃ နာရီက မသင်္ကာဖွယ် သွားလာလှုပ်ရှားမှုကို တွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် အကြမ်းဖက်သမားတစ်ဦးက မီးကွင်းပစ်ရန် ဓာတ်ဆီဆွတ်ထားသည့် အဝတ်စထုပ်ကို ဝါးတုတ်ဖြင့် တွဲချည်ထားသော လောင်စာတစ်ခုနှင့် ကြွပ်ကြွပ်အိတ်တစ်လုံးအတွင်းမှ ဓာတ်ဆီဆွတ်ထားသည့် အဝတ်စထုပ်ကို ပစ်ချပြီးထွက်ပြေးသွားကြောင်း။

အဆိုပါ နေရာအနီးတစ်ဝိုက်ရှိ နေအိမ်တစ်လုံး၏ အောက်ထပ်တွင် အကျယ် ရှစ်ပေ၊ အနံ လေးပေ၊ အနက် သုံးပေခန့်ရှိ ကတုတ်ကျင်း နှစ်ကျင်း၊ ရှော့တိုက်မိုင်းဆွဲရန်အတွက် မြေကြီးအောက်၌ မြှုပ်နှံထားသော အရှည် ပေ ၂၀၀ ခန့်ရှိ ဝိုင်ယာကြိုး တစ်ချောင်း၊ ပစ်ခတ်ရန် ကြိုတင်စီမံထားသည့် လက်လုပ်ပုလင်းမိုင်း သုံးလုံးတို့ကို တွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းလျက်ရှိကြောင်း။

ARSA အစွန်းရောက်အကြမ်းဖက်သမားများက နယ်မြေ(၈) အလယ်သံကျော်ကျေးရွာအုပ်စု အထက်ကမ်းပိုင်ကြီးကျေးရွာ (ဘင်္ဂါလီရွာ)နှင့် လောင်းဒုံစခန်းရှေ့ စေတီပြင်ရွာ (ဘင်္ဂါလီ) ရွာတို့ကို မီးရှို့ထွက်ပြေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြုလုပ်သည့်ပုံစံကဲ့သို့ အထင်အမြင်မှားစေရန် လုပ်ဆောင်ခဲ့ကြောင်း။

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ပြီး ယင်းနေရာအနီးရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးလျက်ရှိရာ ထိုသို့ နေအိမ်များ မီးလောင်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အနီးအနားရှိ ပြည်သူများက မီးငြိမ်းသတ်ရန် လာရောက်ချိန်တွင် မိုင်းများကွဲပြီး ထိခိုက်သေကျေ ပျက်စီးစေရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုလုပ်ရပ်များကြောင့် ဒေသခံ ဒိုင်းနက်၊ သက်၊ မြိုတိုင်းရင်းသားများသည် နီးစပ်ရာ လုံခြုံရေးကင်းစခန်းများသို့ ပြောင်းရွှေ့လျက်ရှိရာ ယနေ့တွင် MI 17 ရဟတ်ယာဉ်များဖြင့် ကြိမ်ချောင်း၊ တောင်ပြို၊ ခမောင်းဆိပ်ကျေးရွာများသို့ ရိက္ခာများ ပို့ဆောင်ပေးခဲ့ပြီး သြဂုတ် ၃၁ ရက်တွင် အခြားနေရာများသို့ ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း။

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ကျောက်တော်မြို့နယ်၊ ဒုက္ကံချောင်းကျေးရွာ ဘုန်းတော်ကြီးဓမ္မာရုံတွင် ရောက်ရှိနေကြသည့် ဘူးသီးတောင်မြို့နယ်မှ ထွက်ပြေးတိမ်းရှောင်လာသော ဒိုင်းနက်လူမျိုး ၆၉ ဦးကို ကျောက်တော်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သြဂုတ် ၂၈ ရက် နံနက်ပိုင်းက တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်အိတ် ၂၀၊ အဝတ်အထည် လေးထုပ်၊ ခြင်ထောင် ၂၂ လုံး ၊ ပုဆိုး၊ ထဘီ၊ ပန်းကန်နှင့် မီးဖိုချောင်သုံးပစ္စည်းများကို အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း။



ARSA အစွန်းရောက် အကြမ်းဖက် သမားများ၏ လက်လုပ် ပုလင်းမိုင်း



သြဂုတ် ၂၅ ရက်မှ ၂၉ ရက်အထိ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တပ်မတော်သား တစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၁ ဦး၊ လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း တစ်ဦး စုစုပေါင်း ၁၃ ဦး သေဆုံးခဲ့ရပြီး ဟိန္ဒူလူမျိုး ခုနစ်ဦး၊ ဒိုင်းနက်လူမျိုး ငါးဦး သေဆုံးခဲ့ကာ တပ်မတော်သား တစ်ဦးနှင့် လက်နက်ငယ် တစ်လက် ပျောက်ဆုံးလျက်ရှိ၍ ရဲတပ်ဖွဲ့ဝင် ၁၂ ဦး၊ ကျန်းမာရေးဝန်ထမ်း တစ်ဦး၊ နေ့စားဝန်ထမ်း နှစ်ဦး၊ မြိုလူမျိုး တစ်ဦးနှင့် ဒိုင်းနက်လူမျိုး နှစ်ဦး စုစုပေါင်း ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ဘီအေ-၉၄ သေနတ် ငါးလက်၊ ၁၂ ဗို့ သေနတ် နှစ်လက်၊ ပွိုင့် ၃၈ ခြောက်လုံးပြူး တစ်လက်၊ ဘီအေ-၆၃ သေနတ် တစ်လက်၊ အမ်အေ-၁၁ တစ်လက် စုစုပေါင်း လက်နက်ငယ် ၁၀ လက်၊ ၇.၆၂ ကျည်တောင့် ၁၄၀၀၊ ၅.၅၆ ကျည် ၂၅ တောင့်၊ ကျည်အိမ် တစ်ခု၊ အီနာဂါဗုံးသီး ခြောက်လုံး၊ ပလတ်စတစ်ဗုံးသီး ငါးလုံး၊ ဆက်သွယ်ရေးစက် တစ်လုံးနှင့် ကျည်အိမ် တစ်ခုတို့ ဆုံးရှုံးခဲ့ကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များတွင် မော်တော်ယာဉ် နှစ်စီး မီးရှို့ခံရပြီး အကြမ်းဖက်သမားများ၏ လက်လုပ်ဗုံးများနှင့် မိုင်းများဖြင့် တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ် ငါးစီး ပျက်စီးခဲ့ကြောင်း။

အကြမ်းဖက်တိုက်ခိုက်မှုတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် လုပ်သေနတ် လေးလက်၊ တူမီး သေနတ် နှစ်လက်၊ ပွိုင့် ၂၂ သေနတ်တစ်လက်၊ ကျည်မျိုးစုံ ၇၇ တောင့်၊ လုံ ၆၄ ချောင်း၊ ဓား ၂၇ ချောင်း၊ လက်လုပ်မိုင်း ခုနစ်လုံး၊ ဝိုင်ယာကြိုး ခြောက်ထုပ်၊ ဝိုင်ယာကြိုး သုံးခွေ၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၁ ပြား၊ ဆေးဝါးမျိုးစုံ ခုနစ်အိတ်၊ ဆန် နှစ်အိတ်နှင့် လက်ကိုင်စကားပြောစက် တစ်လုံးတို့ သိမ်းဆည်းရရှိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီ၏ ယနေ့ည ၈ နာရီခွဲ ထုတ်ပြန်ချက်အရ သိရသည်။

**(သတင်းစဉ်)**



## ပြည်တွင်း ပြည်ပမီဒီယာများပါဝင်သော သတင်းအဖွဲ့ မောင်တောမြို့အတွင်း လှည့်လည်သတင်းယူ

**စစ်တွေ သြဂုတ် ၃၀**

ပြည်တွင်း ပြည်ပမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ အမြန်ရေယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် မောင်တောမြို့သို့ရောက်ရှိပြီး ခရိုင်အုပ်ချုပ်ရေးမှူးရုံးအနီး မသင်္ကာသူတစ်ဦးက မီးကွင်းပစ်ရန် ကြိုးစားမှုနှင့် ဆွဲမိုင်းထောင်ရန် ပြင်ဆင်ထားမှုကိုလည်းကောင်း၊ အကြမ်းဖက်အန္တရာယ်မှ တိမ်းရှောင်ရောက်ရှိလာသည့် တိုင်းရင်းသားပြည်သူများနေထိုင်သော လေးမိုင်ရွာ အခြေခံပညာအထက်တန်းကျောင်းကိုလည်းကောင်း၊ အကြမ်းဖက်အန္တရာယ်မှ တိမ်းရှောင်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင်များနေထိုင်သော ရပ်ကွက်(၃) မူလတန်းကျောင်းကို လည်းကောင်း၊ မောင်တောပြည်သူ့ဆေးရုံကို လည်းကောင်း လှည့်လည် သတင်းရယူခဲ့ကြသည်။ **(သတင်းစဉ်)**

## ARSA အစွန်းရောက်အကြမ်းဖက်သမားများလှုပ်ရှားနယ်မြေတွင် နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့ထားသည့်ပစ္စည်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် သြဂုတ် ၃၀**

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများက အကြမ်းဖက်မှုများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တန်ပြန်ချေမှုန်းရန် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် အကြမ်းဖက်အဖွဲ့များ၏ အသုံးအဆောင်များနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းတချို့၏ ထောက်ပံ့ကူညီရေးပစ္စည်းများ ထပ်မံတွေ့ရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းတည့် ၁၂ နာရီက အလယ်သံကျော် ဗိုလ်မှူးကျေးရွာအတွင်း နယ်မြေရှင်းလင်းစဉ် အဒူလာခေါ် နူမာလာကိန်း၏ နေအိမ်အတွင်းမှ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) တံဆိပ်ပါ ဘီစကစ်ဖာ ၄၀၊ ပြောက်ကျားစစ်ဖိနပ်လည်တို ၁၇ ရန်၊ **(ယာပုံ)**ခြေအိတ်အစုံ ၄၀၊ ဓားရှည်တစ်လက်၊ ARSA အစွန်းရောက်အကြမ်းဖက်သမား ဝတ်စုံအင်္ကျီနှစ်ထည်နှင့် ဘောင်းဘီသုံးထည်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့မွန်းလွဲ ပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သြဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် နယ်မြေရှင်းလင်းစဉ်ကလည်း ကျီးကျွန်းကင်းစခန်း၏ တောင်ဘက်ရှိ တဲငယ်ခြောက်လုံးတွင် အကြမ်းဖက်သမားများနေထိုင်ခဲ့သည့် အနေအထားများနှင့်အတူ WFP မှ ထောက်ပံ့ထားသည့် စွမ်းအားပြည့် ဘီစကစ်မုန့်၊ အထုပ်ခွံများနှင့် အချိုရည်ဘူးခွံများကို လည်းကောင်း၊ ကိုးတန်ကောက်ကျေးရွာအနီး တောင်ခြေတွင်တွေ့ရှိသော အကြမ်းဖက်သမားများ ဝှက်ထားသည့် ဆာလာအိတ်များအတွင်းမှ ကျည်ဆန်၊ လက်လုပ်မိုင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ USAID တံဆိပ်ပါ ဆန်တစ်အိတ်နှင့် WFP တံဆိပ်ပါ ဆန်တစ်အိတ်တို့ကို လည်းကောင်း တွေ့ရှိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ယမန်နေ့ညပိုင်းက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**






# မြန်မာ့ရွှေဈေး စံချိန်တင်မြင့်တက်

**ရန်ကုန် ဩဂုတ် ၃၀**

ယနေ့မြန်မာ့ရွှေဈေးသည် မကြုံစဖူး ထူးကဲစွာ စံချိန်တင်မြင့်တက်လျက်ရှိနေကြောင်း ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရွှေလုပ်ငန်းရှင်များအသိုင်းအဝိုင်းမှ ကြားသိရသည်။

ဩဂုတ် ၂၉ ရက် နံနက် ဈေးအဖွင့်တွင် မြန်မာ့ရွှေအခေါက် (မီးလင်းရွှေ)တစ်ကျပ်သားလျှင် ငွေကျပ် ၉၃၅၀၀၀ဖြင့် စတင်ခဲ့ရာမှ နေ့လယ်ပိုင်းတွင် တစ်ကျပ်သားလျှင် ငွေကျပ် ၉၄၆၀၀၀ အထိတစ်ကြိမ်တစ်ခါမျှ မဖြစ်ခဲ့ဖူးသော ဈေးနှုန်းအထိ မြင့်တက်သွားခဲ့သည်။ ညနေဈေးကွက်ပိတ်သိမ်းချိန်၌ တစ်ကျပ်သားလျှင် ငွေကျပ် ၉၄၂၀၀၀ ဖြင့် ပိတ်ခဲ့သည်။

ယင်းနေ့မှာပင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၁၆ ဖြစ်ပြီး နေ့လယ်ပိုင်းတွင် ၁၃၂၅မှ ညနေဈေးပိတ်သိမ်းချိန်၌ ၁၃၁၉ ဖြစ်ခဲ့သည်။ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က "ဒီကနေ့ ရွှေဈေးတက်မှုအပေါ်မှာ ချိန်ကြည့်ရင် မြန်မာ့ရွှေဈေးက တစ်ကျပ်သားမှာ



တစ်သောင်းစွန်းစွန်းလောက်ထိအလျော့ဘက်မှာပဲ ရှိနေပါတယ်၊ ကမ္ဘာ့ရွှေဈေးတက်ရင် မြန်မာ့ရွှေဈေးက ဒီလိုပဲ လိုက်ပါတက်တတ်တဲ့ သဘောရှိပါတယ်"ဟု တွက်ပြခဲ့သည်။ ကမ္ဘာ့ရွှေဈေးမှာ ဩဂုတ် ၂၇ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၉၆ ဖြစ်ပြီး မြန်မာ့ရွှေဈေးမှာ တစ်ကျပ်သားလျှင် ငွေကျပ် ၉၂၉၀၀၀ ဖြစ်ခဲ့ပြီး ကြားတစ်ရက်ခြားကာလအတွင်း ကမ္ဘာ့ရွှေဈေး အမေရိကန်ဒေါ်လာ ၂၉ မျှတက်ခဲ့ပြီး မြန်မာ့ရွှေဈေး ငွေကျပ် ၁၇၀၀၀ မျှ မြင့်သွားသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း စည်းရုံးရေးမှူး ဦးအေးချိုကပင်"ဘာလို့ ရွှေဈေး အခုလိုမြင့်တက်သွားရသလဲဆိုရင် အမေရိကန်နဲ့ မြောက်ကိုရီးယားစစ်ရေးတင်းမာမှုကြောင့်လို့ သုံးသပ်လို့ရပါတယ်။ တကယ်လို့သာ ဒီအရေးအခင်းကိစ္စရှိမနေဘူးဆိုရင် ကမ္ဘာ့ရွှေဈေးက ဒီလိုတက်လာစရာအကြောင်း မရှိဘူး။ ဒါဆို မြန်မာ့ရွှေဈေးလည်း ဒီလိုလိုက်ပါမြင့်တက်မှာ မဟုတ်ဘူး" ဟု သုံးသပ်ပြောကြားခဲ့သည်။

အရောင်းအဝယ်အားဖြင့် မြန်မာ့ရွှေဈေး ၉၀၀၀၀၀ ကျော်စတက်ကတည်းက စုဆောင်း ထားသူများက ပြန်လည်ထုတ်ရောင်းလာခဲ့ကြခြင်းဖြစ်ပြီး ယခု ၉၄၀၀၀၀ အကျော်သို့ ရောက်ချိန်၌ စုဆောင်းထားသူများလက်ထဲနည်းပါးလာသည့်အတွက် အရောင်းအဝယ်ပါ လိုက်၍ အေးစက်လာခြင်းဖြစ်ကြောင်း ၎င်းကပင်ထပ်မံရှင်းပြခဲ့သည်။

သို့သော် ယနေ့ နံနက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၁၃ ဖြစ်စတင်ခဲ့ပြီး မြန်မာ့ရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၉၃၉၀၀၀ဖြင့် ဖွင့်ခဲ့သည်။ နေ့လယ်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၃၀၈ အထိ လျော့ကျလာသကဲ့သို့ မြန်မာ့ရွှေဈေးမှာလည်း တစ်ကျပ်သားလျှင် ငွေကျပ် ၉၃၇၈၀၀ အထိဖြစ်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးမှ သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# မကွေးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆန်အိတ်နှင့်ဆီလှူဒါန်း

**မကွေး ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၃၀၀ နှင့် တစ်လီတာဝင် ဆီဘူး ၅၀၀ တို့အား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းထားရာ လှူဒါန်းပစ္စည်းများကို တိုင်းဒေသကြီးလွှတ်တော် တာဝန်ရှိသူများက အစိုးရအဖွဲ့ထံ ဩဂုတ် ၃၀ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီးအစည်းအဝေးခန်းမ၌ပြုလုပ်ခဲ့သည့် လွှဲပြောင်းပေးအပ်ပွဲတွင် လှူဒါန်းပစ္စည်းများကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များက လွှဲပြောင်းပေးအပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် အစိုးရအဖွဲ့တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ လှူဒါန်းခဲ့သည့် ဆန်အိတ်နှင့်ဆီများကို ရေနံချောင်းမြို့နယ်အတွက် ဆန်အိတ် ၅၀ နှင့် ဆီဘူး ၁၀၀၊ မင်ဘူးမြို့နယ်အတွက် ဆန်အိတ် ၅၀ နှင့် ဆီဘူး ၁၀၀၊ မကွေးမြို့နယ်အတွက် ဆန် ၂၅ အိတ်နှင့်ဆီဘူး ၁၀၀၊ ပွင့်ဖြူမြို့နယ်အတွက် ဆန်အိတ် ၅၀ နှင့် ဆီဘူး ၁၀၀၊ စလင်းမြို့နယ်အတွက် ဆန်၁၂၅ အိတ် နှင့် ဆီဘူး ၁၀၀ တို့ကို ခွဲဝေလှူဒါန်းပေးမည် ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# တိုက်ကြီး၌ ရေကြီး၍ ကျောင်း ၁၂ ကျောင်းထပ်မံပိတ်ထား

**တိုက်ကြီး ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့တွင် ရောဝတီမြစ်ရေမြင့်တက်မှုနှင့် လှိုင်မြစ်ရေတိုးမှုကြောင့် အလယ်တန်းအဆင့်သုံးကျောင်း မူလတန်းအဆင့်ကိုးကျောင်း ထပ်မံပိတ်ထားရကြောင်း တိုက်ကြီးမြို့ ပညာရေးဦးစီးဌာနမှ သိရသည်။

ရောဝတီမြစ်ရေမြင့်တက်မှုနှင့် လှိုင်မြစ်ရေတိုးမှုကြောင့် ဩဂုတ် ၂၅ ရက်မှစတင်ပြီး အဖျောက်မြို့ မူလတန်းအဆင့်သုံးကျောင်း ဒုတိယအကြိမ် ပိတ်ထားခဲ့ရပြီး ဩဂုတ် ၃၀ ရက်အထိ အလယ်တန်းအဆင့် ကိုးကျောင်း စုစုပေါင်း စာသင်ကျောင်း ၁၂ ကျောင်း ဒုတိယအကြိမ်ပိတ်ထားရကြောင်း တိုက်ကြီးမြို့နယ် ပညာရေးဦးစီးဌာနရုံးမှ ဒုတိယ ပညာရေးမှူး ဦးမောင်မောင်လတ်က ပြောသည်။

အဆိုပါအရေကြီးမှုကြောင့် ဇူလိုင် ၂၁ ရက်ကလည်း ပထမအကြိမ်ပိတ်ထားခဲ့ရသည်။ ယခု ဒုတိယအကြိမ်ပိတ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

## ရောဝတီနှင့် ဝေါန်မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၃၀**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ရောဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး ဟင်္သာတမြို့တွင် နောက်သုံးရက်အတွင်းနှင့် ဇလွန်မြို့တွင် နောက်လေးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့်ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ဝေါန်မြစ်ရေသည် သာပေါင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဝေါန်မြစ်ရှိ ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင် သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# သမီးလှကျွန်း(လိပ်ကျွန်း)အနီး ငါးဖမ်းရေယာဉ်တစ်စင်းကျောက်တန်းပေါ်တင် ပစ္စည်းဆုံးရှုံးမှုများရှိနေပြီး ရေယာဉ်ပြန်လည်ဆယ်ယူရေးဆောင်ရွက်လျက်ရှိ

**ဟိုင်းကြီးကျွန်း ဩဂုတ် ၃၀**

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ သမီးလှကျွန်း (လိပ်ကျွန်း) အနီးတွင် ဩဂုတ် ၂၇ ရက်က ငါးဖမ်းရေယာဉ်တစ်စင်း ငါးပေါင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျောက်ချရပ်နားရန် နေရာရှာဖွေစဉ် လှိုင်းလေပြင်းထန်သောကြောင့် ကျောက်တန်းပေါ်တင်သွားကြောင်း သိရသည်။

အဆိုပါ ငါးဖမ်းရေယာဉ်မှာ ကံချိုင်ကျေးရွာမှ ဦးခင်ထွန်းပိုင်သော အလျား ၃၃ ပေ၊ အနံ ၁၇ ပေ၊ ဇောက် ခြောက်ပေ၊ သစ်သားခွံ၊ မြင်းကောင်ရေ ၁၈၀ ရှိ နီဆန်း ဒီဇယ်အင်ဂျင် တပ်ဆင်ထားသည့် မျိုးမြတ်ရတနာအမည်ရှိ ငါးဖမ်းရေယာဉ်ဖြစ်ပြီး(လှေဦးစီး)ဦးထွန်းဝင်းပါ ရေလုပ်သား ၂၅ ဦး လိုက်ပါကြောင်း၊ လူအသေအပျောက် မရှိကြောင်း ရေယာဉ်ပိုင်ရှင်က ပြောသည်။

ကျောက်တန်းပေါ် တင်နေသော ငါးဖမ်းရေယာဉ်သည် ရာသီဥတုမကောင်း၍ လှိုင်းလေဒဏ်ကြောင့် ဝမ်းဗိုက်ပျဉ်နှစ်ချပ်ကျိုးပဲ့သွား၍ရေဝင်လျက်ရှိပြီး ဆယ်ယူရေးလုပ်ငန်းများဆောင်ရွက်ရာတွင်ခက်ခဲလျက်ရှိကြောင်း၊ ရေယာဉ်ပေါ်ပါ ငါးဖမ်းပိုက် ၁၂၅ ခု၊ တရုတ်နီ ခုနစ်တစ်မတ်နှစ်လုံး (ကာလတန်ဖိုးငွေကျပ်သိန်း ၃၅၀) ခန့်ရှိ ငါးသလောက်ပုံး ၄၀ နှင့်အင်ဂျင်စက်များပြန်လည်ဆယ်ယူ၍မရသေးကြောင်း၊ ရာသီဥတုကောင်းမွန်သောအချိန်မှ ရေယာဉ်အားပြန်လည်ဆယ်ယူကာ ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေရှိကြောင်း ရေယာဉ်ပိုင်ရှင် ဦးခင်ထွန်း၏ ပြောကြားချက်အရ သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# မှူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၃၀**

နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ဝင်းဗိုလ်သဲဖြူကျေးရွာ အမကကျောင်း၌ သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် ဩဂုတ်လနောက်ဆုံးပတ်က အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မောင်လွင်(တပ်ကုန်း)**

# တရုတ်ဘက်ကအဝယ်လိုက်လာ၍ မန္တလေးကုန်စည်ဒိုင်ဈေးကွက်အတွင်း ပြောင်းဈေးမြင့်တက်

**နေပြည်တော် ဩဂုတ် ၃၀**

မန္တလေးကုန်စည်ဒိုင်ဈေးကွက်အတွင်း တရုတ်ဘက်မှ အဝယ်လိုက်လာသဖြင့် ဩဂုတ် ၃၀ ရက်မှစ၍ ပြောင်းဈေးနှုန်းများမှာ သုံးတင်း တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀ မှ ၃၁၀၀၀ နှုန်းအထိ ဈေးမြင့်တက်လာကြောင်း မန္တလေးမြို့ စိုးဝင်းမြင့်ပွဲရုံမှ ဦးစိုးဝင်းမြင့်ကပြောသည်။

ပြောင်းဈေးနှုန်းမှာ နှစ်စပိုင်းက ပြောင်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀ အထိ ဈေးနှုန်းများ ကျဆင်းခဲ့သော်လည်း ယခု လက်ရှိအချိန်တွင် ငွေကျပ် ၃၁၀၀၀ နှုန်းအထိ ဈေးမြင့်တက်လာသည့်အတွက် ပြောင်းစိုက်တောင်သူများ အကျိုးရှိလာမည်ဖြစ်ကြောင်း သိရသည်။

"အရင်တစ်ပတ်လောက်ကအထိတော့ ဈေးနှုန်းက တစ်အိတ်ကို ငွေကျပ် ၂၈၀၀၀ လောက်ပဲရှိတယ်။ တရုတ်ဘက်ကနေပြီးတော့ ဒီကပြောင်းတွေကို ဓာတုဓာတ်ကြွင်းမကင်းတာလို့ အကြောင်းပြချက်တွေနဲ့ သိပ်ပြီးတော့ ဈေးမပေးချင်ဘူး။ ဝယ်လည်း ဈေးနှိမ်ပြီးတော့ ဝယ်တယ်။ ဒါပေမယ့် အခုကတော့ အဲလိုမဟုတ်ဘူး။ ထွက်တဲ့ပြောင်းမှန်သမျှကို ဝယ်တယ်။ ရှမ်းပြည်တောင်ပိုင်း၊ မြောက်ပိုင်းနဲ့ ကချင်ပြည်နယ်ဘက်က ထွက်တဲ့ ပြောင်းမှန်သမျှကိုလည်း သူတို့ ဈေးကောင်းပေးပြီးဝယ်လာတယ်။ နောက်ပြီးတော့ ထွက်သလောက် ဝယ်မယ်လို့လည်း ဆိုလာတယ်။ တကယ်ကျတော့ ပြည်တွင်း ပြောင်းဈေးကွက်ရဲ့ ၈၅ ရာခိုင်နှုန်းလောက် ကလည်း ဒီတရုတ်ကိုပဲ ဦးတည်နေ တာပါပဲ"ဟု ဦးစိုးဝင်းမြင့်က ပြောသည်။

အိန္ဒိယမှ ပဲတင်သွင်းမှုအပေါ် ကန့်သတ်လိုက်ခြင်းကြောင့် တောင်သူအများစုနှင့် ပဲကုန်သည်အများစုမှာလည်း ပဲဈေးမကောင်းခြင်းအပေါ် စိတ်ဓာတ်ကျနေသည့်အချိန် တစ်ဖက်က ပြောင်းဈေး တက်လာသည့်အတွက် မိုးနှောင်းပိုင်း ပြောင်းစိုက်ပျိုးရန် အချိန်မီသူများလည်း ဈေးကွက်မီအောင် သီးနှံပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင် ပြောင်းကို ပခုက္ကူ၊ ကာဘိုး၊ ရွှေဘိုဘက်မှ ပြောင်းအဟောင်းနှင့် အသစ်များ ဆက်တိုက်ဆိုသလို မန္တလေးဈေးကွက်အတွင်း စတင်ဝင်ရောက်လာနေပြီး လာမည့် စက်တင်ဘာလအတွင်း ပျဉ်းမနား၊ တပ်ကုန်းနှင့်



အညာ ဒေသဘက်များမှထွက်ရှိသည့်ပြောင်းများ မန္တလေးဈေးကွက် အတွင်း ဝင်ရောက်လာနိုင်ကြောင်း သိရသည်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

## မိမိကိုယ်ကိုတူဖြင့်ထု၍ သတ်သေခဲ့သည့်အမှုအား စစ်ဆေးရာမှ ခင်ပွန်းဖြစ်သူက တူဖြင့်ရိုက်သတ်မှုဖြစ်ကြောင်း ဖော်ထုတ်နိုင်

**နေပြည်တော် ဩဂုတ် ၃၀**

ရှမ်းပြည်နယ် အောင်ပန်းမြို့နယ် အောင်ပန်းနယ်မြေရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိသည့် ကျောင်းဆရာမတစ်ဦး မိမိကိုယ်ကို တူဖြင့်ထု၍ သတ်သေမှုကို တပ်ဖွဲ့ဝင်များက ဆက်လက်စုံစမ်းစစ်ဆေးရာ ခင်ပွန်းဖြစ်သူက တူဖြင့်ရိုက်သတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

ဖြစ်စဉ်မှာ အခင်းဖြစ်နေရာအား အောင်ပန်းနယ်မြေရဲစခန်းမှူး ရဲအုပ် ကျော်ရင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ အခင်းဖြစ်နေအိမ်နှင့် ကပ်လျက်ရှိသည့် အခြားဆရာမများနေထိုင်သည့် ခြံဝင်းအတွင်း၌ ဆံပင်ထွေးပြတ်များ၊ ခြံစည်းရိုးဝါးတိုင်တွင် သွေးကွက်များကို မသင်္ကာဖွယ်ရာ တွေ့ရှိသောကြောင့် ဒေါ်မေဝင်းမော် (၃၇ နှစ်)(ကျောင်းဆရာမ)၏ ခင်ပွန်းဖြစ်သူ အောင်ပန်းမြို့ ပင်မှီကျေးရွာနေ ဇော်လင်း (၃၇ နှစ်)နှင့် သားဖြစ်သူ ရှိုင်းဇေယျာလင်း(၇ နှစ်)တို့ကို မေးမြန်းရာ ဩဂုတ် ၂၆ ရက်က ဇော်လင်းက ဇနီးဖြစ်သူအား ကျောင်းသား၊ ကျောင်းသူများကို အချိန်ပိုမသင်ပေးနိုင်ကြောင်း ကျောင်းအုပ်ဆရာမကြီးထံ သွားရောက်ပြောခိုင်းရာ မပြောသဖြင့် ၎င်းဝတ်ဆင်ပေးထားသည့် လက်စွပ်ကိုချွတ်ပေးရန် ပြောခဲ့ကြောင်း၊ မချွတ်ပေးသဖြင့် လက်စွပ်ဝတ်ထားသည့် လက်ခလယ်နှင့် ဦးခေါင်းတို့ကို တူဖြင့်ရိုက်နှက်ပြီး ကျောင်းဘက်သို့ ဆွဲခေါ်စဉ် ရုန်းကန်နေသောကြောင့် ဦးခေါင်းနောက်စေ့ကို တူဖြင့်ထပ်မံရိုက်ခဲ့ကြောင်း၊ ဆက်လက်၍ နေအိမ်ဘက်သို့ ထွက်ပြေးသဖြင့် နတ်ခေါင်းများဖြတ်သည့် စပန်ဒါသီးဖြင့် ထပ်မံရိုက်လိုက်စဉ် လဲကျသွားကာ စကားမပြောနိုင်တော့သဖြင့် နေအိမ်အိပ်ခန်းအတွင်း အိပ်ရာပေါ်သို့တင်ထားပြီး ဆေးရုံသို့ ပို့ဆောင်ရန်စီစဉ်နေစဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ဇော်လင်းကို အောင်ပန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



ပြစ်မှုကျူးလွန်သူ ဇော်လင်းနှင့် သက်သေခံပစ္စည်းများ

## မိုးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်၊ တစ်ဦးသေဆုံး

**နေပြည်တော် ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မကျီးတုံကျေးရွာအနီး လိန်ပင်ကွင်း၌ ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁၂ နာရီ မိနစ်၂၀ ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဝက်လက်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကွင်း၌နေထိုင်သည့် ကိုဝင်းလှိုင်ဦး(၃၇ နှစ်)သည် တဲအတွင်း၌ သားဖြစ်သူ ခန့်လှိုင်ဦး(၅ နှစ်)နှင့် သမီး မစုပုံချစ်(၂ နှစ်)တို့ကို ထားပြီး ဆိတ်ကျောင်းသွားနေစဉ် တဲရှိမီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ မစုပုံချစ်မှာ မီးလောင်သေဆုံးသွားကြောင်း စစ်ဆေးသိရှိရ၍ ကိုဝင်းလှိုင်ဦးကို ဝက်လက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ရန်ဖြစ်စဉ် အရက်ပုလင်းအားခွဲပြီး ပုလင်းကွဲဖြင့်ထိုးသတ်မှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရုံးပင်ကန်ကျေးရွာ၌ ဩဂုတ် ၂၉ ရက် မွန်းလွဲ ၂ နာရီက လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ စလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာနေ ဖိုးကြာ (၂၂ နှစ်)သည် အရက်မူးပြီး တစ်ရွာတည်းနေ အောင်မျိုးဌေး(၃၂ နှစ်)နှင့် ရွာလယ်လမ်းဆုံ၌ စကားများရန်ဖြစ်စဉ် ၎င်း၏လက်ထဲတွင်ကိုင်ထားသည့် အရက်ပုလင်းကိုရိုက်ခွဲပြီး ပုလင်းကွဲဖြင့် အောင်မျိုးဌေးကိုထိုးရာ ဒဏ်ရာများရရှိကာ သေဆုံးသွားသဖြင့် ဖိုးကြာကို စလင်းမြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **စစ်ကြည် (စလင်း)**

## မုံရွာမြို့နယ်ရဲစခန်း၌ အချုပ်သားသုံးဦးထွက်ပြေးသဖြင့် စုံစမ်းရှာဖွေလျက်ရှိ

**မုံရွာ ဩဂုတ် ၃၀**

မုံရွာမြို့နယ်မြေရဲစခန်း အချုပ်တွင်ချုပ်နှောင်ထားသော ကလေးသူငယ် အချုပ်သားနှစ်ဦးနှင့် ဆိုင်ကယ်ခိုးမှု မသင်္ကာ အချုပ်သားတစ်ဦးတို့သည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက အချုပ်ခန်းဖောက်ကာ ထွက်ပြေးလွတ်မြောက်သွားသဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်းကာ စုံစမ်းရှာဖွေလျက်ရှိကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့တာဝန်ရှိသူထံမှ သိရသည်။

မုံရွာနယ်မြေရဲစခန်း အချုပ်ခန်းအမှတ်(၂)တွင် သီးခြားချုပ်ထားသော အချုပ်သားလေးဦးအနက် မုံရွာနယ်မြေရဲစခန်းက အမှုဖြင့်ချုပ်ထားသော ဆန်းမင်းသူ (၁၆ နှစ်)၊ မင်းထိုက်ဆွေ (၁၆နှစ်)နှင့် မိုးဝင်းတို့သုံးဦးမှာ အချုပ်ဖောက်ကာ ထွက်ပြေးသွားခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့တာဝန်ရှိသူထံမှ သိရသည်။

အဆိုပါသုံးဦးသည် အချုပ်ခန်း၏ သံတိုင်အောက်ခြေကို နှစ်ဖက်သွားပါ သံဖြတ်လွှဖြင့် တိုက်ဖြတ်၍ အချုပ်ခန်းအတွင်းမှထွက်ပြီး အပြင်အုတ်တံတိုင်းနံရံရှိ ပြတင်းပေါက်မှတစ်ဆင့် ထွက်ပြေးလွတ်မြောက်သွားကြခြင်းဖြစ်ကြောင်း သိရသည်။

ထွက်ပြေးလွတ်မြောက်သူ မုံရွာမြို့ ရန်ကင်းရပ်နေ ဆန်းမင်းသူ(ခ)အောင်ကိုသည် ချုပ်ရက် ၁၀ လရှိသူဖြစ်ပြီး ရန်ကုန်မြို့မှ မင်းထိုက်ဆွေသည် ချုပ်ရက် ၁၁ လနှင့် မုံရွာမြို့ နန္ဒဝန်ရပ်ကွက် နယ်မြေ(၆)မှ မိုးဝင်းသည် ချုပ်ရက် ရှစ်ရက်သာရှိသေးကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## အမြဲတမ်းစစ်ဆေးရေးစခန်း၌ လက်ဖက်ခြောက်များနှင့်ရောနှောထားသည့် အိတ်အတွင်းမှ ဘိန်းဖြူမှုန့်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးလျက်ရှိရာ အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄၂၂ သန်းခန့် ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၉ ရက်က ရန်ကုန်သို့သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်တစ်စီးကို သတင်းအရ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့နှင့် မူးယစ်တပ်ဖွဲ့ဝင်များမှ ပူးပေါင်းရှာဖွေစစ်ဆေးရာ ပစ္စည်းများထည့်သည့် ဝမ်းဗိုက်တူးဘောက်အတွင်းမှ ထိုင်ခုံအမှတ် (၂၆/၂၇) လေဘယ်တပ်ဆင်ထားသည့် ဆာလာအိတ်ကို မသင်္ကာသဖြင့် ယင်းခုံနံပါတ်တွင် လိုက်ပါလာသူ ခရီးသည်နှစ်ဦးအား စစ်ဆေးရာ အဆိုပါအိတ်အတွင်း လက်ဖက်ခြောက်များဖြင့် ရောနှောထည့်ထားသည့် ဘိန်းဖြူမှုန့် အလေးချိန် ၁၀ ဂရမ်ခန့်စီပါ ၄၅ ထုပ် စုစုပေါင်း အလေးချိန် ၄၅၀ ဂရမ်ခန့် ခန့်မှန်း တန်ဖိုးငွေကျပ် ၃၁ ဒသမ ၅ သန်းခန့်ကိုတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တိုက်ကြီးတိုးဂိတ်၌ လုပ်သေနတ်နှစ်လက် သိမ်းဆည်းရမိ

**တိုက်ကြီး ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့တိုးဂိတ်၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းထွန်းလတ်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ယာဉ်အဝင်ပိတ်ဆို့ရှာဖွေစဉ် ပြည်မှ ရန်ကုန်သို့ ယာဉ်မောင်း စိုးရာဇာ မောင်းနှင်ပြီး ဖိုးခွား(ခ)ချစ်မင်းကျော်၊ မိုးလွင်တို့ လိုက်ပါလာသော ယာဉ်အမှတ် 4G/---- ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်၏နောက်ခန်း၌ သစ်သားဖြင့်ပြုလုပ်ထားပြီး ဘောစေ့ထည့်ပစ်ရသော လုပ်သေနတ်ကို တွေ့ရှိရသဖြင့် ယာဉ်ပေါ်ပါလာသူများကို မေးမြန်းရာ သေနတ်နှစ်လက်မှာ ချစ်မင်းကျော်နှင့် မိုးလွင်တို့၏ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

သို့ဖြစ်၍ လုပ်သေနတ်ကို ခွင့်ပြုချက်မရှိဘဲ ကိုင်ဆောင်သူ ချစ်မင်းကျော် (၂၇ နှစ်) ဝါးကောက်ကျေးရွာ မအူပင်မြို့၊ မိုးလွင် (၃၇ နှစ်) ကမာချိုင့်ကျေးရွာ ကျိုက်လတ်မြို့၊ ယာဉ်မောင်း စိုးရာဇာ (၂၅ နှစ်) ကျုံစုကျေးရွာ မအူပင်နေသူတို့ကို တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**


### ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၈-၂၀၁၇ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၈) တွင် ပါရှိသော မြဝတီခရီးသွားလုပ်ငန်း (ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့) ကြော်ငြာတွင် ခရီးသည်(၁၆)ဦး လျှင်တစ်ဦး အခမဲ့ပေးမည် အစား ခရီးသည်(၁၀)ဦးလျှင်တစ်ဦး အခမဲ့ပေးပါမည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၁) အထက တက္ကသိုလ်ဝင်တန်းမှာ မနှင်းစန္ဒာလှိုင်၏ ဖခင်အမည် ဦးဝင်းလှိုင်(ခ)ဦးလှိုင်ဝင်း ၉/ပကခ(နိုင်) ၀၀၉၇၀၁ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၆၂၃၂၇ Kenbo 125, ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၁၄/လမန(နိုင်)၀၉၂၀၃၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

### ပျောက်ဆုံးကြောင်း

ဦးဇျက်ဇထန်(ဘ)ဦးကဲ့အိုနင်း ၄/ဟခန(နိုင်)၀၂၉၆၇၃၏ မြန်မာနိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွား၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၀၉၃၁၀၀**

### မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အထက(ခွဲ)၊ ညောင်ပင်ကျေးရွာ တက္ကသိုလ်ဝင်တန်းမှ ဦးခင်မောင်စိုး ၁၂/ဒဂဆ(နိုင်)၀၂၀၅၄၇၏ သမီး မဖူးပွင့်ဝေ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၂-၂၀၀၀ ဖြစ်ပါကြောင်း။

### အထွေထွေကိုယ်စားလှယ်လွှဲစာများ ရုပ်သိမ်းခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ (၃)ရပ်ကွက်၊ အုန်းချောကျေးရွာတွင်နေထိုင်ကြသော ဦးထွန်းအောင်(ဘ)ဦးဘအေး ၉/ပသက(နိုင်) ၀၂၃၆၀၈၊ ဒေါ်ညွန့်ရွှေ(ဘ)ဦးဘရှိန်း ၉/ပသက(နိုင်) ၀၂၆၄၈၃၊ ဦးသန်းနိုင်ဝင်း (ဘ)ဦးစိန်မောင် ၉/ခအဇ(နိုင်)၀၀၈၇၀၆၊ ဒေါ်တင်လှ(ဘ)ဦးသန်းမောင် ၉/ပသက(နိုင်)၀၂၆၉၆၁တို့မှ ဒေါ်နွယ်နွယ်ညွန့်(ဘ)ဦးမျိုးညွန့် ၁၂/ဗဟန(နိုင်)၀၀၁၀၃၂အား လွှဲအပ်ထားသည့် ၂၉-၆-၂၀၁၇ရက်စွဲပါ မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့်လွှဲအပ်ခဲ့ရာ လွှဲစာအမှတ်များမှာ (၁) ၂၃၅/၂၀၁၇၊ (၂) ၂၃၆/၂၀၁၇၊ (၃) ၂၃၇/၂၀၁၇ နှင့် (၄) ၂၃၈/၂၀၁၇တို့ဖြစ်ကြပြီး အဆိုပါကိုယ်စားလှယ်လွှဲစာ(၄)စောင်အား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဦးထွန်းအောင်(ဘ)ဦးဘအေး ၉/ပသက(နိုင်)၀၂၃၆၀၈**
**ဒေါ်ညွန့်ရွှေ(ဘ)ဦးဘရှိန်း ၉/ပသက(နိုင်)၀၂၆၄၈၃**
**ဦးသန်းနိုင်ဝင်း(ဘ)ဦးစိန်မောင် ၉/ခအဇ(နိုင်)၀၀၈၇၀၆**
**ဒေါ်တင်လှ(ဘ)ဦးသန်းမောင် ၉/ပသက(နိုင်)၀၂၆၉၆၁**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၀၃၅၀)**
**ဖုန်း ၀၉-၄၃၁၂၇၃၄၀**

### ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ ရတီလမ်းနှင့် မြတ်လေးဖြူလမ်းထောင့်၊ ဦးပိုင်မြေကွက်အမှတ် (ဒ/၃၂၅၉၆)၊ အကျယ်အဝန်း (၈၀×၈၀)ပေရှိ ပိုင်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်ရေမီးအစုံနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ဦးနေယု ၇/ပခန(နိုင်)၁၉၂၁၉၀ထံမှ ဦးဖြေ ၇/ပခန(နိုင်)၁၆၉၈၆၈ ပဲခူးမြို့တွင် နေထိုင်သူကဝယ်ယူရန်သဘောတူသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေထားပြီးဖြစ်ရာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည်ဟု ယူဆသူများသည် ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းနှင့်တကွ ကျွန်ုပ်တို့ထံတွင် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်ဝ**
**အထွေထွေအကျိုးဆောင်**
**ပေါ်ဦးလမ်း၊ ဥသျှောင်မြို့သစ်၊ ပဲခူးမြို့**

**ဦးနိုင်လင်း**
**အထက်တန်းရှေ့နေ(စဉ်-၄၁၆၄၆)**
**မြို့သစ်ရပ်ကွက်၊ အေလာမြို့**

### မင်္ဂလာရာမပါဠိတက္ကသိုလ်(သိမ်ဖြူလမ်း) အစွန်းရောက်အကြမ်းဖက်သမားများ ဘေးရှောင်များအတွက်အလှူခံဌာနဖွင့်ပါပြီ

ရခိုင်ပြည်နယ်(မြောက်ပိုင်း)မှ အစွန်းရောက်အကြမ်းဖက်သမားများ ဘေးရှောင်ပြည်သူပြည်သားများအတွက် ယနေ့မှစ၍ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ အလှူခံဌာနဖွင့်လှစ်ထားပြီးဖြစ်ပါသည်။ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ပုဂ္ဂလိကဘဏ်တို့၌ ဖွင့်ထားသော အောက်ပါဘဏ်အကောင့်သို့ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။ (အခြားနေရာသို့ အလှူခံစေလွှတ်ခြင်းမရှိပါ။)

၁။ မြန်မာ့ရှေ့ဆောင်ဘဏ်အကောင့်နံပါတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။
Account No-002 01 32 002023124019
၂။ ကမ္ဘောဇဘဏ်အကောင့်နံပါတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။
Account No-277-302-09400081701
၃။ မြဝတီဘဏ်အကောင့်နံပါတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။
Account No-S121P0011001750J

**နာယကဆရာတော်များ**
**မင်္ဂလာရာမပါဠိတက္ကသိုလ်**
**သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့**

### မွေးသက္ကရာဇ်အမှန်

ဖားကန့်မြို့နယ် မလန်းကျေးရွာနေ ၄/မတန(နိုင်)၀၂၀၈၅၉ ဦးထန်းလိန်း၏ သမီး မလန်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း တက္ကသိုလ်ဝင်တန်းမှ မလိန်းလိုင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁၂-၂၀၀၁ ဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/9283 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

ရန်ကုန်မြို့
အဆင့်မြင့်လုံးချင်း/အိမ်ရာ၊
မြေကွက်အရောင်း/အဝယ်
သီးသန့် အကျိုးဆောင်
09-965033734
09-421135600

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AA/1547 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/9869 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**


### ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့သည် အောက်ဖော်ပြပါလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တင်ဒါတင်သွင်းလိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအကြောင်းအရာ | အရေအတွက် |
| --- | --- | --- | --- |
| (က) | YRTA/၀၀၁ ၂၀၁၇-၂၀၁၈ | CNG Cylinder for vehicles Type II with valve | 1-Lot(1000-Nos) |

၂။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့်ငွေကြေးဆိုင်ရာ အဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ(Instructions to Tenderers)နှင့်အညီ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါစာရွက်စာတမ်းများကို ၄-၉-၂၀၁၇ရက်မှစ၍ ၁၁-၉-၂၀၁၇ရက်ထိ(အမှတ်-၆၅၊ လေးထောင့်ကန်လမ်း၊ ကျိုက္ကဆံစူပါဝမ်းအနီး) YRTA ရုံးချုပ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ သတ်မှတ်စံချိန်စံညွှန်းအပါအဝင် တင်ဒါစာရွက်အပြည့်အစုံကို အထက်ဖော်ပြပါ ဌာနသို့ ၂၂-၉-၂၀၁၇ရက် ညနေ ၄း၃၀ နာရီအရောက် နောက်ဆုံးထား၍ ပြည်လည်တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်များကို တင်ဒါရွေးချယ်ရေးအဖွဲ့ တယ်လီဖုန်း အမှတ်-၀၉-၅၀၂၁၆၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး**

# အာဖဂန်အောက်လွှတ်တော်အဖွဲ့ဝင်တစ်ဦး၏ နေအိမ်ကို ဝင်ရောက်တိုက်ခိုက်မှု ဖြစ်ပွား

**ဂျလာလာဘတ် ဩဂုတ် ၃၀**

အာဖဂန်နစ္စတန်နိုင်ငံ ဂျလာလာဘတ်ရှိ နိုင်ငံရေးသမားတစ်ဦး၏ နေအိမ်တွင် ဩဂုတ် ၃၀ ရက်က သေနတ်ပစ်ခတ်မှုနှင့် ပေါက်ကွဲမှုများဖြစ်ပွားပြီး လူလေးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အာဖဂန်အောက်လွှတ်တော်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဇဟာကွာဒါ၏နေအိမ်ကို ယနေ့နံနက်ပိုင်းတွင် လက်နက်ကိုင်သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ကနဦးသတင်းများအရ လက်နက်ကိုင်သောင်းကျန်းသူများသည် လုံခြုံရေး အစောင့်နှစ်ဦးကို ပစ်ခတ်သတ်ဖြတ်စဉ် တခြားလက်နက်ကိုင်သောင်းကျန်းသူ တစ်ဦးက အဆိုပါ အိမ်အနီးတွင် ပေါက်ကွဲစေသော ပစ္စည်းများတပ်ဆင်ထားသော ဂျာကင် အင်္ကျီကို ဝတ်ဆင်ပြီး အသေခံဖောက်ခွဲမှု ပြုလုပ်ခဲ့ကြောင်း လုံခြုံရေးအရာရှိ တစ်ဦးက ဆင်ဟွာသို့ ပြောခဲ့သည်။

လက်နက်ကိုင်သောင်းကျန်းသူများမှာ အရေအတွက်မည်မျှရှိသည်ကို ယခုအချိန် အထိ အတည်မပြုနိုင်သေးပေ။ လက်နက်ကိုင်သောင်းကျန်းသူတစ်ဦးမှာ အိမ်အနီးဂိတ် တံခါးသို့ ချဉ်းကပ်လာစဉ်တွင် ပစ်သတ်ခံလိုက်ရကြောင်း လုံခြုံရေးဆိုင်ရာသတင်း ရင်းမြစ်များအရ သိရသည်။

အဆိုပါ လက်နက်ကိုင်သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်ချိန်တွင် အာဖဂန် အောက်လွှတ်တော်အဖွဲ့ဝင်မှာ အဆိုပါနေအိမ်၌ ရှိ/မရှိ မသိရသေးပေ။

ယခုအခါတွင် လုံခြုံရေးတပ်ဖွဲ့များသည် အခင်းဖြစ်ပွားရာ နေရာကို ဝန်းရံပိတ်ဆို့ ထားပြီး ရဲကားများနှင့် လူနာတင်ကားများလည်း အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိနေ ကြောင်းသိရသည်။

အဆိုပါဒေသများတွင် အစ္စလာမ္မစ်အစွန်းရောက်ခေါ် အိုင်အက်စ်အကြမ်းဖက် သောင်းကျန်းသူများနှင့် တာလီဘန်အကြမ်းဖက်သောင်းကျန်းသူများ ကြီးစိုးနေ ကြောင်းသိရသည်။ အဆိုပါ တိုက်ခိုက်မှု၌ မည်သည့်အဖွဲ့တွင် တာဝန်ရှိကြောင်း မသိရသေးချေ။

စစ်ပွဲဒဏ်ခံအာဖဂန်တွင် လာမည့်ပွဲတော်အတွက် ကျင်းပပြင်ဆင်နေစဉ် အဆိုပါ လုပ်ကြံတိုက်ခိုက်မှုဖြစ်ပေါ်လာခြင်း ဖြစ်သည်။

(ဆင်ဟွာ)



# ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်များကို လိုက်နာရန် မြောက်ကိုရီးယားအား တိုက်တွန်း

**ဂျီနီဗာ ဩဂုတ် ၃၀**

မြောက်ကိုရီးယား၏ နောက်ဆုံးဒုံးကျည်ပစ်လွှတ်မှုကို ကုလသမဂ္ဂက အပြင်းအထန်ရှုတ်ချခဲ့ပြီး အဆိုပါ ဒုံးကျည်ပစ်ခတ်မှုမျိုးထပ်မံမလုပ်ရန် တောင်းဆိုလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဩဂုတ် ၃၀ ရက်က ဖော်ပြခဲ့သည်။

မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်ခြင်းသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်ခြင်းမဟုတ်ဘဲ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အားလုံးကိုပါ ခြိမ်းခြောက်လိုက်ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

မြောက်ကိုရီးယား၏စမ်းသပ်ပစ်လွှတ်လိုက်သော ဒုံးကျည်နှင့် ၎င်း၏ပြောစကားများသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို လျော့ပါးစေမည်ဖြစ်ကြောင်းနှင့် ကမ္ဘာတစ်ဝန်းတွင် ဆက်စပ်နေသော လုံခြုံမှုအတွက်လည်း စိုးရိမ်ဖွယ်ဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြောသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားဖွံ့ဖြိုးရေးအစီအစဉ်များနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို လိုက်နာရန် ကောင်စီက တောင်းဆိုလိုက်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

(ဆင်ဟွာ)

# အာဘေးနှင့်ဆွေးနွေးပွဲပြုလုပ်ရန် ဗြိတိန်ဝန်ကြီးချုပ်မေ ဂျပန်သို့ရောက်ရှိ

**တိုကျို ဩဂုတ် ၃၀**

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်အတူ ဆွေးနွေးရန်အတွက် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်ထရီဆာမေသည် ဂျပန်နိုင်ငံအနောက်ပိုင်းရှိ အိုဆာကာ လေဆိပ်သို့ ဗုဒ္ဓဟူးနေ့ ညနေ ၂ နာရီတွင်ရောက်ရှိခဲ့သည်။ ထိုသို့သွားရောက်မှုသည် ၎င်း၏ ဝန်ကြီးချုပ် သက်တမ်းအတွင်း ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်ခြင်း ဖြစ်သည်။



ဂျပန်နိုင်ငံတွင် နေထိုင်မည့် သုံးရက်တာအတွင်းမေသည် ဂျပန်ဘုရင်မင်းမြတ် အာခီဟီတိုနှင့် တွေ့ဆုံသွားရန် စီစဉ်ထားကြောင်း သိရသည်။ ကြာသပတေးနေ့တွင် ပြုလုပ်မည့် ထိပ်သီးအစည်းအဝေးအတွင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက လက်ဖက်ရည်ပွဲတော်အခမ်းအနားဖြင့် တည်ခင်းဧည့်ခံရန်နှင့် ညစာသုံးဆောင်မှုအပြီးတွင် စကားစမြည်ပြောဆိုကြရန်အတွက် ဖိတ်ခေါ်သွားရန်စီစဉ်ထားကြောင်း ဖော်ပြသည်။

ပြီးခဲ့သည့်ဧပြီလအတွင်းက ဗြိတိန်သို့သွားရောက်ခဲ့စဉ်အတွင်း အာဘေးသည် ဗြိတိန်ဝန်ကြီးချုပ်၏ ချက်ကာ့ရာစ်နေအိမ်သို့လာရောက်ရန်ဖိတ်ကြားခြင်း ခံခဲ့ရသည်။ ဗြိတိန်ဝန်ကြီးချုပ်၏ အခွင့်အရေးပေးအပ်မှုကို တန်ဖိုးထားတုံ့ပြန်သည့် အနေဖြင့် ဂျပန်ဝန်ကြီးချုပ်က လက်ဖက်ရည်ပွဲတော် အခမ်းအနားဖြင့် ဧည့်ခံရန်စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

# မြောက်အမေရိက ကုန်သွယ်ရေးစာချုပ်ကိစ္စ ဆွေးနွေးရန်အတွက် မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးများ ဝါရှင်တန်သို့ လာရောက်

**ဝါရှင်တန် ဩဂုတ် ၃၀**

မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီးနှင့် စီးပွားရေးဝန်ကြီးများသည် မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်ရေးစာချုပ် (NAFTA)နှင့် ပတ်သက်၍ ပြန်လည်ညှိနှိုင်း ဆွေးနွေးကြမည့် အစည်းအဝေးပွဲမတိုင်မီ အမေရိကန်သို့ လာရောက်ခဲ့ကြကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မက္ကဆီကို၊ ကနေဒါနှင့် အမေရိကန်တို့သည် သောကြာနေ့တွင်မက္ကဆီကို စီးတီး၌ ပြုလုပ်မည့်ဆွေးနွေးပွဲဒုတိယအသုတ်အတွက် ရောက်ရှိလာခဲ့ကြသည်။ မက္ကဆီကိုအာဏာပိုင်များကပြောကြားသည်မှာ နိုင်ငံခြားရေးဝန်ကြီး လူးယစ်ဗီဒီဂါရေနှင့် စီးပွားရေးဝန်ကြီး အီဒီဖွန်ဆိုဂွာဂျာဒိုတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာအကြောင်းအရာများအပေါ်တွင် အမြင်ချင်းဖလှယ်သွားရန် ဆန္ဒရှိနေသည်ဟု ဆိုသည်။

ဝန်ကြီးများသည် အမေရိကန်ကုန်သွယ်ရေးဝန်ကြီး ဝီလ်ဘာရော့စ်၊ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်တီဇာနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်တို့နှင့် တွေ့ဆုံဆွေးနွေးသွားရန် အစီအစဉ်ရေးဆွဲထားခဲ့သည်ဟု သိရသည်။

မက္ကဆီကိုအစိုးရသည် NAFTA နှင့် ပတ်သက်သည့် အကြောင်းအရာများကို တွစ်တာနှင့် အခြားသော လူမှုမီဒီယာများပေါ်တွင် ပြန်လည်ညှိနှိုင်းဆွေးနွေးသွားလိမ့်မည်မဟုတ်ကြောင်း ဖော်ပြခဲ့သည်။

စီးပွားရေးဝန်ကြီးက မက္ကဆီကိုအနေဖြင့် ကုန်သွယ်ရေးစာချုပ်မှ အမေရိကန် နုတ်ထွက်သွားနိုင်သည့် အလားအလာအတွက် ကြိုတင်စီစဉ်ထားသင့်ကြောင်း ဒေသသတင်းစာတစ်စောင်သို့ ပြောကြားခဲ့သည်။

(အင်န်အိတ်ချ်ကေ)

# ဟာဗေးမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများဆက်လက်ဖြစ်ပွား

**ဟူစတန် ဩဂုတ် ၃၀**

အပူပိုင်းမုန်တိုင်းဟာဗေးကြောင့် ဟူစတန်မြို့တွင် စံချိန်တင်မိုးရွာသွန်းမှုလွန်ကဲခြင်းကြောင့် ကြောက်မက်ဖွယ်ရေလွှမ်းမိုးမှုကိုခံစားခဲ့ရပြီးနောက် ဟာဗေးမုန်တိုင်းကြောင့် ဗုဒ္ဓဟူးနေ့ကတက္ကဆက်နှင့် လူဝီစီယားနားနယ်စပ်အနီးတွင် မိုးသည်းထန်စွာပိုမိုရွာသွန်းစေခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်သောကြာနေ့က တက္ကဆက်ပြည်နယ်ကို ကနဦးဝင်ရောက်လာခဲ့သည့် ဟာရီကိန်းမုန်တိုင်းသည် နှစ်ပေါင်း ငါးဆယ်ကျော်အတွင်း အင်အားအပြင်းထန်ဆုံး ဝင်ရောက်မှုဖြစ်ကာ လူ ၁၇ ဦးကိုသေဆုံးစေခဲ့ပြီး လူထောင်ပေါင်းများစွာကို နေအိမ်များမှစွန့်ခွာရှောင်တိမ်းစေခဲ့သည်။ ခန့်မှန်းခြေငွေကြေးဒေါ်လာ ၁၀ ဘီလီယံခန့်ထိခိုက်ဆုံးရှုံးစေခဲ့ပြီး အမေရိကန်ပြည်ထောင်စုတွင်ကျရောက်ခဲ့သည့် အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်ကျရောက်မှုတစ်ခုအဖြစ် စာရင်းဝင်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ စတုတ္ထမြောက် အကျော်ကြားဆုံးမြို့ဖြစ်သည့် ဟူစတန်တွင် ငါးရက်ဆက်တိုက်မိုးရွာသွန်းပြီးနောက် မက္ကဆီကိုပင်လယ်ကွေ့အတွင်း၌ ရစ်ဝဲလျက်ရှိသည့်မုန်တိုင်းသည် အရှိန်လျော့ကျသွားပြီး အဆိုပါဒေသမှ ပြန်လည်ဆုတ်ခွာသွားလိမ့်မည်ဖြစ်သည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းတွက်ချက်ခဲ့ကြကြောင်း သိရသည်။

(ရိုက်တာ)



## နိုင်ငံတကာ သတင်းတိုထွာ

### အီရတ်၌ ကားဗုံးပေါက်ကွဲ

**ဘဂ္ဂဒက် ဩဂုတ် ၃၀**

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်အရှေ့ပိုင်းတွင် ယမန်နေ့က ကားဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၂ ဦးသေဆုံးခဲ့ပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ကြေညာခဲ့သည်။

ယမန်နေ့ နေ့လယ်က ပေါက်ကွဲစေသည့် ပစ္စည်းများတင်ဆောင်လာသော ကားတစ်စီးသည် ဘဂ္ဂဒက်မြို့အရှေ့ပိုင်း စဒယ်မြို့ရှိ ဈေးတစ်ခုတွင် ဖောက်ခွဲခဲ့ရာ လူများသေဆုံး ဒဏ်ရာရရှိခဲ့ရုံတင်မက ဈေးဆိုင်ခန်းများနှင့် ကားများလည်း ပျက်စီးခဲ့ကြောင်း အီရတ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

### အမေရိကန် နယူးမက္ကဆီကိုပြည်နယ်၌ ပစ်ခတ်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံး

**ဝါရှင်တန် ဩဂုတ် ၃၀**

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် ကလိုဗစ်မြို့ရှိ စာကြည့်တိုက်တစ်ခုတွင် ယမန်နေ့က သေနတ်ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုသည် ယမန်နေ့ ညနေက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေနတ်ပစ်ခတ်သူကို ဖမ်းဆီးနိုင်ခဲ့ပြီဖြစ်ကြောင်း ကလိုဗစ်မြို့အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ဟု အမေရိကန် သတင်းမီဒီယာများတွင် ဖော်ပြသည်။ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။ သို့သော်လည်း သေနတ်ပစ်ခတ်သူနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အသေးစိတ်ဖော်ပြခြင်းမရှိသေးကြောင်းသိရသည်။ ကလိုဗစ်မြို့သည် အမေရိကန်နိုင်ငံ နယူးမက္ကဆီကို ပြည်နယ်ရှိ မြို့ငယ်တစ်ခုဖြစ်ပြီး လူဦးရေ အနည်းငယ်သာရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

### အီဂျစ်တရားရုံးက မွတ်စလင်ညီနောင် ၅၆ဦးကို အကြမ်းဖက်စာရင်းထဲထည့်သွင်း

**ကိုင်ရို ဩဂုတ် ၂၉**

အီဂျစ်ပြစ်မှုဆိုင်ရာ တရားရုံးတစ်ရုံးသည် ဩဂုတ် ၂၉ ရက်က မွတ်စလင်ညီနောင် တရားခံ ၅၆ ဦးကို သုံးနှစ်ကြာ အကြမ်းဖက်စာရင်းထဲတွင် ထည့်သွင်းခဲ့ကြောင်း မီနာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အဆိုပါတရားခံများသည် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို ထိခိုက်အန္တရာယ်ဖြစ်စေသည့် မတရားအသင်းအဖွဲ့ကို ဦးဆောင်ရုံမျှမက ရန်ပုံငွေများ ထောက်ပံ့ခဲ့ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိခဲ့သဖြင့် တရားရုံးက ထိုသို့အကြမ်းဖက်စာရင်းထဲ ထည့်သွင်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

တရားရုံး၏ ဆုံးဖြတ်ချက်တွင် ခရီးသွားလာခွင့်ပိတ်ပင်ခြင်း၊ တရားစီရင်မှုကို အနှောင့်အယှက်ဖြစ်စေရန်ရည်ရွယ်သောလုပ်ဆောင်မှုများမလုပ်စေရေး၊ နိုင်ငံ သားအခွင့်အရေးဆုံးရှုံးမှုများ၊ နိုင်ငံကူးလက်မှတ်ဖျက်သိမ်းရေးစသည်တို့ ပါဝင်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သူတို့၏ တိုက်ပွဲဝင်စိတ်ဓာတ်



**ကလျာမိုးမြင့်**

**ဩဂုတ်လအတွင်းမှာ မတူညီတဲ့ကမ္ဘာ့နိုင်ငံတွေက ဥယျာဉ်စောင့်အမှုထမ်းတွေသေဆုံးမှုဟာ သုံးဦးထက်မကရှိခဲ့တဲ့အတွက် ယခုနှစ်ဩဂုတ်လဟာ သဘာဝတောရိုင်းတိရစ္ဆာန်တွေကို ကာကွယ်စောင့်ရှောက်တဲ့သူတွေအတွက် ကြမ္မာငင်တဲ့ကာလတစ်ခုလို့ ပြောစမှတ်ပြုဖွယ်ရာဖြစ်ခဲ့ပါတယ်။**

ဘရာဇီးနိုင်ငံရဲ့အရှေ့မြောက်ဘက် Piaui ဒေသအတွင်းမှာရှိတဲ့ ဆီရာဒါကက်ပီဘာရာ အမျိုးသားဥယျာဉ်ကိုစောင့်ကြပ်တဲ့ အမှုထမ်းတစ်ဦးဟာ ပြီးခဲ့တဲ့ဩဂုတ်လ ၁၈ ရက်မှာ ခိုးဝင်မုဆိုးတွေရဲ့သတ်ဖြတ်မှုကြောင့်သေဆုံးသွားခဲ့ရပါတယ်။ဥယျာဉ်စောင့်အမှုထမ်းတွေဖြစ်ကြတဲ့ အက်ဒီဆန်၊ အပါရီဆီဒိုဒါ၊ ကိုစတာစီလ်ဗာနဲ့ အခြားအပေါင်းအဖော် နှစ်ဦးဟာ ဥယျာဉ်ကို ကင်းလှည့်စောင့်ကြပ်နေစဉ် အတွင်းမှာပဲ လူလေးဦးပါဝင်တဲ့အုပ်စုတစ်စုက ချုံခိုတိုက်ခိုက်တာကိုခံလိုက်ရပါတယ်။ တိုက်ခိုက်ခဲ့တဲ့သူတွေဟာ လက်နက်တွေ ကိုင်စွဲထားကြပြီး အမျိုးသားဥယျာဉ်ထဲမှာ ခွင့်ပြုချက်မရရှိဘဲ တရားမဝင်အမဲလိုက်နေကြတဲ့သူတွေ ဖြစ်ပါတယ်။

သေနတ်တွေနဲ့ ပစ်ခတ်ခံလိုက်ရပြီး တောစောင့်နှစ်ဦးဒဏ်ရာတွေရရှိသွားချိန်မှာ ကိုစတာစီလ်ဗာကတော့ သေဆုံးသွားခဲ့ပါပြီ။ ၎င်းတို့သုံးဦးဟာ နှစ်ပေါင်းနှစ်သောင်းခွဲ သက်တမ်းရှိ ကျောက်ပန်းချီတွေ တည်ရှိရာဖြစ်တဲ့ ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့ရေးဟောင်းအမွေအနှစ်နယ်မြေအဖြစ် သတ်မှတ်လိုက်တဲ့ ဆီရာဒါကက်ပီဗာရာ သဘာဝဘေးမဲ့ဥယျာဉ်ကို ကာကွယ်စောင့်ရှောက်နေကြတဲ့ ဥယျာဉ်စောင့်အမှုထမ်းတွေဖြစ်ကြပါတယ်။

ဒါ့အပြင် ကိုစတာစီလ်ဗာဟာ အပင်နဲ့တိရစ္ဆာန်မျိုးကွဲများထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာချီကိုမန်ဒီစ် တက္ကသိုလ် (ICM Bio) အတွက် အလုပ်လုပ်ပေးနေတဲ့ Thor ကုမ္ပဏီက ကန်ထရိုက်တာတစ်ဦးလည်းဖြစ်ပါတယ်။ အိုင်စီအမ်ဘီအိုင်အိုနဲ့ Thor ကုမ္ပဏီဟာ ၎င်းတို့လက်အောက်မှာအမှုထမ်းနေတဲ့ ဝန်ထမ်းတွေနဲ့မိသားစုဝင်တွေအတွက် ကူညီထောက်ပံ့မှုတွေပေးအပ်နိုင်ဖို့ အရှိန်မြှင့်ဆောင်ရွက်နေပြီး ဖြစ်ရပ်မှန်ကို ဖော်ထုတ်ရှင်းလင်းနိုင်ဖို့ ရဲတပ်ဖွဲ့အာဏာပိုင်တွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတယ်လို့ပြောကြားခဲ့ပါတယ်။

နောက်ထပ် ဥယျာဉ်စောင့်အမှုထမ်း တစ်ဦး ကံဆိုးမိုးမှောင်ကျခဲ့တဲ့နေရာကတော့ မက္ကဆီကိုမှာပါ။ အိုဆာကာမှာရှိတဲ့ ချာကွာဟာအမျိုးသားဥယျာဉ်မှာ တာဝန်ယူဆောင်ရွက်နေတဲ့ ဥယျာဉ်စောင့် ဂါဘရီရယ် ရာမိုစ်အိုလီဗာရာဟာ ပိုင်နက်ကျူးကျော်ပြီး သားငါးတိရစ္ဆာန်တွေ ခိုးဖမ်းတဲ့ သူတွေလက်ချက်နဲ့ ပစ်သတ်ခံရပြီး သေဆုံးသွားခဲ့ရပါတယ်။အိုလီဗာရာရဲ့ အလောင်းကို ဩဂုတ် ၁၈ ရက်နံနက်ပိုင်းမှာ ရှာတွေ့ခဲ့ပါတယ်။

အသက် ၃၂ နှစ်ရှိပြီဖြစ်တဲ့ ဇီဝဗေဒပညာရှင် ဂါဘရီရယ်ဟာ မျိုးသုဉ်းပျောက်ကွယ်တော့မယ့် ဘေးအန္တရာယ်ကျရောက်မှုကို ရင်ဆိုင်နေရတဲ့ အခွံမာသောအမျိုးအစားဖြစ်တဲ့ ပင်လယ်လိပ်ကြီးတွေနဲ့ မိကျောင်းတွေနေထိုင်ရာ စားကျက်ဖြစ်တဲ့ ချာကွာဟာ သဘာဝဘေးမဲ့ ရေအိုင်တွေရှိတဲ့ ဧရိယာကို ကာကွယ်စောင့်ကြပ်တဲ့သူအဖြစ် အလုပ်လုပ်နေခဲ့တာ ဖြစ်ပါတယ်။ နောက်ထပ် ဥယျာဉ်စောင့်ရှောက်သူ အမှုထမ်းတစ်ဦးဟာ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဩဂုတ် ၁၈ ရက်မှာ ကြွေလွင့်သွားခဲ့ရပါပြီ။

အဲဒီရက်သတ္တပတ်ထဲမှာပဲ မာလီမှာ အသက်ဆုံးရှုံးခဲ့ရတဲ့ ဥယျာဉ်စောင့်အမှုထမ်းတစ်ဦးရှိခဲ့ပါတယ်။ သူကတော့ ကော်ပိုရယ်ဆိုလီမန်တန်ဂါရာဖြစ်ပြီး မာလီနိုင်ငံရဲ့ ပိုင်နက်ကျူးကျော်အမဲလိုက်ဖမ်းဆီးမှုတိုက်ဖျက်ရေး စုပေါင်းတပ်မဟာအဖွဲ့က အမှုထမ်းတစ်ဦးဖြစ်ပါတယ်။ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးအဖွဲ့နဲ့အတူလိုက်ပါသွားခဲ့ပြီး ဩဂုတ် ၁၄ ရက်မှာ ဒိုအန်ဇာမှာရှိတဲ့ဂျိဟတ်စစ်သွေးကြွတွေရဲ့လက်ထဲမှာ သေဆုံးခဲ့ရပါတယ်။



နိုင်ငံအတွင်းနောက်ဆုံးကျန်ရှိတဲ့ ကန္တာရဆင်တွေကို ကာကွယ်စောင့်ရှောက်ရေးတာဝန်ဆောင်ရွက်နေတဲ့ တန်ဂါရာရဲ့တပ်မဟာအဖွဲ့ဟာ အကြမ်းဖက်အဖွဲ့ရဲ့တိုက်ခိုက်မှုအောက် ကျရောက်ခဲ့တဲ့ ကုလသမဂ္ဂအခြေစိုက်စခန်းတစ်ခုကို အကူအညီပေးဖို့ တောင်းဆိုလာတဲ့အတွက် တုံ့ပြန်ဆောင်ရွက်မှုတွေပြုလုပ်ခဲ့ရပါတယ်။ အဲဒီအကြမ်းဖက်တိုက်ခိုက်မှုအတွင်းမှာသေနတ်သမားနှစ်ဦးသေဆုံးခဲ့ပါတယ်။ တပ်မဟာအဖွဲ့နဲ့ လေ့ကျင့်ရေးအဖွဲ့ဟာ ဘေးအန္တရာယ်ကျရောက်ခဲ့တာကို အထင်းသားမြင်တွေ့ရပြီး အဲဒီဧရိယာအတွင်းမှာရှိနေတဲ့ ပြည်သူတွေဟာ နေ့စဉ်နဲ့အမျှ အရေးအကြီးဆုံးအခြေအနေတွေကို ရင်ဆိုင်နေရတယ်လို့ မာလီမှာအခြေစိုက်ထားသော အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ချန်ဂီတာ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တိုက်ခိုက်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားသူ နီဂျယ်ခွန်က ပြောပြခဲ့ပါတယ်။

ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသူတွေကို ပစ်မှတ်ထားနေတဲ့တိုက်ခိုက်မှုတွေဟာ နိုင်ငံတကာဥပဒေစည်းမျဉ်းတွေအရ စစ်ရာဇဝတ်မှုကျူးလွန်တဲ့အထဲမှာ ပါဝင်နေတယ်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အလေးအနက်ပြောကြားခဲ့တယ်လို့ ဂူတာရက်စ်ရဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြား ခဲ့ပါတယ်။ ဒီဖြစ်ရပ်နဲ့ ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက သေဆုံးသွားသူတွေအတွက် ဝမ်းနည်းပူဆွေးကြောင်း ဖော်ပြခဲ့သလို အကြမ်းဖက်တဲ့ လုပ်ရပ်မှန်သမျှဟာ ရာဇဝတ်မှုမြောက်ပြီး ကုလသမဂ္ဂရဲ့လမ်းစဉ်တွေကို ပမာမခန့်လုပ်ဆောင်နေခြင်းသာဖြစ်တယ်လို့ ကဲ့ရဲ့ရှုတ်ချခဲ့ပါတယ်။

မာလီမှာတိုက်ခိုက်မှုဖြစ်ပွားခဲ့တဲ့ တစ်ရက်တည်းမှာပဲ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှာလည်း ဗာရမ်ဂါအမျိုးသားဥယျာဉ်ကိုစောင့်ရှောက်နေတဲ့ နောက်ထပ်ဥယျာဉ်စောင့်အမှုထမ်း သုံးဦးထပ်မံသေဆုံးခဲ့ရပြန်ပါတယ်။အဲဒီသေဆုံးမှု မတိုင်မီ နှစ်ရက်အလိုမှာတင် တန်ဇန်းနီးယားမှာအလုပ်လုပ်နေတဲ့ သဘာဝကို ချစ်မြတ်နိုးသူအဖြစ် နာမည်ကျော်ကြားသူ ဝေနီလော်တာ (အသက် ၅၁နှစ်) ဟာ အမည်မသိသေနတ်သမားတစ်ဦးရဲ့ သတ်ဖြတ်ခြင်းကို ခံလိုက်ရတာ မကြာသေးပါဘူး။

လော်တာဟာ တောင်အာဖရိကနိုင်ငံသားတစ်ဦးဖြစ်ပြီး တန်ဇန်းနီးယားမှာ နှစ်များစွာကြာအောင် အလုပ်လုပ်ခဲ့ပြီး သဘာဝတောရိုင်းတိရစ္ဆာန်တွေကို ခိုးဖမ်းမှုတွေနဲ့ မှောင်ခိုရောင်းဝယ်မှုတွေကို မရေမတွက်နိုင်လောက်အောင် ဖော်ထုတ်နိုင်ခဲ့တဲ့သူဖြစ်ပါတယ်။ ဒါကြောင့်လည်း သေနတ်သမားဟာ လော်တာကို ပစ်သတ်ဖို့အတွက် တမင်နောက်ယောင်ခံလိုက်နေခဲ့တာဖြစ်တယ်လို့ယူဆရပါတယ်။ လူတွေကို တုန်လှုပ်စေခဲ့တဲ့ လော်တာရဲ့သေဆုံးမှုဟာ သူမနားမနေအလုပ်လုပ်ခဲ့တဲ့ သဘာဝထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းစဉ်ကို ပိတ်သိမ်းသွားအောင်၊ မေးမှိန်ပျောက်ကွယ်သွားအောင် ရည်ရွယ်လုပ်ဆောင်ခဲ့တဲ့အနေအထားမျိုးဖြစ်သလို လော်တာရဲ့လမ်းစဉ်အတိုင်း လိုက်ပါဆောင်ရွက်ကြမယ့် ထိန်းသိမ်းစောင့်ရှောက်သူတွေကိုပါ တစ်ချီတည်းနဲ့ ကြောက်လန့်သွားအောင်သတိပေးခြိမ်းခြောက်လိုက်ခြင်းပဲဖြစ်ပါတယ်။

လော်တာလို လူတော်တစ်ယောက်ကို ဆုံးရှုံးလိုက်ရခြင်းက သဘာဝတောရိုင်းတိရစ္ဆာန်တွေအတွက် ခြိမ်းခြောက်မှုတစ်ခုလို့တောင် ဆိုရမှာပါ။

နိုင်ငံတကာဆိုင်ရာ သစ်တောဥယျာဉ်စောင့်ရှောက်ရေးဖက်ဒရေးရှင်းအဖွဲ့ ဥက္ကဋ္ဌလည်းဖြစ် The Thin Green Line ဖောင်ဒေးရှင်းကို တည်ထောင်သူ ဒါရိုက်တာလည်းဖြစ်တဲ့ စိန်ဝီလ်မိုးကတော့ လော်တာဟာပြုလုပ်ချင်ခဲ့တဲ့ ဆန္ဒတွေအတိုင်းအကောင်းဆုံးဆောင်ရွက်ခဲ့တာဖြစ်သလို လော်တာ သေဆုံးပြီးတဲ့နောက်မှာ မသမာသူတွေဖြစ်စေချင် သလိုမဟုတ်ဘဲ ဆန့်ကျင်ဘက်အရာတွေဖြစ်လာနေတာကို အထင်အရှားမြင်တွေ့လာရတော့မှာလို့ ဆိုပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့အစည်းဟာ ကြောက်ရွံ့ပြီး ဆိတ်ဆိတ်နေသွားမှာတော့မဟုတ်ဘူး။ ဒီနေ့ကစပြီး နေ့ရက်တိုင်းမှာ ကျွန်ုပ်တို့ဟာ ကာကွယ်စောင့်ရှောက်ဖို့လိုအပ်တယ်လို့သိထားတဲ့အရာတိုင်းကို ဆက်လက်ထိန်းသိမ်းကာကွယ်သွားမယ်။ သစ်တောဥယျာဉ်ထိန်းသိမ်းစောင့်ရှောက်သူတွေဟာလည်း ကြီးကျယ်တဲ့အန္တရာယ်နဲ့ အခက်အခဲဒုက္ခတွေကို ရင်ဆိုင်ရာမှာ ဘွတ်ဖိနပ်ကြိုးတွေကို အချည်မပျက်ဘဲ ဆက်ပြီးကင်းလှည့်နေဦးမှာဖြစ်သလို သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ဖို့အတွက် ရှေ့ဆုံးကနေ တိုက်ပွဲဝင်သွားဖို့ စိတ်ပိုင်းဖြတ်ထားပြီးဖြစ်တယ်လို့ ဝီလ်မိုးက ပြောကြားသွားခဲ့ပါတယ်။

**ကိုးကား-ဂါဒီယန်**

**နိုင်ငံအတွင်းနောက်ဆုံးကျန်ရှိတဲ့ ကန္တာရဆင်တွေကို ကာကွယ်စောင့်ရှောက်ရေးတာဝန်ဆောင်ရွက်နေတဲ့ တန်ဂါရာရဲ့တပ်မဟာအဖွဲ့ဟာ အကြမ်းဖက်အဖွဲ့ရဲ့ တိုက်ခိုက်မှုအောက်ကျရောက်ခဲ့တဲ့ ကုလသမဂ္ဂအခြေစိုက်စခန်းတစ်ခုကို အကူအညီပေးဖို့ တောင်းဆိုလာတဲ့အတွက် တုံ့ပြန်ဆောင်ရွက်မှုတွေပြုလုပ်ခဲ့ရပါတယ်**

# စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှ အဆက်***

(ခ) ပျက်စီးလွယ်သော ပစ္စည်းဖြစ်ပါက သတ်မှတ်ထားသော အချိန်ကာလကို ရုံးဖွင့်ရက် ၁၀ ရက်မှ ၃ ရက်သို့ လျှော့ချရမည်။ အဆိုပါ ၃ ရက်အား ထပ်မံတိုးချဲ့ခြင်း မပြုနိုင်။

၆၅။ ဆိုင်းငံ့မိန့်အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် တင်သွင်းသူသည် ဆိုင်းငံ့မိန့်အား ပြန်လည်စိစစ်ရန်နှင့် ကြားနာခွင့်ပြုရန် သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် ပြန်လည်စိစစ်ရန် အခွင့်အရေး တောင်းဆိုသည့်ရက်မှ ရုံးဖွင့်ရက် ၂၀ ရက်အတွင်း ဆိုင်းငံ့ကာလကို ပြင်ဆင်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

၆၆။ တရားရုံးက မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းမှန်ကန်ကြောင်း ဆုံးဖြတ်ခဲ့လျှင် တင်သွင်းသူသည် အဆိုပါပစ္စည်းများအား ထိန်းသိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို အကောက်ခွန်ရုံးသို့ ပေးဆောင်ရမည်။ အကောက်ခွန်အာဏာပိုင်များအနေဖြင့် တင်သွင်းသူထံမှ အဆိုပါကုန်ကျစရိတ်များကို မရရှိခဲ့လျှင် လျှောက်ထားသူသည် အဆိုပါကုန်ကျစရိတ်များအား ပေးဆောင်ရန် တာဝန်ရှိပြီး တင်သွင်းသူထံမှ ထိုသို့ ပေးဆောင်ရမည့် မည်သည့်စရိတ်ကိုမဆို ပြန်လည်ရပိုင်ခွင့်ရှိစေရမည်။

၆၇။ တရားရုံးက မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းမဟုတ်ကြောင်း ဆုံးဖြတ်ခဲ့လျှင် အဆိုပါပစ္စည်းများကို မှားယွင်းစွာဆိုင်းငံ့ခြင်းနှင့် ယာယီထိန်းသိမ်းခြင်းတို့ကြောင့် ဖြစ်ပေါ်သည့် နစ်နာကြေးကို တရားရုံးမှ သတ်မှတ်ဆုံးဖြတ်သည့် ပမာဏအတိုင်း လျှောက်ထားသူမှ တင်သွင်းသူထံ ပေးဆောင်ရမည်။

၆၈။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းများကို စီးပွားရေးအလို့ငှာမဟုတ်ဘဲ ပစ္စည်းတင်သွင်းသူက ကိုယ်ပိုင်သုံးရန် ရည်ရွယ်၍ ခရီးသည်ဝန်စည်အနေဖြင့် ယူဆောင်လာသော ပစ္စည်းများနှင့်သော်လည်းကောင်း၊ အနည်းငယ်မျှသာ တင်သွင်းတင်ပို့လာသော ပစ္စည်းများနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ။

၆၉။ အကောက်ခွန်အာဏာပိုင်များသည် မူပိုင်ခွင့်ချိုးဖောက်ခြင်းနှင့်သက်ဆိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့်သော်လည်းကောင်း၊ အခြားသောနိုင်ငံများမှ အကောက်ခွန်အာဏာပိုင်များနှင့်သော်လည်းကောင်း၊ မူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများနှင့်လည်းကောင်း သတင်းအချက်အလက်များ ဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်သည်။

**အခန်း(၂၀)**

**တရားရုံးတည်ထောင်ခြင်း**

၇၀။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သော နယ်မြေဒေသတွင် တရားရုံးများ တည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့်တရားသူကြီးများအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့်လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ တရားရုံးများကို တည်ထောင်ခြင်းမပြုမီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် အပ်နှင်းသည့် တရားရုံးအား အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့်လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) တရားရုံးများက ချမှတ်သောစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ညွှန်ကြားရေးမှူးချုပ်က ချမှတ်သော ဆုံးဖြတ်ချက်အပေါ် အယူခံမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

**အခန်း (၂၁)**

**မူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ လုပ်ပိုင်ခွင့်များ**

၇၁။ (က) မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူမည်သူမဆို ပုဒ်မ ၇၂ နှင့် ၇၃ ပါပြဋ္ဌာန်းချက်များအရ ယာယီအရေးယူ ဆောင်ရွက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူ မည်သူမဆို ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ အရေးယူပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

၇၂။ (က) တရားရုံးသည် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ ပုဒ်မ ၇၁ ပုဒ်မခွဲ(က)အရ လျှောက်ထားလာပါက တရားမကြောင်းအရ ကုစားဆောင်ရွက်ရန် အောက်ပါယာယီအရေးယူဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(၁) မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းအား ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ရှင်းလင်းပြီးသည့် သွင်းကုန်ပစ္စည်းများအပါအဝင် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်သည့်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ် တားဆီးရန်အတွက် သင့်သည်ထင်မြင်သည့်အမိန့်၊

(၂) စွပ်စွဲခံရသော မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်မှုနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားများကို မူလအခြေအနေမပျက် ထိန်းသိမ်းထားရန်အတွက် သင့်သည် ထင်မြင်သည့်အမိန့်၊

(၃) သက်ဆိုင်ရာအကောက်ခွန်ရုံးက ထုတ်ထားသည့် ဆိုင်းငံ့မိန့်ကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန်အမိန့်။

(ခ) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ပေးရန်အတွက် လျှောက်ထားသူထံမှ အောက်ပါတို့ကို တောင်းဆိုနိုင်သည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ယင်း၏ အခွင့်အရေးကို ထိပါးချိုးဖောက်ခံနေရကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ခံရရန် အလားအလာရှိကြောင်း ခိုင်လုံသေချာစေရန်အလို့ငှာ သင့်လျော်လုံလောက်သည့် မည်သည့်သက်သေခံအထောက်အထားများကိုမဆို တင်ပြစေခြင်း၊

(၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက်သည့် အာမခံတင်သွင်းစေခြင်း၊

(ဂ) တရားရုံးက ထုတ်ပြန်ထားသောအမိန့်အရ ယာယီအရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် တရားရုံးသည် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ်လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန်လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) တရားရုံးသည် လျှောက်ထားသူတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကိုအပြီးအပြတ် ဆုံးဖြတ်နိုင်ရန်အတွက် တရားမကြောင်းအရ တရားစွဲဆိုခြင်းကို တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက် သို့မဟုတ် ပြက္ခဒိန်ရက်ပေါင်း ၃၁ ရက်တို့အနက် ပိုမိုကြာမြင့်သည့်အချိန်အတွင်း တရားစွဲဆိုမှုကို စတင်ဆောင်ရွက်ခဲ့ခြင်းမရှိလျှင် ပုဒ်မ ၇၃ ပုဒ်မခွဲ(ခ) ကို မထိခိုက်စေဘဲ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၇၃ ပုဒ်မခွဲ(က) တို့အရ ချမှတ်ထားသော ယာယီအရေးယူ ဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(င) တရားရုံးသည် ယာယီအရေးယူ ဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်မျှတသော လျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၇၃။ (က) တရားရုံးသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် တစ်ဖက်သတ်ယာယီ အရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူအား ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကို ဖြစ်စေတန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကို ဖျက်ဆီးခံရမည့် အန္တရာယ်ကျရောက်မည်ဟု စိုးရိမ်ဖွယ်ရာရှိခြင်း၊

(ခ) တရားရုံးသည် တစ်ဖက်သတ်ယာယီအရေးယူ ဆောင်ရွက်ရာတွင်-

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့်အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) တရားရုံးက သတ်မှတ်သည့် သင့်လျော်သော အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူ ဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(၃) ယင်းယာယီအရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အား ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့်ကာလအတွင်း ဆောင်ရွက်ရမည်။

၇၄။ (က) မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဆိုင်ရာ ဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေချမှတ်နိုင်သည် -

(၁) အကောက်ခွန် ရှင်းလင်းပြီးသည့် တင်သွင်းလာသော မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ထားသည့်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးခြင်းအပါအဝင် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုကို ရပ်ဆိုင်းရန်အတွက် သင့်သည်ထင်မြင်သည့်အမိန့်၊

(၂) (ကက) မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံ လုံလောက်သော နစ်နာကြေးကို ပေးဆောင်စေရန်အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သောကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ် တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူမှ ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကို ဖြစ်စေ ပြန်လည်ပေးစေရန် အမိန့်။

(ခခ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များအား ပေးဆောင်စေရန် အမိန့်။

(၃) အခွင့်အရေးရရှိသူကို ထိခိုက်နစ်နာမှုမရှိစေရန်အလို့ငှာ လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင်ခြင်းမရှိဘဲ မူပိုင်ခွင့်ချိုးဖောက်သောပစ္စည်းများကို ကုန်သွယ်မှုလမ်းကြောင်းမှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့်အမိန့်၊

(၄) မူပိုင်ခွင့် ချိုးဖောက်သောပစ္စည်းများပြုလုပ်ရာတွင် အဓိကအသုံးပြုသော ပစ္စည်းကိရိယာ တန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းမှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့် အမိန့်။

(ခ) တရားရုံးသည် ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၃)နှင့်(၄)အရ အမိန့်တစ်ခုခုကို ချမှတ်ရန် စဉ်းစားရာတွင် အဆိုပါအမိန့်နှင့် မူပိုင်ခွင့်ချိုးဖောက်မှုအတိုင်းအတာကို အချိုးညီစွာ ချင့်ချိန်ဆုံးဖြတ်ရမည်ဖြစ်ပြီး အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၇၅။ မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့တိုင်ကြားခြင်းကြောင့် မှားယွင်းစွာဟန့်တားခံရသည့် တရားပြိုင်အား တိုင်တန်းသူက လျော်ကြေးပေးရမည့်အပြင် တရားပြိုင်၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို တိုင်တန်းသူက ပေးဆောင်စေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၇၆။ (က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်ကတင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့် စပ်ဆိုင်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ၊

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းတို့၏ အပြန်အလှန်စွပ်စွဲငြင်းဆိုသည့်အချက်များ အပါအဝင် သတင်းအချက်အလက်များအပေါ်အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့် ပဏာမနှင့်အပြီးသတ် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သော သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သော အချိန်ကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်၊

၇၇။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်တွင် ငွေဒဏ်ချမှတ်ခဲ့ပါက ယင်းချမှတ်သော ငွေဒဏ်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း နစ်နာကြေးအဖြစ် နစ်နာသူအား ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၇၈။ တရားစွဲဆိုရန် အကြောင်းတစ်ရပ်တည်းကို အခြေပြု၍ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးဖြင့် စွဲဆိုပါက တရားရုံးသည် တရားမမှုတွင် ထိခိုက်နစ်နာမှုအတွက် နစ်နာကြေးပေးစေရန် စီရင်ချက်၊ အမိန့်နှင့် ဒီကရီချမှတ်သည့်အခါ ပုဒ်မ ၇၇ အရ ချမှတ်သည့် ငွေဒဏ်မှနစ်နာကြေးအဖြစ်ပေးခဲ့သော ငွေကြေးကို ခုနှိမ်ပေးနိုင်သည်။

***(ဆက်လက်ဖော်ပြပါမည်)***

# တိုက်ကြီးမြို့နယ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးနှင့် ဝိနည်းဓိုရ်(ဂိုဏ်းပေါင်းစုံ) ဆင့်ပွားသင်တန်းဖွင့်လှစ်ရေးဆွေးနွေး

**တိုက်ကြီး သြဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ဇောဓိကုန်းရပ်ကွက် ပြည်သဒ္ဒမဇောတိကာရုံကျောင်း ဓမ္မာရုံ၌ သြဂုတ် ၂၉ ရက်က ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးနှင့် ဝိနည်းဓိုရ် (ဂိုဏ်းပေါင်းစုံ) ဆင့်ပွားသင်တန်း ဖွင့်လှစ်ရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် သာသနာရေးမှူးက ဂိုဏ်းပေါင်းစုံအစည်းအဝေးနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်း ဖွင့်လှစ်ရေး စီမံချက်ပါအတိုင်း ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ဆရာတော်များက လိုအပ်သည်များကို ဆောင်ရွက်ထားရှိရန် မိန့်ကြားသည်။ အစည်းအဝေးသို့ မြို့နယ်သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာဝံသအမှူးရှိသော ဂိုဏ်းပေါင်းစုံဆရာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

**ထွန်းလှိုင်(မြိုင်)**

# စစ်ဘေးရှောင်ပြည်သူများအတွက် ပုဏ္ဏားကျွန်း၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့်



**ပုဏ္ဏားကျွန်း သြဂုတ် ၃၀**

သြဂုတ် ၂၅ရက်နေ့မှ စတင်ခဲ့သော မောင်တော၊ ဘူးသီးတောင်နှင့်ရသေ့တောင်မြို့များ၌ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံရခိုင်တိုင်းရင်းသားမျိုးနွယ်စုများသည် ဘေးလွတ်ရာသို့ ခေတ္တထွက်ပြေး တိမ်းရှောင်လျက်ရှိကြရာ သြဂုတ်၂၇ ရက်က ဘူးသီးတောင်မြို့နယ် သိမ်တောင်ပြင်ကျေးရွာနှင့် တောင်မော်ရွာကျေးရွာမှ ရခိုင်မျိုးနွယ်စု ဒိုင်းနက်တိုင်းရင်းသား ၁၅၉ ဦးနှင့် ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာမှ ရခိုင် ၁၂ ဦး စုစုပေါင်း ၁၇၁ဦး တို့သည် စက်လှေများဖြင့် ထွက်ပြေးရင်း စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိလာကြရာ မြို့နယ်လုံးဆိုင်ရာ ရဟန်းတော်များအဖွဲ့နှင့် မြို့ပေါ်မှကူညီကယ်ဆယ်ရေးအဖွဲ့တို့ ပူးပေါင်းပြီး လောကမာရဇိန်အဓိဋ္ဌာန်ဘုရားကြီး သိမ်တော်အတွင်း ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ကာ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်းမှာ တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပြည်သူများ အထိတ်တလန့် မဖြစ်ပေါ်စေရေးအတွက် လုံခြုံရေးအစီအမံများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဌေး၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဘစုနှင့်ဌာနဆိုင်ရာများ မြို့မိမြို့ဖများပူးပေါင်းကာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ လိုအပ်သလို လုံခြုံရေးအစီအမံများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သူ(ပြန်/ဆက်)**

# မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပ

**တောင်ကုတ် သြဂုတ် ၃၀**

ချမ်းမြေ့မေတ္တာဖွံ့ဖြိုးရေးအသင်းနှင့် ပလန်မြန်မာတို့သည် ဂျာမနီနိုင်ငံ၏ အထောက်အပံ့ဖြင့် တောင်ကုတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ကို သြဂုတ် ၂၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီးက အမှာစကားနှင့်အတူ သိမှတ်ဖွယ်ရာများပြောကြားခဲ့ပြီး မြို့နယ်သူနာပြုဆရာကြီးကလည်း အာဟာရရက်သတ္တပတ်နှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။ ထိုအခမ်းအနားတွင် အာဟာရနှင့်ပတ်သက်သော အသိပညာပေး ဗွီနိုင်း၊ ပိုစတာ၊ လက်ကမ်းစာစောင်များ၊ "ကလေးအသက် ခြောက်လပြည့်သည်အထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးပါ" ဆောင်ပုဒ် စပို့ရှပ်အင်္ကျီများ ဝေငှခြင်း၊ စီမံကိန်း၏လုပ်ငန်းများ ဓာတ်ပုံပြခန်းပြသခြင်း၊ ကလေးများအားလုံးအတွက် ထမင်းချိုင့်၊ ဇွန်းနှင့်အဖုံးပါသော သောက်ရေဘူး၊ ကစားရန်ဘောလုံးများကိုဆုအဖြစ် ပေးအပ်ခြင်းများ ပြုလုပ်ခဲ့သည်။ ထို့အပြင် မြို့အတွင်း လူစည်ကားသောနေရာတွင် "ဘဝရွှေဆောင် ရက် ၁၀၀၀ အနာဂတ်အတွက် အလင်းရောင်"ဟူသောဆောင်ပုဒ်ပါ ဗွီနိုင်းကို လွှင့်ထူခဲ့သည်။

စီမံချက်ကျေးရွာများတွင်လည်း ကျေးရွာသားဖွားဆရာမများနှင့် ပူးပေါင်း၍ အသိပညာပေးဆွေးနွေးခြင်း၊ အခြေခံအာဟာရအသိပညာပေး ဗီဒီယိုခွေပြသခြင်း၊ အာဟာရနှင့်ပတ်သက်သော အသိပညာပေး လက်ကမ်းစာစောင် လေးမျိုးဖြန့်ဝေခြင်းများ ဆောင်ရွက်သည်။ ယင်းဆွေးနွေးပွဲတွင် ကျေးရွာရှိ ငါးနှစ်အောက် ကလေးမိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့ဝင်များ အခြားစိတ်ပါဝင်စားသူများ တက်ရောက်ကြပြီး ငါးနှစ်အောက် ကလေးမိခင်များအားလုံးကို အာဟာရ၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်းများကို မေးခွန်းများမေး၍ အမှတ်အများဆုံးရသူစုစုပေါင်း ၄၆ ဦးကို ကျေးရွာတွင် လည်းကောင်း၊ မြို့နယ်တွင်လည်းကောင်း ဆုများပေးအပ်သည်။ ကျေးရွာအဆင့် အာဟာရရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားတွင် ရိုးရာမုန့်များကို တိုးတက်စားသုံးရန် ရည်ရွယ်ပြီး ရိုးရာမုန့်များ တည်ခင်းဧည့်ခံခြင်း၊ ဆပ်ပြာထုပ်များကို အမှတ်တရ လက်ဆောင်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုသက်**



# မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကျင်းပရန် လှူဒါန်းငွေ ၂၈သိန်းကျော်ပေးအပ်လှူဒါန်း

**မိတ္ထီလာ သြဂုတ် ၃၀**

မိတ္ထီလာ၌ (၁၃၄)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို သြဂုတ် ၂၈ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပခဲ့ရာ ယင်းပွဲတော်တွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကျင်းပရန် လှူဒါန်းငွေကျပ် ၂၈ သိန်းကျော်ကို ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာများက ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက (၁၃၄)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို H1N1 ရောဂါဖြစ်ပွားမှုအခြေအနေများကြောင့် ပြပွဲ၊ ပြခန်း၊ ဈေးဆိုင်ခန်းများမပါစေဘဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ ဘုရားပွဲတော် ရိုးရာအစဉ်အလာအတိုင်း လှေပြိုင်ပွဲ ၊ ဆွမ်းသပိတ်လောင်းလှူပွဲများကို ထည့်သွင်းကျင်းပပြီး ပွဲတော်အောင်မြင်စွာပြီးမြောက်နိုင်ရေးအတွက် တာဝန်ခွဲပေးထားသည့် လုပ်ငန်းဆပ်ကော်မတီအလိုက် အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းဆပ်ကော်မတီအလိုက် ဘုရားပွဲတော်ပြီးမြောက်အောင်မြင်ရေးဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများက စုပေါင်းလှူဒါန်းသည့် လှူဒါန်းငွေကျပ် ၂၈၁၀၀၀၀ အား ဖောင်တော်ဦးစေတီတော်ဂေါပကအဖွဲ့ထံသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနှင့် ခရိုင်လမ်းဦးစီးဌာနမှ တာဝန်ရှိသူတို့က ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ယင်းမြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို စက်တင်ဘာလ တစ်ရက်မှ ငါးရက်အထိ ကျင်းပမည်ဖြစ်ပြီး အကြီးတန်း၊ အငယ်တန်းပြိုင်ပွဲ နှစ်မျိုးတွင် လှေအသင်း ၁၄ သင်းခန့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ လှေပြိုင်ပွဲ ဆုကြေးငွေများကို အကြီးတန်း၌ ပထမဆုကို ငွေကျပ် သုံးသိန်း၊ ဒုတိယဆုကို ငွေကျပ် နှစ်သိန်း၊ တတိယဆုကို ငွေကျပ် တစ်သိန်း၊ အငယ်တန်း၌ပထမဆုကို ငွေကျပ် နှစ်သိန်း၊ ဒုတိယဆုကို ငွေကျပ် တစ်သိန်းငါးသောင်း၊ တတိယဆုကို ငွေကျပ် တစ်သိန်း ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# လှိုင်ကော်မဟာမြတ်မုနိမိုးကောင်းဘုရားကြီး အာရုံခံတန်ဆောင်းတော်အသစ် ဆောက်လုပ်နေ





**လှိုင်ကော် သြဂုတ် ၃၀**

ကယားပြည်နယ် လှိုင်ကော်မြို့ မင်္ဂလာရပ်ကွက်အတွင်း တောင်ကွဲစေတီတော် အနီးရှိ လှိုင်ကော်မြို့၏ အထင်ကရ ဆုတောင်းပြည့် မဟာမြတ်မုနိမိုးကောင်းဘုရားကြီး၏ အာရုံခံတန်ဆောင်းတော်ကြီးသည် နှစ်ကာလကြာမြင့်၍ ယိုယွင်းပျက်စီးလာသောကြောင့် အာရုံခံတန်ဆောင်းတော်အသစ် တည်ဆောက်လျက်ရှိရာ အလှူငွေများ လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အသစ်တည်ဆောက်လျက်ရှိသော အာရုံခံတန်ဆောင်းတော်ကြီးသည် အလျားပေ ၁၅၀၊ အနံ ပေ ၇၀၊ အမြင့် ၃၆ ပေ ခြောက်လက်မရှိ သံလက်ယန်း အမျိုးအစားဖြစ်ပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၉ သန်းဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၃၁ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးရန် လျာထားသတ်မှတ်ထားပြီး အဆိုပါအာရုံခံတန်ဆောင်းတော် အသစ် တည်ဆောက်ရေးလုပ်ငန်းတွင် အလှူငွေများ ထည့်ဝင်လိုပါက ဆုတောင်းပြည့်မဟာမြတ်မုနိ မိုးကောင်းဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း-၀၉-၇၈၅၆၀၀၆၇၆ နှင့် ၀၉-၅၆၀၁၁၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# မလှိုင်မြို့ပြည်သူ့ဆေးရုံအမိုးများ ပျက်စီးနေခြင်းအား ပြုပြင်ရန်လိုအပ်

**မလှိုင် သြဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ အမိုးများ ပျက်စီးနေကြောင်း သိရသည်။ မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီးမှာ ၁၉၆၈ ခုနှစ်ကတည်းက စတင်တည်ဆောက်ခဲ့ပြီး မြို့နေပြည်သူတို့၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးနေသော ဆေးရုံဖြစ်ကြောင်း သိရသည်။ နှစ်ပေါင်း ၄၉ နှစ်နီးပါး ကြာမြင့်နေပြီဖြစ်သော အဆောက်အအုံဖြစ်၍ ယခုအခါ မိုးရွာလျှင် မိုးရေကျဆင်းယိုစိမ့်မှုများဖြစ်ပေါ်ကာ ဆေးရုံသို့လာရောက် ကုသသူများနေထိုင်ရာ ဆေးကုသဆောင်သာမက ပြည်သူ့ဆေးရုံ၌ တာဝန်ကျနေသော ဝန်ထမ်းများ၏တာဝန်ခန်းများတွင်ပါ မိုးရေယိုစိမ့်ကျဆင်းမှုများ ဖြစ်နေကြောင်း သိရသည်။

"ကျွန်မတို့ မလှိုင်မှာ အားကိုးစရာဆိုလို့ ဒီပြည်သူ့ဆေးရုံပဲ ရှိတာပါ။ မိုးတွေရွာတဲ့အခါ ဒီလူနာဆောင်ထဲကျတယ်။ ကျွန်မတို့တင် မဟုတ်ပါဘူး။ ဆေးရုံမှာရှိတဲ့ တာဝန်ကျဆရာ ဆရာမတွေလည်း ဟိုရွှေ့ဒီရွှေ့နဲ့ပါ"ဟု မလှိုင်မြို့ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသူတစ်ဦးက ပြောသည်။

"လူနာကုသဆောင်ရော တာဝန်ကျ ဂျူတီခန်းတွေပါ မိုးမလုံတာပါ။ ဌာနကို တင်ပြပြီး ခွင့်ပြုချက်တောင်းနေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်နဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။ မလှိုင်မြို့မှာရှိတဲ့ လိုအပ်ချက်တွေအတွက် နိုင်ငံတော်ဘတ်ဂျက်ငွေ သိန်းတစ်ထောင်ရရှိတဲ့အထဲက ဒီလို လိုအပ်ချက်ကို ပြုပြင်ပေးဖို့ တင်ပြဆောင်ရွက်ထားပါတယ်။ အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ။ တာဝန်ရှိသူတွေကိုလည်း အဆင့်ဆင့်တင်ပြထားပါတယ် "ဟု မြို့နယ်ပြည်သူ့ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာနေမင်းမျိုးထွန်းက ပြောသည်။

**ဘိုဘို(မလှိုင်)**

# ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

**ခနုဖြူ သြဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနုဖြူမြို့နယ်၌ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဆုရရှိကြသော အ.ထ.က(၃)ကျောင်းနှင့် အ.ထ.က-ခွဲ(၃)ကျောင်းမှ ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ ဆရာမ ၉၄ ဦး၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၉၀ နှင့် နှစ်ထပ်ကွမ်းလူရည်ချွန်တစ်ဦးတို့အား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို သြဂုတ်လနောက်ဆုံးပတ်က အ.ထ.က(၁) ခနုဖြူတေဇခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီ တက်ရောက်ချီးမြှင့်ခဲ့ပြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့သည့် ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် ၃၆ ဦး စသည့်ဂုဏ်ထူးရရှိသူ စုစုပေါင်း ၂၉၁ ဦးတို့ကို ဆုများအသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခင်သန္တာထွေး(ပြန်/ဆက်)**

မြန်မာ့အလင်း


# ပလတ်စတစ်နှင့် မြစ်ကြီးများအန္တရာယ်

ဒေါက်တာမြင့်သန်း (ညောင်လေးပင်)

လူတို့စွန့်ပစ်သော အလေးချိန်တန် သန်းနှင့်ချီသော ပလတ်စတစ်အညစ်အကြေးများကြောင့် ကမ္ဘာ့မြစ်ကြီးများနှင့် ရေထုတွင်ကြီးမားသောဆိုးကျိုးများနှင့် ရင်ဆိုင်ရဖွယ်ရှိနေပြီဖြစ်သည်။ မကြာမီက လေ့လာမှုတစ်ခုအရ ထိုစွန့်ပစ်သောပလတ်စတစ်အညစ်အကြေးများ၏ ၈၆ ရာခိုင်နှုန်းခန့်တို့သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့မြစ်ကြီးများထဲတွင် စီးမျောနေကြကြောင်း သိရသည်။ Ocean Clean Up အမည်ရ Dutch foundation ဒတ်ချ်ဖောင်ဒေးရှင်းတစ်ခုက လေ့လာခဲ့ခြင်းဖြစ်သည်။ ထိုအဖွဲ့သည်ပင်လယ်များထဲတွင် မျောပါနေသော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို လိုက်လံဆယ်ယူပေးနေသော အဖွဲ့ဖြစ်သည်။ ၎င်းတို့၏တွေ့ရှိချက်အရ ထိုစွန့်ပစ်ပလတ်စတစ်တို့သည် အဓိကအားဖြင့် တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့၏ မြစ်ကြောင်းများမှ ထွက်လာကြခြင်းဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့မြစ်ကြောင်းရေစီးဆင်းမှုတွင် ၁ ဒသမ ၁၅ မှ ၂ ဒသမ ၄၁ မက်ထရစ်တန်သန်းခန့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများရှိနေပြီး သမုဒ္ဒရာကြီးများထဲအထိ စီးဆင်းနေကြပြီဖြစ်သည်။

အများစုမှာပလတ်စတစ်ပုလင်းများနှင့် အိတ်များဖြစ်ကြသည်။ ထိုပစ္စည်းများ၏သုံးပုံနှစ်ပုံခန့်တို့သည် ရေထုညစ်ညမ်းနေသော မြစ်ကြီးအစင်း ၂၀ တို့မှ ထွက်လာကြခြင်းဖြစ်ပြီး အများစုမှာ အာရှတိုက်မှဖြစ်သည်ဟု သိရသည်။ အဆိုပါမြစ်ကြီး ၂၀ အနက် မြစ်ကြီးခုနစ်စင်းတို့သည် တရုတ်နိုင်ငံ၏ အဓိကမြို့ကြီးများမှာ အရင်းခံလာနေကြခြင်း ဖြစ်သည်။

ထို့အပြင် ထိုမြစ်ကြီးများရှိ စွန့်ပစ်ပလတ်စတစ်များ၏သုံးပုံနှစ်ပုံ ၆၇ ရာခိုင်နှုန်းခန့်တို့သည် ထိုမြစ်ကြီးများတွင် မျောပါ ဖြတ်သန်းသွားနေကြခြင်းလည်း ဖြစ်သည်။ ယန်ဇီမြစ်ကြီးသည် တရုတ်နိုင်ငံ၏လူဦးရေထူထပ်သော မြို့ကြီးဖြစ်သော ရှန်ဟိုင်းမြို့ကြီးကို ဖြတ်သန်းလာပြီး စွန့်ပစ်ပလတ်စတစ်များဖြင့် အများဆုံးပြည့်နေလေ့ရှိသည်ကိုတွေ့ရသည်။ အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကိုဖြတ်သန်းစီးဆင်းသော ဂင်္ဂါမြစ်ကြီးသည် ယန်ဇီမြစ်ကြီးအပြီး ညစ်ညမ်းမှုအများဆုံးဖြစ်သည်။ တရုတ်နိုင်ငံမှ ရှီမြစ် (Xi river) အနောက်ပိုင်းရပ်ဝန်းရှိ ပုလဲမြစ် (Pearl river) တို့သည် လူဦးရေသန်း ၁၀၀ ကျော်နေထိုင်သောတရုတ်နိုင်ငံ၏ လူဦးရေ အထူထပ်ဆုံး ကွမ်တုံပြည်နယ်အတွက် အဓိကကျသောရေလမ်း စီးဆင်းမှုဖြစ်သည်။ ထိုမြစ်ကြီးတို့တွင် စွန့်ပစ်ပလတ်စတစ်များဖြင့် ညစ်ညမ်းလျက်ရှိသည်ကို တွေ့ရသည်။

ထိုသို့ ညစ်ညမ်းမှုတို့၏ နဝမမြောက်နေရာမှာ မြန်မာနိုင်ငံမှ ဧရာဝတီမြစ်ကြီးဖြစ်သည်။ နိုင်ငံ၏အကြီးဆုံးမြစ်ကြီးဖြစ်ပြီး မြောက်ပိုင်းမှတောင်ပိုင်းသို့ စီးဆင်းကာ မုတ္တမပင်လယ်ကွေ့ထဲစီးဝင်သည်။ ၁၁ ခုမြောက်နေရာမှာ မဲခေါင်မြစ်ကြီးဖြစ်ပြီး ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအို၊ တရုတ်၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့ကိုဖြတ်သန်းစီးဆင်းပါသည်။ ယန်ဇီမြစ်ကြီး၏ မြစ်ဝနေရာတွင် စွန့်ပစ်ပလတ်စတစ်ပါဝင်နှုန်းသည် တစ်ကုဗမီတာတွင် ၄၁၃၇ (4137particles)ရှိသည်ဟု သိရပါသည်။ ထိုမြစ်ကြီးသည် နှစ်စဉ်ပလတ်စတစ်တန်ပေါင်း ၂၀၀၀၀ ခန့်သမုဒ္ဒရာများအတွင်းသို့ ပို့ဆောင်နေခြင်းလည်း ဖြစ်သည်။ တရုတ်နိုင်ငံ၏ မြစ်ကြီးအများစုက ကမ္ဘာ့ပင်လယ်ရေထုကို စွန့်ပစ်ပလတ်စတစ်များဖြင့် ညစ်ညမ်းစေလျက်ရှိပြီး ဒုတိယမှာ အင်ဒိုနီးရှားနိုင်ငံမှမြစ်ကြီးလေးစင်းဖြစ်ပြီး တတိယမှာ မြန်မာနိုင်ငံမှမြစ်ကြီးနှစ်စင်းတို့ ဖြစ်ကြသည်။ တရုတ်နိုင်ငံသည်ပလတ်စတစ်ပစ္စည်းထုတ်လုပ်မှုအများဆုံးနိုင်ငံလည်းဖြစ်ပြီး ၂၀၁၅ခုနှစ်ကမက်ထရစ်တန်ပေါင်း ၇၄ ဒသမ ၇ မျှ ထုတ်လုပ်ခဲ့ကြောင်း၊ ၂၀၁၆ Report by Plastic Europe အဖွဲ့ကြီး၏လေ့လာမှုအရ သိရသည်။ ထိုသို့သော ပင်လယ်သမုဒ္ဒရာတို့တွင် လူတို့စွန့်ပစ်သော ပစ္စည်းတို့ကြောင့် ရေထုညစ်ညမ်းကာ ရေသတ္တဝါများစွာ သေဆုံးလျက်ရှိသည်။ ရေအောက်ဂေဟစနစ်ကိုလည်း ပျက်စီးယိုယွင်းစေခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ပြင်းစွာထိခိုက်စေခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကိုလည်း ဖြစ်စေလျက်ရှိသည်။




(GLNM 21.6.17).

အထက်ပါဇယားတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းအများဆုံးရှိနေသော ကမ္ဘာ့မြစ်ကြီးများကို တွေ့နိုင်ပါသည်။

တရုတ်နိုင်ငံကမြစ်ကြီးခုနစ်စင်း၊ အင်ဒိုနီးရှားနိုင်ငံက လေးစင်း၊ မြန်မာနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့က နှစ်စင်းစီ ဖြစ်သည်။ပလတ်စတစ်နှင့် ပြုလုပ်ထားသောလူသုံးကုန်တို့မှာ ကမ္ဘာတစ်ဝန်း ၂၀၁၀ ပြည့်နှစ်ကတန်ပေါင်းသန်း ၃၀၀ ခန့်ရှိခဲ့သည်ဟု သိရပါသည်။ ယင်းတို့သည်နေ့စဉ်သုံးစရာတို့တွင် မပါမဖြစ်ပါနေသောပစ္စည်းများလည်းဖြစ်နေသည်။ ပလတ်စတစ်တို့၏သုံးပုံတစ်ပုံမှာ ထုပ်ပိုးရာတွင်သုံးသော ပလတ်စတစ်များဖြစ်ကြသည်။ သုံးပြီး အလွယ်တကူစွန့်ပစ်ကြသည်။ ၁၉၅၀ ပြည့်နှစ်က ၀ ဒသမ ၅ သန်းတန်မျှသာ ထုတ်လုပ်ခဲ့သောပလတ်စတစ်တို့သည် ယခုအခါတန် သန်း ၃၀၀ ကျော်နေပြီဖြစ်သည်။ သုံးပြီးစွန့်ပစ်သည့် ပလတ်စတစ်တို့သည် ကမ္ဘာမြေပေါ်ရှိ မြူနီစီပယ်အဖွဲ့ပေါင်းက ရှင်းပစ်နေရသောစွန့်ပစ်ပစ္စည်းတို့၏ ၁၀ ရာခိုင်နှုန်းမျှလည်း ဖြစ်နေသည်။ ပလတ်စတစ်တို့၏ အလွန်မြဲမြံသောဖွဲ့စည်းထားပုံမှာ ပျက်စီးပျောက်ကွယ်သွားရန် အလွန်ခက်ခဲသည်ကို တွေ့ရသည်။

The Marine Conservancy အဖွဲ့၏လေ့လာတွေ့ရှိချက်အရ foam plastic cup ပလတ်စတစ်ရေခွက်တစ်ခု ပျက်စီးသွားဖို့နှစ်ပေါင်း ၅၀၊ အဖျော်ရည်ထည့်ဘူးတစ်ခု၏ လက်ကိုင်ပျက်စီးသွားဖို့ နှစ်ပေါင်း ၄၀၀၊ plastic diaper ပလတ်စတစ်အတွင်းခံ တစ်ခုကနှစ်ပေါင်း ၄၅၀၊ ငါးဖမ်းပိုက်ကြိုးကြီးဆိုလျှင် နှစ်ပေါင်း ၆၀၀ မျှကြာရှည်နိုင်သည်ဟု သိရသည်။

ထို့ကြောင့် ပလတ်စတစ်ပစ္စည်းအမျိုးမျိုးတို့ကို သုံးပြီးသည်နှင့် ပတ်ဝန်းကျင်ကို အမြဲညစ်ညမ်းနေစေမည့်ပစ္စည်း Persistent Pollutants များအဖြစ်တည်ရှိနေ



မည်ဖြစ်သည်။ ၂၀၁၂ ခုနှစ်ကလေ့လာမှုတစ်ခုအရ ကမ္ဘာ့သမုဒ္ဒရာကြီးများတွင် စွန့်ပစ်ပလတ်စတစ်ပေါင်းတန် ၁၆၅ သန်းခန့်ရှိလိမ့်မည်ဟု ခန့်မှန်းကြသည်။ ဖော်ပြပါမြစ်ကြီးများမှတစ်ဆင့် ပင်လယ်နှင့် သမုဒ္ဒရာကြီးများထံစုဝေးရောက်ရှိနေကြခြင်းဖြစ်သည်။ ထိုပလတ်စတစ်တို့တွင် nurdles ခေါ် ပလတ်စတစ်အစေ့ကလေးများ ဖြစ်သည်။ ယင်းတို့သည် microplastics ပလတ်စတစ်အငယ်စားလေးများဖြစ်ပြီး ယင်းတို့မှပလတ်စတစ်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ရသည်။ ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်ရာတွင်အဓိကကျသော ထိုပစ္စည်းတို့ကို သင်္ဘောများဖြင့်သယ်ဆောင်ရာတွင်လည်း ပင်လယ်သမုဒ္ဒရာများအတွင်း များစွာကျသွားတတ်သည်။ ယင်းတို့သည် ပျက်စီးရန်အလွန်ခက်ခဲသော ပလတ်စတစ်အမျိုးအစားလည်း ဖြစ်သည်။

ကမ္ဘာတစ်ဝန်းပင်လယ်ကမ်းခြေများ၏ ၁၀ ရာခိုင်နှုန်းတွင် ထိုပလတ်စတစ်စေ့လေးများ စုပုံနေတတ်သည်ဟုသိရသည်။ သမုဒ္ဒရာများတွင်ရောက်ရှိနေသော ပလတ်စတစ် အချို့တို့သည် တစ်နှစ်အတွင်းပြိုကွဲတတ်ကြသည်။ သို့သော် ယင်းတို့တွင် ပါဝင်သော အဓိကဓာတုပစ္စည်းများဖြစ်သည့် Bisphenol A,Polystyrene တို့သည်ရေထုထဲ ဝင်ရောက်ကာ ရေထုကို ညစ်ညမ်းစေတတ်ပါသည်။ ကြွပ်ကြွပ်အိတ်မျိုးစုံ ပလတ်စတစ်အသုံးအဆောင်မျိုးတို့သည် အဆိုပါ Polystyren ပလတ်စတစ်စေ့ nurdles တို့နှင့် ရောကာ ရေထုကြီးကိုပြင်းစွာ ညစ်ညမ်းစေပါသည်။ လေ့လာမှုတစ်ခုအရ ငါးထရီလီယံတန်မျှသော ပလတ်စတစ်တို့သည် ပင်လယ်ပြင်ကြီးများထဲတွင် မျောပါနေကြသည်။

ယင်းတို့သည် ရေနေသတ္တဝါများကို ထိခိုက်နေစေကြသည်။ Diethylhexy-lphalate၊ ခဲသတ္တု၊ ကက်မီယမ်သံသတ္တုဓာတ်များနှင့် ပြဒါးဓာတ်တို့သည် ပလတ်စတစ်များတွင်ပါဝင်ပြီး ယင်းတို့သည် carcinogenic ကင်ဆာဖြစ်စေနိုင်သည့်ဓာတုပစ္စည်းများဖြစ်ကြသည်။

ထိုဓာတု ပစ္စည်းများကြောင့် ကင်ဆာရောဂါများ၊ ခုခံအားကျ ဆင်းမှုများနှင့် မွေးရာပါချို့ယွင်းချက်များစွာ ဖြစ်ပွားစေနိုင်သည်။ ပညာရှင်တစ်ဦး ဖြစ်သည့် Dr.Marcus Eriksen ၏အဆိုအရ ၂၀၁၆ ခုနှစ်ကရေထုအတွင်း ပလတ်စတစ်အပိုင်းအစပေါင်း ၅ ဒသမ ၂၅ ထရီလီယံမျှ ရောနှောပါဝင်ညစ်ညမ်းနေပြီး ယင်းသည် ပလတ်စတစ်တန်ပေါင်း ၂၇၀၀၀၀ အလေးချိန်နှင့် ညီမျှသည်။

ထိုညစ်ညမ်းမှုများကြောင့် ရေနေသတ္တဝါများသာမက လူသားများကိုပါ ဘေးအန္တရာယ်ဖြစ်စေပါသည်ဟု သိရသည်။

ပလတ်စတစ်တွင်ပါဝင်သော Bisphenol A(BPA) သည်အမေရိကန်နိုင်ငံသား ၉၅ ရာခိုင်နှုန်းတို့၏ ဆီးထဲတွင်စစ်ဆေး တွေ့ရှိရပြီးဖြစ်သည်ဟု သိရသည်။ BPA ကြောင့် သားသမီးမြုံခြင်းများ၊ မျိုးပွားအင်္ဂါမဖွံ့ဖြိုးမှုများ၊ အခြားကျန်းမာရေးဆိုင်ရာထိခိုက်မှုများစွာ ဖြစ်စေနိုင်ပါသည်။ Phthalates အမည်ရှိဓာတုပစ္စည်းကြောင့်လည်း အလားတူပြဿနာများ ဖြစ်စေတတ်သည်။ BPA ကြောင့် Thyroid Gland သိုင်းရွိုက်ဂလင်းကို ထိခိုက်စေသည်ကိုလည်းတွေ့ရှိလာသည်။ BPA သည် Thyroid receptor(TR)activity ခေါ် သိုင်းရွိုက်ဂလင်း၏စွမ်းဆောင်ရည်များ လက်ခံဆောင်ရွက်နိုင်မှုစနစ်ကို လျော့ကျစေပါသည်။ သိုင်းရွိုက်ဂလင်းသည် လူသား၏ ဇီဝယန္တရားများချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် အဓိကနေရာမှ ဆောင်ရွက်ပေးနေသော ဟော်မုန်းများကိုထုတ်ပေးနေခြင်းဖြစ်သည်။ BPA ကြောင့် Hypothyroidism ခေါ်သိုင်းရွိုက်ဂလင်းမြုံခြင်းဖြစ်စေသဖြင့် ပုံမှန်ဇီဝယန္တရားများမလည်ပတ်နိုင်စေမှုကိုလည်း ဖြစ်စေနိုင်သည်။ Sex hormones ခေါ်လိင်ပိုင်းဆိုင်ရာဟော်မုန်းများကိုလည်း ထိခိုက်စေနိုင်သည်ကို တွေ့ရသည်။ အလားတူ ကင်ဆာရောဂါများ၊ ခုခံအားကျခြင်းများ၊ မွေးရာပါ ချို့ယွင်းမှုများဖြစ်စေနိုင်သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးဖြစ်သော ဧရာဝတီမြစ်ကြီးသည် ပလတ်စတစ်အပါအဝင် အခြားစွန့်ပစ်ပစ္စည်းများစုဝေးနေသည့်အပြင် ပင်လယ်သမုဒ္ဒရာရေထုအတွင်းသို့ပါ ပို့ဆောင်ညစ်ညမ်းနေစေသောမြစ်ကြီးတစ်ခုဖြစ်နေကြောင်း သိရသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။

မြစ်ကြီး၏ မြစ်ဖျားခံရာနေရာမှစီးဆင်းရာရေလမ်းတစ်လျှောက်မှ စည်းကမ်းမဲ့စွာစွန့်ပစ်သော အညစ်အကြေးများကြောင့် မြစ်လမ်းကြောင်းတစ်ခုလုံး ညစ်ညမ်းနေသည်ကို တွေ့နိုင်ပါသည်။

ထိုအခြေအနေသည် ပတ်ဝန်းကျင်အခြေအနေကိုထိခိုက်စေခြင်း၊ နိုင်ငံသားများ၏ ကျန်းမာရေးကို ထိခိုက်စေခြင်းအပါအဝင်များလှစွာသော ထိခိုက်ဆုံးရှုံးစေမှုများကိုဖြစ်စေပြီဟု ခံယူရမှာဖြစ်ပါသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများသည်လည်း ထိုညစ်ညမ်းမှုများနှင့် ဆက်စပ်နေသည်။

ထို့ကြောင့် ဧရာဝတီမြစ်ကြီးကိုသန့်ရှင်းစေဖို့၊ သာယာစေဖို့အများပြည်သူတို့ စည်းကမ်းရှိရှိ၊ သတိရှိရှိ၊ အသိရှိရှိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြပါကြောင်း နှိုးဆော်အပ်ပါသည်။။

Reference—Plastics,Enviroment and Human Health(Royal Society),Global New light of Myanmar 21.6.17.

**တရုတ်နိုင်ငံ၏ မြစ်ကြီးအများစုက ကမ္ဘာ့ပင်လယ်ရေထုကို စွန့်ပစ်ပလတ်စတစ်များဖြင့် ညစ်ညမ်းစေလျက်ရှိပြီး ဒုတိယမှာ အင်ဒိုနီးရှားနိုင်ငံမှ မြစ်ကြီးလေးစင်းဖြစ်ပြီး တတိယမှာ မြန်မာနိုင်ငံမှ မြစ်ကြီးနှစ်စင်းတို့ ဖြစ်ကြသည်**

# အင်းတော်မြို့နယ်တွင် ရန်ကုန်မှသယ်ဆောင်လာသော ထရန်စဖော်မာ 30 MVATRစက်အသစ် ရောက်ရှိတပ်ဆင်



**အင်းတော် ဩဂုတ် ၃၀**
အင်းတော်မြို့နယ် နဘားကျေးရွာအနီး လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းဌာနခွဲရုံတွင် ရန်ကုန်မှ သယ်ဆောင်လာသော ထရန်စဖော်မာ 30 MVATR 66/ 33 KV စက်အသစ်သည် ဩဂုတ် ၂၆ ရက်၌ ရောက်ရှိခဲ့သည်။ ယင်းစက်အသစ်တပ်ဆင်ခြင်းလုပ်ငန်းကို စက်ယန္တရား အကူအညီဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကသာခရိုင်အတွင်းရှိ မြို့ငါးမြို့ လျှပ်စစ်ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်ဖြန့်ဖြူးရေးဝန်ထမ်းများ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စက်မှုကဏ္ဍလုပ်ငန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍလုပ်ငန်း၊ မွေးမြူရေးနှင့် ရေကဏ္ဍလုပ်ငန်း၊ အဆောက်အအုံတည်ဆောက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍစသည့် လုပ်ငန်းများတိုးတက်လာစေရန် လျှပ်စစ်ကဏ္ဍလုပ်ငန်း မြှင့်တင်ပေးခြင်းဖြင့် အနာဂတ်လူနေမှုအဆင့်အတန်းနှင့် ပြည် တွင်း စီးပွားရေး အလုပ်အကိုင်အခွင့်အလမ်းတို့ တိုးတက်လာစေနိုင်သည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲလာနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များသည် နိုင်ငံခွင့်ပြုချက်များနှင့် မြို့နယ်/ကျေးရွာများ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်မီး ပုံမှန်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

ယခင်အင်းတော်မြို့နယ် နဘားခွဲရုံတွင် 10 MVA ထရန်စဖော်မာအား ဒိုးပင်တောင်ပေါ်မှ ဖြတ်ဆွဲခဲ့သော 33 ကေဗွီလိုင်းဟောင်းမှ ကသာ-ထီးချိုင့်-အင်းတော်-ဗန်းမောက် -မော်လူး မြို့များကို 30 MVA ထရန်စဖော်မာ အစားထိုးမတပ်ဆင်မီ ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး လိုင်းဟောင်းမှပေးထားရကြောင်း လျှပ်စစ်ဌာနမှ သိရသည်။

ယခု အခါ 66/33 ကေဗွီ 30 MVA မိန်းထရန်စဖော်မာ ရောက်ရှိ အစားထိုး တပ်ဆင်ခြင်းလုပ်ငန်းကို နေပြည်တော်မှ ဒုတိယအင်ဂျင်နီယာချုပ်နှင့် ကသာခရိုင် မြို့နယ်လျှပ်စစ်ဖြန့်ဖြူး ရေးဝန်ထမ်းများ၊ ဒေသခံပြည်သူအင်အားများဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်ဆင်ပြီးပါက ခရိုင်အတွင်း လျှပ်စစ်ဓာတ်အားများ ပိုမိုသုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြို့ပြင်လျှပ်စစ်ဓာတ်ကြိုးများ ကွန်ကရစ်တိုင်များ အစားထိုးလဲလှယ်ခြင်းနှင့် မြို့ပေါ်ရပ်ကွက်များ ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်းများ လည်း လျှပ်စစ်ဖြန့်ဖြူးရေးလျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# မြသလွန်ဘုရားကြီး ဘုရားဖူးများကားရပ်နားကွင်းလမ်း ပွဲတော်မတိုင်ခင်ပြီးစီးအောင် နိုင်လွန်ကတ္တရာခင်းနေ

**မကွေး ဩဂုတ် ၃၀**
မကွေးမြို့၏ အထင်ကရ သမိုင်းဝင် မြသလွန်ဘုရားကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်သည့် ကားရပ်နားကွင်းလမ်းကို ဘုရားပွဲတော်ဖွင့်ပွဲမတိုင်ခင် ပြီးစီးအောင်ခင်းသွားမည်ဟု ဘဏ္ဍာထိန်းဂေါပကဉက္ကဋ္ဌထံမှ သိရသည်။



မြသလွန်ဘုရားကြီး၏ ဩဝါဒါနာယကစရိယဆရာတော် ကိုးပါးထံမှဩဝါဒကိုခံယူ၍ မကွေးတိုင်းဒေသကြီး လမ်းညွှန်ချက်နှင့်အညီ နိုင်လွန်ကတ္တရာလမ်း အရှည်ပေ ၅၇၀၊ လမ်းအကျယ် ၁၈ ပေခင်း၍ နဝကမ္မဘုရားဘဏ္ဍာငွေ ၂၄ ဒသမ ၆ သန်းဖြင့် ဩဂုတ်လကုန်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ယခုနိုင်လွန်ကတ္တရာလမ်းခင်းခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကခွင့်ပြုပြီး ခရိုင်လမ်းဦးစီးဌာနမှ အင်ဂျင်နီယာအဖွဲ့က တာဝန်ယူခင်းနေပါတယ်" ဟု ဦးစိုးနိုင်က ဆက်လက်ပြောသည်။

ယင်းလမ်းပြီးစီးပါက ကံကော်တစ်ထောင်ဗောဓိဘုရား၊ နီးဘုရားကြီးကို ဘုရားဖူးများ ပိုမိုချောမွေ့လွယ်ကူစွာ သွားရောက် ဖူးမြော်နိုင်မည့်အပြင် အောင်ဘုံရပ်ကွက်များ၊ ဝါးတောချောင်းကျေးရွာများနှင့် သာသနာ့ဂုဏ်ရည် သီလရှင် ပညာရေးပရဟိတစာသင်တိုက်၊ ဘုန်းတော်ကြီးကျောင်းများသို့ အများပြည်သူများ ပိုမိုချောမွေ့စွာသွားလာနိုင်မည်ဖြစ်သည်။ ယင်းနိုင်လွန်ကတ္တရာလမ်းကို လူအင်အား ၅၀ ဖြင့်ခင်းနေပြီး ဘုရားပွဲတော်မတိုင်ခင် ပြီးစီးနိုင်ရန်အတွက် အင်အားထပ်မံဖြည့်ဆည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟံသာလင်း**

# ရန်ကုန်မြို့၌ Mountain Bike စက်ဘီးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၃၀**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနတို့၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် Bike World စက်ဘီးကုမ္ပဏီတို့ ပူးပေါင်း၍ရန်ကုန်မြို့ ကလီထော်ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲကို လှည်းကူးမြို့နယ် ငါးဆူတောင် ကျေးရွာ၌ စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသားအတန်းပြိုင်ပွဲများဖြစ်သည့် အသက် ၂၅ နှစ်အောက်၊ အသက် (၂၅-၃၅)နှစ်ကြား၊အသက်(၃၅-၄၅)နှစ်ကြား ၊အသက် ၄၅ နှစ်နှင့် အထက်ပြိုင်ပွဲများနှင့်အမျိုးသမီးအလွတ်တန်းပြိုင်ပွဲများကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ ဖုန်း- ၀၉၅၄၀၀၇၀၃ နှင့် ၀၉၂၅၀၂၀၅၆၅၂ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေးအသိပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၃၀**
ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရဲတပ်ဖွဲ့မှ သက်ငယ်မုဒိမ်းမှုပပျောက်ရေးမှုခင်းအသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက်က မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဌာနစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမောင်မောင်က သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မြောင်းတကာရဲကင်းစခန်းမှူးရဲအုပ်ခင်မောင်လွင်က မှုခင်းကျဆင်းရေးအသိပညာပေးဆွေးနွေးဟောပြောပြီး စခန်းမှူး ဒုရဲမှူး သောင်းထိုက်က ဝါးနက်ချောင်းကျေးရွာတွင်တွင် သက်ငယ်မုဒိမ်းမှုနှင့်မှုခင်းအသိပညာပေးဆွေးနွေးဟောပြောခဲ့ကြသည်။

အဆိုပါ အသိပညာပေးပွဲသို့ စက်မှုဇုန်စီမံခန့်ခွဲရေးအတွင်းရေးမှူး ဦးဇော်လွင်နှင့်ကုလားတန်၊ မြောင်းတကာ၊ ကံကလေး(အမ်)ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စက်မှုဇုန်ဝန်ထမ်းများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြပြီး သိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

**အေးကေလင်း**

# မတ္တရာမြို့နယ်တွင် မိုးရာသီဘဏ်ချေးငွေ ထုတ်ချေး

**မတ္တရာ ဩဂုတ် ၃၀**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယခုနှစ် မိုးရာသီဘဏ်ချေးငွေများအား မေလ ၂၃ရက်နေ့မှ စတင်ထုတ်ချေးလျက်ရှိရာ ဩဂုတ် ၂၈ ရက်အထိ ကျေးရွာအုပ်စု ၇၉ အုပ်စုမှ အစုအဖွဲ့ပေါင်း ၃၀၅၆ ဖွဲ့အား သိန်းပေါင်း ၅၈၅၂၁ ဒသမ ၅ သိန်းထုတ်ချေးပြီးဖြစ်ကြောင်း မြို့နယ်မန်နေဂျာ ဦးထွန်းထွန်းဦးထံမှ သိရသည်။

မိုးရှာသီဘဏ်ချေးငွေများ ထုတ်ချေးရာတွင် ချေးငွေထုတ်ယူသည့် တောင်သူများအား ချေးငွေထုတ်ချေးရေးအတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးများကျင်းပခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ မတ္တရာမြို့နယ်တွင် ကျေးရွာအုပ်စု ၈၈ အုပ်စုရှိသည့်အနက် ၈၁ အုပ်စုသာ ချေးငွေထုတ်ချေးပြီး ကျန်ခုနစ်အုပ်စုမှာ ရောဝတီမြစ်ရေဝင်ဒေသဖြစ်သည့်အတွက် မိုးရာသီဘဏ်ချေးငွေထုတ်ယူခြင်းမရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ကမ္ဘာလှည့်ခရီးသွားများအပျော်စီးရေယာဉ်များဖြင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်လေ့လာလည်ပတ်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၃၀**
မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းမှတစ်ဆင့် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ နိုင်ငံခြားဝင်ငွေရရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ ဖြစ်ခြင်းတို့သည် ထင်ရှားပေါ်လွင်လာပြီဖြစ်သဖြင့် ခရီးသွားလုပ်ငန်းပိုမိုခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ကြိုးစားဆောင်ရွက် လျက်ရှိသည်။ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်းသို့ အပြည်ပြည်ဆိုင်ရာလေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်း ခရီးစဉ်များဖြင့် ဝင်ရောက်လာပြီး ရောဝတီ၊ ချင်းတွင်းမြစ်ကြောင်းရှိ သဘာဝအလှတရားများ၊ ဒေသခံပြည်သူများ၏ ရိုးရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များအား စိတ်အားထက်သန်စွာလေ့လာလျက်ရှိကြသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Pandaw Cruises Co.,Ltd ၏ စီစဉ်မှုဖြင့် အမေရိကန်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွား ၁၉ ဦးသည် ဩဂုတ် ၂၆ ရက်မှစ၍ R.V KhaByooPandow အပျော်စီးရေယာဉ်ဖြင့်မန္တလေး-ကလေး- ကလေးဝ-မစိန်- မော်လိုက်- ကင်းတပ်- ယုဝ-ခဲဝဲ-စစ်သောင်- ဖောင်းပြင်- သယောင်း-သောင်ထွင့်-ဟုမ္မလင်း- မောင်းကန် - ခန္တီး-ဟုမ္မလင်း-မန္တလေးစသည့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသများသို့ သွားရောက် လည်ပတ်လျက်ရှိပြီး စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာမည် ဖြစ်သည်။

**(သတင်းစဉ်)**

# တားဆီးကာကွယ် ခြင်အန္တရာယ်

ဒေါက်တာမြတ်ထွင့်ညွှန့်

မိုးဦးကာလမှစတင်ကာ ခြင်တို့က တဝီဝီဖြင့်နေရာအနှံ့ ပိုတွေ့လာရသည်။ နွေဘက်ကာလတွင် အတိုင်းအတာတစ်ခုအထိ ခြင်နည်းပါးသော်လည်း မိုးရွာလိုက်၊ နေပူလိုက်ဖြင့် ခြင်ပေါက်ပွားမှုအားပေးသော ရာသီဥတုရောက်သည်နှင့် ခြင်တို့က တောရောမြို့ပါ ပိုမိုပေါက်ပွားလာကြသည်။ ခြင်ကို ကမ္ဘာပေါ်တွင် အန္တရာယ် အရှိဆုံးသတ္တဝါအဖြစ် သတ်မှတ်ထားကြသည်။ ခြင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါများကြောင့် ကမ္ဘာပေါ်တွင် လူသားသန်း ၇၀၀ ကျော် နှစ်စဉ် ရောဂါများ ဖြစ်ပွားခံစားနေရပြီး အနည်းဆုံး တစ်သန်းကျော်သည် ခြင်မှတစ်ဆင့် ရောဂါကူးစက် ခံရမှုကြောင့် သေဆုံးရလျက်ရှိသည်။

**ခြင်အန္တရာယ်**

ခြင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါများထဲတွင် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ချီကန်ဂန်ညာရောဂါ၊ ငန်းဝါဖျားရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ဇီကာရောဂါနှင့် ဦးနှောက်ရောင်ရောဂါများ ပါဝင်သည်။ မြန်မာနိုင်ငံလို ပူနွေးစိုစွတ်သော အပူပိုင်းဒေသနိုင်ငံများတွင် ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများဒဏ်ကို နှစ်စဉ် အလူးအလဲခံရစမြဲ ဖြစ်သည်။ ခြင်ဟု လွယ်လွယ်ခေါ်လိုက်သော်လည်း ခြင်ထဲတွင် ခြင်မျိုးကွဲပေါင်း ၃၅၀၀ ကျော်ရှိသည်။

ကံကောင်းသည့်အချက်က ခြင်တိုင်းသည် လူ့သွေးကိုမကြိုက်တတ်ကြသလို ခြင်တိုင်းသည်လည်း ရောဂါပိုးအမျိုးအစားအားလုံးကို ကူးစက်ပျံ့နှံ့နိုင်ခြင်း မရှိသည့်အချက် ဖြစ်သည်။ ဥပမာ- သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုးကို သယ်ဆောင်နိုင်သည့်ခြင်မှာ အေးဒိစ်ခေါ် ခြင်ကျားမျိုးဖြစ်ပြီး၊ ငှက်ဖျားရောဂါကို သယ်ဆောင်ကူးစက်နိုင်သည့်ခြင်မှာ အနော့ဖလီခြင်မျိုးဖြစ်သည်။ တချို့ခြင်များက လူ့သွေးကို ကြိုက်တတ်ကြပြီး တချို့က ခွေး၊ ကြောင်၊ နွား၊ မြင်း၊ ဝက် စသည့် တိရစ္ဆာန်သွေးကို ပိုကြိုက်တတ်သည်။ တချို့ခြင်များက အိမ်အတွင်းပိုင်း နံရံစသည်တို့တွင် နားနေတတ်ကြပြီး တချို့က အိမ်ပြင်ပ ချုံပုတ်၊ သစ်ပင်စသည်တို့ပေါ်တွင် နားနေတတ်ကြသည်။ ခြင်တစ်မျိုးနှင့်တစ်မျိုး ပေါက်ပွားရာနေရာတို့မှာလည်း ကွဲပြားသည်။ အေးဒိစ်ခြင်ကျားက ရေကြည်ရေသန့်တွင်ပေါက်ပွားပြီး အားမင်းဂျလိခြင်မျိုးက ပုပ်ပွနေသည့်ရေမျိုးတွင်မှ ကြိုက်နှစ်သက်သလို အနော့ဖလီခြင်က စမ်းချောင်းလို ရေစီးသောနေရာမှခွဲထွက်နေသည့် ရေစီးငြိမ်သည့်နေရာမျိုးတွင် ပေါက်ပွားနေထိုင်တတ်ကြသည်။

**ခြင်ဘဝစက်ဝန်း**

ခြင်များသည် ဘဝစက်ဝန်းအဖြစ် ခြင်ဥ၊ သားလောင်း (ပိုးလောက်လမ်း)၊ ပိုးတုန်းလုံးနှင့် သက်ကြီးခြင်ကောင်ဟူပြီး အဆင့်လေးဆင့်ကို ဖြတ်ကျော်ရလေ့ရှိသည်။ စိတ်ဝင်စားဖို့ကောင်းသည့်အချက်မှာ ခြင်မများကသာ ကိုက်တတ်ကြခြင်းဖြစ်သည်။ မိတ်လိုက်ပြီးနောက် ခြင်ဥဖွံ့ဖြိုးရန် လိုအပ်သောအာဟာရ ရရန်အတွက် သွေးကိုစုပ်ယူရခြင်းဖြစ်သည်။ ခြင်မများသည် မျိုးကွဲအလိုက် သင့်လျော်သောနေရာရေစပ်တွင် ဥအုချလေ့ရှိသည်။ ခြင်ဥများသည် ခြင်အမျိုးအစားကွဲပေါ်မူတည်ကာ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိကြသည်။ ဥပမာအားဖြင့် သွေးလွန်တုပ်ကွေးနှင့် ငန်းဝါဖျားရောဂါပိုးများကို သယ်ဆောင်တတ်သော အေးဒိစ်ခြင်ကျား၏ ဥများသည် ရာသီဥတု ပူပြင်းခြောက်သွေ့လွန်းသော ကာလများတွင် ပျက်စီးသွားခြင်းမရှိဘဲ ရှိနေနိုင်သည်။ ပိုးလောင်းအဖြစ်ပေါက်ပွားရန် သင့်လျော်သော ရေခ‌ောတ်၊ အပူချိန်ရရှိမှသာ စတင်အကောင်ပေါက်တတ်သည်။ ထို့ကြောင့် မိုးမတိုင်မီတွင် ခြင်ကျားမရှိသလောက်နည်းသည့်တိုင် မိုးရာသီရောက်ပါက ခြင်ကျားတွေ ပေါ်လာရခြင်းဖြစ်သည်။




သွေးလွန်တုပ်ကွေးနှင့် ငန်းဝါဖျားရောဂါပိုးများကို သယ်ဆောင်နိုင်သော အေးဒိစ်ခြင်ကျား

ခြင်၏ဘဝစက်ဝန်းတွင် ရေထဲတွင်ဖြတ်သန်းရသည့် သားလောင်းအဆင့်ဖြစ်သော ပိုးလောက်လမ်းနှင့် ပိုးတုန်းလုံးအဆင့်များသည် ခြင်အမျိုးအစားနှင့် ရာသီဥတုအပေါ်မူတည်ကာ ၇ ရက်မှ ၁၄ ရက်အထိ ကြာတတ်သည်။ ပိုးလောက်လမ်းဘဝဖြတ်ကျော်ပြီးနောက် ပုစွန်တုပ်ကွေးသဖွယ်ရှိသည့် ပိုးတုန်းလုံးအဆင့်သည် နာရီပိုင်းအတွင်းသာရှိပြီး သက်ကြီးကောင်အဖြစ် တောင်ပံထွက်ကာ ပျံသန်းနိုင်ကြသည်။

သက်ကြီးကောင်ခြင်အဖြစ် ရောက်ရှိပြီးနောက် ရက်အနည်းငယ်အတွင်းမှာပင် မိတ်လိုက်နိုင်ကြပြီး ဥအုချနိုင်သည်။ အများအားဖြင့် ခြင်ထီးများသည် ၅ ရက်မှ ၇ ရက်ခန့်အထိသာ အသက်ရှင်နေထိုင်လေ့ရှိပြီး ပန်းဝတ်ရည်၊ အပင်မှထွက်သည့် အရည်တို့ကိုသာ စုပ်ယူစားသောက်လေ့ရှိသည်။ ခြင်မများသည် မိတ်လိုက်ပြီးနောက် သွေးစုပ်ကာ ၂ ရက်မှ ၃ရက်အတွင်း အောင်မြင်သောဥများကို ဥချနိုင်သည်။ ခြင်အမျိုးအစားပေါ်မူတည်ကာ ခြင်မတစ်ကောင်သည် တစ်ကြိမ်လျှင် ခြင်ဥပေါင်း ၃၀၀ ကျော်အထိ ဥချနိုင်သည်။ ဥအုချပြီးနောက် ခြင်မများသည် နောက်ထပ်မိတ်လိုက်ကာ ဥအုချနိုင်သည်။ အများအားဖြင့် ခြင်မတစ်ကောင်၏သက်တမ်းသည် ၆ ပတ်မှ ၈ ပတ် အထိ ရှိတတ်ပြီး အခြေအနေပေးပါက သုံးရက်တစ်ကြိမ်အထိပင် ဥချနိုင်သည်။ ထို့ ကြောင့် ခြင်မတစ်ကောင်၏ ခြင်သက်တမ်းနှစ်လအတွင်း ခြင်ပေါင်း ၆၀၀၀ ကျော်အထိ မွေးဖွားလာနိုင်သည်ဟု အကြမ်းဖျဉ်း တွက်ချက်ထားနိုင်သည်။

ခြင်နှိမ်နင်းရေးလုပ်ဆောင်ရာတွင် ခြင်သားလောင်း (ပိုးလောက်လမ်း)နှိမ်နင်းရေး၊ ခြင်နှိမ်နင်းရေးနှင့် ခြင်မကိုက်အောင်ကာကွယ်နည်းဟူ၍ နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်နိုင်သည်။

**ပိုးလောက်လမ်းနှိမ်နင်းခြင်း**

ခြင်ဖြစ်မှ ခြင်နှိမ်နင်းရေးလုပ်သည်ထက် ခြင်မဖြစ်ခင် ပိုးလောက်လမ်းဘဝတွင် နှိမ်နင်းရသည်က ပိုလွယ်ကူသည်။ ပိုးလောက်လမ်းများသည် ရေထဲတွင်သာရှိသဖြင့် ပျံသန်းနေသောခြင်ထက် နှိမ်နင်းရ ပိုလွယ်ကူသည်။ ပိုးလောက်လမ်းနှိမ်နင်းရာတွင် အောက်ပါနည်းလမ်းများကို သုံးနိုင်သည်။

**၁။ အဖုံးဖုံးအုပ်ထားခြင်း**

ရေသိုလှောင်ထားသော ရေစည်၊ ရေကန်များကို ခြင်မဝင်နိုင်လောက်အောင် လုံခြုံအောင် ဖုံးအုပ်ထားရန် ဖြစ်သည်။ အပြောလွယ်သလောက် တကယ့်လက်တွေ့တွင် ခြင်မဝင်နိုင်လောက်အောင် ဖုံးထားဖို့က ခက်သည်။ အဖုံးရှိသည့်တိုင် ဖွင့်သုံးပြီးတိုင်း လုံအောင် ပြန်ဖုံးထားဖို့ဆိုသည်မှာလည်း အခက်အခဲရှိသည်။ အရန် ရေလှောင်ထားသည့် ရေစည်၊ ရေပုံးများဖြစ်ပါက အဖုံးလုံလုံဖြင့်ဖြစ်စေ၊ ပလတ်စတစ်စဖြင့် ဖြစ်စေ၊ ခြင်ကာဆန်ကာဖြင့်ဖြစ်စေ ပိတ်ကာဖုံးအုပ်ထားနိုင်သည်။

**၂။ မလိုသောရေများသွန်ခြင်း၊ မှန်မှန်လဲလှယ်ခြင်း**

ပတ်ဝန်းကျင်တွင် သတိထားကြည့်ပါက မလိုအပ်ဘဲ ရေများဝင်နေနိုင်သော ခွက်စုတ်၊ ပုံးစုတ်၊ တာယာအဟောင်း၊ ဘတ်ထရီအိုးအဟောင်း၊ နို့ဆီခွက်၊ ပလတ်စတစ်ခွက်ဘူး အဟောင်းများက နေရာအနှံ့ရှိနေတတ်သည်။ မိုးတွင်း မိုးရေဝင်သည့်အခါ ထိုနေရာများသည် ခြင်များပေါက်ပွားဖို့ ရေကန်အသင့် ကြာအသင့် ဖန်တီးပေးထားသလို ဖြစ်တတ်သည်။ ထိုသို့သော စွန့်ပစ်ပစ္စည်းအများစုကို သင့်လျော်သော နေရာတွင် စွန့်ပစ်ခြင်း၊ ရေမဝင်နိုင်အောင် ရေများသွန်ကာ မှောက်ထားခြင်း၊ မြေမြှုပ်ပစ်ခြင်း စသည်တို့ လုပ်ဆောင်နိုင်သည်။ ထို့ပြင် ၅ ရက်မှ ၇ ရက်တိုင်း တစ်ကြိမ်အနည်းဆုံးထားကာ ရေစည်၊ ရေပိုင်း၊ ရေအိုး၊ ဘုရားပန်းအိုး၊ နတ်ပန်းအိုးတို့မှ ရေများကို လဲလှယ်ပေးရန်လိုသည်။ ထို့ကြောင့် ကျောင်းများတွင် သောကြာနေ့ ညနေ ကျောင်းမဆင်းမီတွင် သောက်ရေ၊ သုံးရေအိုးအားလုံးကို မှောက်သွန်ခြင်းများကို လုပ်ဆောင်နေကြခြင်း ဖြစ်သည်။

**၃။ ရေစစ်နည်းဖြင့် ပိုးလောက်လမ်းဖယ်ရှားခြင်း**

ပိုးလောက်လမ်းရှိနေသော ရေကို မသွန်ထုတ်လိုပါက လက်တံတုတ်ရှည်တပ်ထားသောရေစစ်ဖြင့် ရေကိုဝှေ့ဝိုက်ခပ်ကာ ပိုးလောက်လမ်းများကို ဖယ်ရှားနိုင်သည်။ သို့သော် သည်နည်းသည်လည်း စိတ်ရှည်လက်ရှည် ပိုးလောက်လမ်းကုန်အောင် သတိထားလုပ်ဆောင်ဖို့လိုသလို ရေတွင်းရေကန်အားလုံးတွင် လုပ်ဆောင်ဖို့လည်း သိပ် မလွယ်ပါ။ ၃ ရက်မှ ၅ ရက်လျှင် တစ်ကြိမ်၊ မှန်မှန်လုပ်ဆောင်ဖို့လည်း လိုသည်။ မိမိအိမ်တွင်ရှိသော ရေလှောင်ကန်များတွင်တော့ လုပ်ဆောင်နိုင်လျှင် ကောင်းပါသည်။

**၄။ ဆီလောင်းခြင်း**

မိမိအိမ်ဝန်းကျင်တွင် ရေဝပ်နေသောရေအိုင်ငယ်ရှိနေပြီး ခြင်ပေါက်ပွားမှုလည်းရှိပါက ဒီဇယ်ဆီ၊ အင်ဂျင်ဝိုင်ဆီစသည့် စွန့်ပစ်ဆီ တစ်မျိုးမျိုးရှိပါက ထိုရေအိုင်ထဲလောင်းထည့်ထားနိုင်သည်။ ဆီများက ရေပေါ်တွင်ပေါ်နေခြင်းကြောင့် ပိုးလောက်လမ်းများ အောက်ဆီဂျင်ခ‌ောတ်ပြတ်လပ်ကာ သေဆုံးစေနိုင်သည်။

**၅။ ပိုးလောက်လမ်းစားငါးနှင့် ပုဇဉ်းသားလောင်း မွေးထားခြင်း**

ပိုးလောက်လမ်းများကို ဖမ်းစားနိုင်သည့် ပိုးလောက်လမ်းစားငါးဖြစ်သော ဒေါင်းငါး၊ တီလာပီးယားငါးများကို ရေလဲလှယ်ရန်ခက်ခဲသော ရေလှောင်ကန်ကြီးများထဲတွင် မွေးထားနိုင်သည်။ အလားတူ အုတ်ရေလှောင်ကန်များထဲတွင် ပုဇဉ်းသားလောင်းများတွေ့ရှိပါကလည်း မဖယ်ထုတ်ဘဲ ဆက်ထားရှိသင့်သည်။ ပုဇဉ်းသားလောင်းများရှိပါက ထိုအုတ်ကန်ထဲတွင် ပိုးလောက်လမ်းများမရှိကြောင်း တွေ့ရမည်ဖြစ်သည်။



ရေကန်၊ ရေစည်ထဲတွင် ဤကဲ့သို့သော ပုဇဉ်းသားလောင်းကိုတွေ့ပါက မဖယ်ရှားသင့်ပါ။ ပုဇဉ်းသားလောင်းတစ်ကောင်တည်းကပင်လျှင် ပိုးလောက်လမ်းပေါင်းများစွာကို ဖမ်းစားနိုင်သည်



ပိုးလောက်လမ်းစားနိုင်သော ငါးများကို ရေလှောင်ကန်များထဲတွင် မွေးထားနိုင်သည်

**၆။ ပိုးလောက်လမ်းသေဆေး(အဘိတ်)ခတ်ခြင်း**

ကျန်းမာရေးဌာနများမှ ပိုးလောက်လမ်းသေဆေး(အဘိတ်)ကို ရေတွင်း၊ ရေစည်၊ ရေကန်များထဲတွင် ထည့်ထားရန် လိုက်လံပေးဝေတတ်ကြသည်။ အဘိတ်သည် ပိုးလောက်လမ်းများကို သေကြေပျက်စီးစေသော်လည်း ရေကို အနံ့အရသာပြောင်းလဲစေခြင်း၊ လူကိုဥပါဒ်တစ်စုံတရာဖြစ်စေမှုမရှိခြင်းတို့ကြောင့် စိတ်ချလက်ချထည့်ထားနိုင်သည်။ ကရိကထနည်းနည်းဖြင့် ပိုးလောက်လမ်းများကို နှိမ်နင်းနိုင်သည့်နည်းဖြစ်သည်။

ခြင်ဆေးခွေထွန်းခြင်းဖြင့် ခြင်အန္တရာယ်ကို လျှော့ပါးစေနိုင်သည်။ သို့သော် ခြင်ဆေးငွေ့ကိုယ်တိုင်က ဘေးကင်းလှသည်မဟုတ်ပါ။ ခြင်ဆေးခွေထွန်းရာမှထွက်လာသော အခိုးအငွေ့များကို ရေရှည်ရှူရှိုက်ပါက အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ပန်းနာရင်ကြပ်နှင့် အဆုတ်ကင်ဆာကဲ့သို့သော ရောဂါများကိုပင်လျှင် ဖြစ်နိုင်ခြေရှိသည်။ ထို့ကြောင့် မလွဲသာ မရှောင်သာ ခြင်ဆေးခွေသုံးရမည်ဆိုပါက အလုံပိတ်ထားသော အခန်းကျဉ်းမျိုးထဲတွင် မသုံးမိဖို့လိုသည်။ လေဝင်လေထွက်ကောင်းသော အခန်းတွင်သာ သတိထားသုံးသင့်သည်

**သက်ကြီးခြင်ကောင်ကိုနှိမ်နင်းနည်းများ**

ပိုးလောက်လမ်းနှင့်နှိုင်းဆလျှင် ခြင်ကောင်ကိုနှိမ်နင်းရသည်က ပိုမိုခက်ခဲပါသည်။ ခြင်များသေကြေစေရန်အတွက် အောက်ပါနည်းများကို သုံးစွဲရပါသည်။

**၁။ ခြင်ရိုက်တံဖြင့်ရိုက်ခြင်း**

မိမိအိမ်တွင် အခန်းတွင်းရှိနေသော ခြင်များကို အတိုင်းအတာတစ်ခုအထိ သေကျေစေနိုင်သောနည်းဖြစ်သည်။ သို့သော် အမြဲတမ်း ခြင်ကို မုဆိုးဖမ်းဖမ်းသလိုစောင့်ကြည့်ပြီး ရိုက်တံဖြင့်ရိုက်နိုင်ဖို့က သိပ်မလွယ်လှပါ။ တချို့ကလည်း ခြင်များ ကြားနိုင်သော အသံနှင့် ခြင်ကြိုက်တတ်သော အလင်းရောင်တို့ကို ဖန်တီးထားသည့် ထောင်ချောက်များကို အိမ်တွင်းတွင် တပ်ဆင်ထားကြည့်ကြပါသည်။ သို့သော် ထိုနည်းများသည်လည်း တကယ်တမ်းတွင် ထိရောက်မှုနည်းပါသည်။

**၂။ ခြင်ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း**

မိမိအိမ်တွင်ပင် ဖျန်းဆေးဘူးဖြင့် ခြင်များကို ပက်ဖျန်းထားနိုင်သည်။ သို့သော် စရိတ်စက မသေးလှသလို ဆေးအရှိန်ပြယ်သည်နှင့် ခြင်တွေက တဝီဝီဖြစ်လာတတ်သည်။ အများသူငါမြင်တတ်ကြသည့် မီးခိုးတလူလူထွက်သည့် ခြင်ဆေးမှုတ်ခြင်းသည်လည်း ဆေးအချိန်အဆမှန်ကန်ပြီး ဆေးနှင့်ခြင် ထိတွေ့မှုရှိလျှင် သေကျေပျက်စီးနိုင်ပါသည်။ သို့သော် ဆေးအာနိသင်မှာ နာရီပိုင်းသာခံပြီး လေများများတိုက်နေလျှင် သို့မဟုတ် မိုးရွာလျှင် ဆေးအာနိသင် မြန်မြန်ပြယ်စေနိုင်သည်။ ထို့ကြောင့် ဆေးမှုတ်ပြီးနောက်ရက်များတွင် ခြင်များကို ပြန်တွေ့ရနိုင်သည်။ ငှက်ဖျားအဖြစ်များသောဒေသများတွင် အိမ်နံရံများကိုဆေးဖျန်းခြင်းဖြင့် အိမ်နံရံတွင်ခိုအောင်းနေတတ်သည့် အနော်ဖလီခြင်များကို သေကျေစေနိုင်သည်။

**၃။ ခြင်ဆေးခွေ၊ ခြင်ဆေးတိုင်သုံးခြင်း**

ခြင်ဆေးခွေထွန်းခြင်းဖြင့် ခြင်အန္တရာယ်ကို လျှော့ပါးစေနိုင်သည်။ သို့သော် ခြင်ဆေးငွေ့ကိုယ်တိုင်က ဘေးကင်းလှသည်မဟုတ်ပါ။ ခြင်ဆေးခွေထွန်းရာမှထွက်လာသော အခိုးအငွေ့များကို ရေရှည်ရှူရှိုက်ပါက အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ပန်းနာရင်ကြပ်နှင့် အဆုတ်ကင်ဆာကဲ့သို့သော ရောဂါများကိုပင်လျှင် ဖြစ်နိုင်ခြေရှိသည်။ ထို့ကြောင့် မလွဲသာ မရှောင်သာ ခြင်ဆေးခွေသုံးရမည်ဆိုပါက အလုံပိတ်ထားသော အခန်းကျဉ်းမျိုးထဲတွင် မသုံးမိဖို့လိုသည်။ လေဝင်လေထွက်ကောင်းသော အခန်းတွင်သာ သတိထားသုံးသင့်သည်။

**ခြင်နှင့်ထိတွေ့မှုမရှိအောင်နေခြင်း**

ခြင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများ မရစေဖို့ ခြင်အကိုက်မခံရအောင်နေပါဟု ပြောတတ်ကြသည်။ အပြောလွယ်သလောက် တကယ်တမ်းတွင် လုပ်ရခက်သည့်အရာဖြစ်သည်။ သို့သော် အောက်ပါနည်းများဖြင့် ခြင်နှင့်လူ ထိတွေ့မှုနည်းအောင် လုပ်နိုင်သည်။

**၁။ ခြင်ထောင်ထောင်အိပ်ခြင်း**

ခြင်ထောင်(ဖြစ်နိုင်လျှင် ဆေးစိမ်ခြင်ထောင်)ကို ထောင်အိပ်သင့်သည်။ ဆေးစိမ်ခြင်ထောင်မဟုတ်ပါက ခြင်ထောင်ဘေးသားနှင့် ထိတွေ့မိပါက ခြင်ကိုက်ခံရနိုင်သည်။ ဆေးစိမ်ထားပါက ခြင်ထောင်အနားသို့ ခြင်မလာနိုင်သည့်အတွက် ခြင်အကိုက်မခံရနိုင်ပါ။ ဆေးစိမ်ခြင်ထောင်သုံးစွဲခြင်းဖြင့် ငှက်ဖျားရောဂါဖြစ်ပွားမှုကို သိသိသာသာ လျော့ကျသွားစေသည်။ သို့သော် သွေးလွန်တုပ်ကွေး၊ ငန်းဝါဖျားစသည့် ရောဂါပိုးများကိုသယ်ဆောင်နိုင်သည့် အေးဒိစ်ခြင်ကျားများမှာ နေ့အခါတွင် ကိုက်တတ်သည့်အတွက် နေ့လယ်နေခင်း ထိုင်နေတုန်းမှာပင် ခြင်ကကိုက်နိုင် သည်။ တစ်နေ့ခင်းလုံး ခြင်ထောင်ထဲဝင်ထိုင်နေဖို့ ဆိုသည်မှာလည်း မဖြစ်နိုင်သည့်ကိစ္စဖြစ်သည်။ သို့သော် နေ့လယ်ပင်ဖြစ်စေ အိပ်စက်သည့်အခါတိုင်း ဆေးစိမ်ခြင်ထောင်ကို ထောင်အိပ်သင့်သည်။

**၂။ အဝတ်ထူထူဝတ်ခြင်း**

ခြင်အများဆုံးကိုက်တတ်သည့်နေရာမှာ ခြေထောက်ပိုင်းဖြစ်သည်။ အထူးသဖြင့် အဝတ်အစားများနှင့်လွတ်နေသော နေရာများကို ခြင်က ကိုက်တတ်သည်။

စာမျက်နှာ ၂၁ သို့

# နှစ်နိုင်ငံသတင်းဖလှယ်နိုင်မှုကြောင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် မူးယစ်ဆေးမှု ၁၀၀ နီးပါးဖမ်းမိ

**ရန်ကုန် ဩဂုတ် ၃၀**

မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး သတင်းဖလှယ်မှု သဘောတူညီချက်အရ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လလယ်ပိုင်းအထိ နှစ်နိုင်ငံနယ်စပ်တစ်လျှောက်တွင် မူးယစ်ဆေးဝါးအမှုပေါင်း ၉၇ မှုကို ဖမ်းဆီးနိုင်ခဲ့ပြီး ထိုအမှုများမှ တရားခံ ကျား၊ မ ၁၃၁ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

"မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းနိုင်ရေးကို တစ်ဖက်နဲ့တစ်ဖက် သတင်းဖလှယ်သဘောတူညီချက်အစီအစဉ်အရ ဆောင်ရွက်နိုင်ခဲ့လို့ မူးယစ်ဆေးဝါးနဲ့ တရားခံတွေပါ ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံသတင်းဖလှယ်မှုတွေကိုလည်း ခြောက်လတစ်ကြိမ်ဆောင်ရွက်ပြီး နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တားဆီးနှိမ်နင်းရေး၊ ဖမ်းဆီးရေးတွေကို ဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီးတော့လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွေကို နည်းလမ်း အသွယ်သွယ်နဲ့ တိုးမြှင့်ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်"ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့ခေတ္တရဲချုပ် ရဲမှူးချုပ်အောင်ဝင်းဦးက ပြောသည်။

ထူးခြားသည့်ဆောင်ရွက်မှုတစ်ခုဖြစ်သော ဖေဖော်ဝါရီ ၁ ရက်မှ လကုန်အထိ ဘင်္ဂလားဒေ့ရှ်နှင့် နယ်နိမိတ် ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် "မေယုစစ်ဆင်ရေး "အမည်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်ကို ဆောင်ရွက်ခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားအမှု၁၃မှု၊ ဆေးပြား ၄၈၀၈၇၃၇ ပြား၊ အကြေ ၀ ဒသမ ၀၀၈ ကီလို၊ ဆေးခြောက် ၄ မှု (အလေးချိန် ၄၀ ဒသမ ၅၂၂၁၄ ကီလို)၊ လက်ပစ်ဗုံး တစ်လုံး၊ ခဲယမ်း ၉၄ တောင့် စုစုပေါင်း ငွေကျပ် ၁၄၄၃၈၄ ဒသမ ၄၇၆၄၂ သိန်းတို့ပါဝင်သည့် အမှုပေါင်း ၁၇ မှုနှင့် တရားခံပေါင်း ကျား၊ မ ၁၇ ဦးကို တစ်လအတွင်း ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

ထိုအမှုများအပါအဝင် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လလယ်ပိုင်းထိအတွင်း နှစ်နိုင်ငံနယ်စပ်တစ်လျှောက်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၈၂ မှုမှ ဆေးပြား ၁၂၈၆၃၃၂၆ ပြား၊ စိတ်ကြွဆေးအကြေမှုနှ်နှစ်မှုမှ ၀ ဒသမ ၀၁၂ ကီလို၊ ဆေးခြောက်ရှစ်မှုမှ ၄၀ ဒသမ ၅၃၄၁၄ ကီလို၊ ဗျူပရီနော်ဖင်းထိုးဆေးမှုသုံးမှုမှ ၉၄၅ ပုလင်း၊ မှတ်ပုံတင်ပျက်ကွက်မှု နှစ်မှု စုစုပေါင်း ၉၇ မှုကို ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ နယ်စပ်တစ်လျှောက်တွင် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်းကလည်း ခြောက်လတစ်ကြိမ် နှစ်နိုင်ငံသတင်းဖလှယ်သဘောတူညီချက်အရ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုမှာ စိတ်ကြွရူးသွပ်ဆေးပြားမှု ၁၁၉ မှုမှ ဆေးပြားပေါင်း ၂၅၂၅၇၂၈၄ ပြား၊ စိတ်ကြွရူးသွပ်ဆေးအကြေမှုနှ့် နှစ်မှု၊ ဆေးခြောက် ၂၇ မှုမှ အလေးချိန် ၆၂ ဒသမ ၉၉ ကီလို၊ မော်ဖင်းထိုးဆေးမှုလေးမှုမှ ၁၇၁ ပုလင်း၊ ဗျူပရီနော်ဖင်းထိုးဆေးမှု တစ်မှုမှ ၃၉၃၀ ပုလင်း၊ ဖင်တနိုင်းထိုးဆေးမှုတစ်မှုမှ ပုလင်း ၇၀၀၊ စုစုပေါင်း အမှု ၁၅၇ မှုမှ တရားခံ ကျား၊ မ ၂၂၈ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## စက်ချုပ်နှင့်ဖက်ရှင်ဒီဇိုင်းပညာ အခမဲ့သင်တန်း ဖွင့်လှစ်

**မန္တလေး ဩဂုတ် ၃၀**

မန္တလေးမြို့ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း ပညာဒါနကျောင်းက ဖွင့်လှစ်ခဲ့သည့် စက်ချုပ်နှင့်ဖက်ရှင်ဒီဇိုင်းပညာ အခမဲ့သင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲနှင့် အမှတ်စဉ်(၁၂) ဖွင့်ပွဲကို ဩဂုတ် ၂၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် အသင်းဒုဥက္ကဋ္ဌဦးချစ်ထူး(ပညာရေးက) အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမောင်မောင်လေး(ပညာရေးတာဝန်ခံ)က အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် လက်ရှိဖွင့်လှစ်သင်ကြားပေးနေသော အသက်မွေးဝမ်းကျောင်းပညာသင်တန်းများအကြောင်းကိုလည်းကောင်း၊ ဒုဥက္ကဋ္ဌ ဦးခင်မောင်ကြီး (စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင်)က သင်တန်းများနှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အမှတ်စဉ် (၁၁) သင်တန်းဆင်းသည့် သင်တန်းသူများက မိမိတို့ကိုယ်တိုင် တီထွင်ချုပ်လုပ်ထားသောဝတ်စုံများကို ဝတ်ဆင်၍ အုပ်စုလိုက်ယှဉ်ပြိုင်ကြကာ တာဝန်ရှိသူများက နည်းပြဆရာမများအား ဂုဏ်ပြုလက်ဆောင်များ၊ ဆုရသင်တန်းသူများအား ဆုများနှင့် သင်တန်းပြီးမြောက်ကြောင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြီးခဲ့သော စက်ချုပ်နှင့်ဖက်ရှင်ဒီဇိုင်းပညာသင်တန်း အမှတ်စဉ်(၁၁)တွင် အဆင့်မြင့်ခြောက်ဦးနှင့် အခြေခံအဆင့် ၅၁ ဦးသင်တန်းပြီးမြောက်ကြပြီး ဆက်လက်ဖွင့်လှစ်မည့် အမှတ်စဉ်(၁၂) သင်တန်းသို့ သင်တန်းသူ ၁၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပျက်စီးနေသောလမ်းကို အမြန်ပြုပြင်ပေးစေလို

**မတ္တရာ ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအုပ်စုအတွင်း မန္တလေး-မိုးကုတ်ကားလမ်း ဆည်တော်ကြီးလမ်းခွဲအနီးရှိ လမ်းတစ်နေရာမှာ မိုးရေများကြောင့် ပျက်စီးလျက်ရှိပြီး အဆိုပါလမ်းကို အသုံးပြုနေရသော ခရီးသွားပြည်သူများအနေဖြင့် အဆင်မပြေမှုများ ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။

"လမ်းပျက်နေတာတော့ မကြာသေးဘူး။ မိုးတွေရွာမှ ပျက်သွားတာ ငါးရက်လောက်ပဲရှိသေးတယ်။ လမ်းချိုင့်ရှောင်ရင်း လမ်းဘေးရေထဲချော်ပြီး ဆိုင်ကယ်လဲတာတွေ ရှိတယ်။ လမ်းချိုင့်ဖြစ်နေတဲ့နေရာကို နေ့မှာမြင်ရပေမယ့် ညဆိုရင် လမ်းကြောမသိတဲ့ ဆိုင်ကယ်နဲ့ ခရီးသွားတဲ့သူတွေအတွက် အန္တရာယ်များပါတယ်"ဟု ဒေသနေပြည်သူတစ်ဦးက ပြောသည်။ အဆိုပါ လမ်းပျက်စီးနေသည့်နေရာကို ခရီးသွားပြည်သူများ အဆင်ပြေစေရန်နှင့် ပိုမိုဆိုးရွားသွားခြင်းမရှိစေရန်အတွက် တာဝန်ရှိသူများအနေဖြင့် အမြန်ပြုပြင်ပေးရန် ဒေသနေပြည်သူများက လိုလားလျက်ရှိကြောင်းသိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## တပ်ကုန်းမြို့မဈေးကြီးပတ်လည်ရှိ ကျူးကျော်ဈေးဆိုင်များဖယ်ရှားရန် အသိပေး

**နေပြည်တော် ဩဂုတ် ၃၀**

နေပြည်တော် တပ်ကုန်းမြို့ မြို့မဈေးကြီးပတ်လည်ရှိ လမ်းမများပေါ်တွင် ကျူးကျော်ပိတ်ဆို့ရောင်းချနေသည့် ဈေးဆိုင်များအနေဖြင့် ဩဂုတ် ၃၀ ရက် နောက်ဆုံးထား၍ ရှင်းလင်းဖယ်ရှားပေးရန် တာဝန်ရှိသူများက ဩဂုတ် ၂၈ ရက်က လိုက်လံအသိပေးအကြောင်းကြားခဲ့ကြောင်း သိရသည်။



အဆိုပါ လမ်းပေါ်ကျူးကျော်ဈေးဆိုင်များကြောင့် လမ်းသွား၊ လမ်းလာများ၊ ဈေးဝယ်များကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ယာဉ်အန္တရာယ်များဖြစ်စေခြင်း၊ အရေးပေါ်ကားများ ဝင်/ထွက်မရခြင်း၊ မြို့သန့်ရှင်းလှပသာယာရေးကို ထိခိုက်စေခြင်းတို့ကြောင့် ဩဂုတ် ၃၀ ရက် နောက်ဆုံးထား၍ ရှင်းလင်းဖယ်ရှားပေးရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့များ ပါဝင်သည့် အဖွဲ့များက ဆိုင်ရှင်များအား လိုက်လံအသိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ဈေးများပတ်ဝန်းကျင်လမ်းများကို ရှင်းလင်း ဖယ်ရှားခြင်းလုပ်ငန်း အောင်မြင်ပါက ဆက်လက်၍ ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် အခြားလမ်းမများပေါ်မှ ကျူးကျော်ဈေးဆိုင်များ၊ လမ်းဆုံလမ်းခွများမှ ဈေးဆိုင်များနှင့် ရေနုတ်မြောင်းများပေါ်တွင် အခိုင်အမာဆောက်လုပ်ထားသည့် ဈေးဆိုင်များကိုလည်း မြို့သန့်ရှင်းလှပသာယာရေးအတွက် ဖယ်ရှားရှင်းလင်းပေးရန် မြို့နေပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

## တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုရိုးရာဓလေ့ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**မိုင်းဖြတ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် တိုင်းရင်းသားပြည်သူများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ တိုင်းရင်းသားစာပေနှင့်



ရိုးရာယဉ်ကျေးမှုဓလေ့ဆိုင်ရာ ဆွေးနွေးပွဲကို ဩဂုတ် ၂၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ Community Centre ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်ဝိုင်းသက်ဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရှောလမွန်က ဆွေးနွေးပွဲကျင်းပခြင်း ရည်ရွယ်ချက်နှင့် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့ နောက် တက်ရောက်လာသူများက တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ဆိုင်ရာများ ပြုစုထိန်းသိမ်းထားရှိနိုင်ရေး၊ ပြတိုက်ငယ် (Museum) နှင့် ကလေးစာဖတ်ခန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိလာရေးတို့နှင့်စပ်လျဉ်း၍ အသီးသီး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာသူများက လက်ရှိဖွင့်လှစ်ထားသော ပြတိုက်ငယ်၊ ကလေးစာဖတ်ခန်းနှင့် စာအုပ်များ ခင်းကျင်းပြသထားရှိမှုကို လေ့လာကြည့်ရှုခဲ့ကြသည်။ ဆွေးနွေးပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

**စာမျက်နှာ ၂၀ မှ**

ထို့ကြောင့် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်များဝတ်ထားပါက ခြင်ကိုက် သက်သာစေသည်။ သို့သော် အဝတ်ထူထူများကို ရာသီဥတုပူသည့်အခါများတွင် ဝတ်ဆင်ဖို့က မသက်သာလှသလို အဝတ်အစားနှင့် လွတ်နေသည့်နေရာ၊ အဝတ်ပါးသည့်နေရာများကို ခြင်က ကိုက်နိုင်သေးသည်သာဖြစ်သည်။




ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဆင်ခြေထောက်ရောဂါနှင့် အခြားသောရောဂါများကို သယ်ဆောင်နိုင်သည့် ကျူးလက်ခြင်




ငှက်ဖျားရောဂါပိုးကို သယ်ဆောင်နိုင်သည့် အနော့ဖလိခြင်

**၃။ ခြင်ပြေးဆေးလိမ်းခြင်း**

အရေပြားပေါ်တွင်လိမ်းနိုင်သည့် ခြင်ပြေးလိမ်းဆေးများကိုလည်း ထုတ်လုပ်လာကြသည်။ အလားတူ ဆေးဆပ်ပြာအဖြစ် ခြင်မကိုက်စေသော ကိုယ်တိုက်ဆပ်ပြာအဖြစ် ထုတ်လုပ်လာကြသည်။ အထိုက်အလျောက် အာနိသင်ရှိသော်လည်း လိမ်းဆေးအမျိုးအစားပေါ်မူတည်ကာ တချို့က နှစ်နာရီ၊ သုံးနာရီခန့်အထိသာ အာနိသင်ကောင်းကောင်းရှိတတ်သည်။ တစ်နေ့လုံး တစ်ညလုံး မမေ့မလျော့ ခြင်ပြေးဆေးလိမ်းနေရန်မှာ မလွယ်လှသလို တချို့မှာလည်း အရေပြားဓာတ်မတည့်မှုဖြစ်တတ်သည့် သဘောရှိသည်။ ထို့ကြောင့် ရေရှည်တွင် ထိထိရောက်ရောက်သုံးနိုင်သည့် နည်းတစ်ခု မဟုတ်ပြန်ပါ။

**၄။ ခြင်လုံဆန်ခါတပ်ဆင်ခြင်း**

တိုက်ခန်းကဲ့သို့သော ပြူတင်းပေါက်နှင့် တံခါးပေါက်နည်းသော အိမ်မျိုးဖြစ်ပါက ခြင်လုံဆန်ခါတပ်ဆင်ထားသင့်သည်။ သို့သော် အိမ်အများစုမှာ ခြင်ဝင်နိုင်သည့်အပေါက် အများအပြားရှိတတ်သည့်အတွက် အားလုံးနှင့် သင့်လျော်သည့်နည်းဟု မဆိုနိုင်ပြန်ပါ။ ထို့ပြင် အိမ်တွင်းတွင် တစ်ချိန်လုံးနေရန် မဖြစ်နိုင်သည့်အတွက် အပြင်ထွက်သည့်အခါများတွင် ခြင်ကိုက်ခံရနိုင်သည့်အခြေအနေက ရှိနေသေးသည်သာ ဖြစ်သည်။

**ဘယ်နည်းအကောင်းဆုံးလဲ**

ဖော်ပြခဲ့သည့်နည်းလမ်းများမှာ လက်ရှိလုပ်ဆောင်လျက်ရှိသည့် နည်းလမ်းများဖြစ်ပါသည်။ ဘယ်နည်းအကောင်းဆုံးလဲဟု မေးလာပါက မိမိ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့်နည်းများကိုသာ အကောင်းဆုံးအဖြစ် လိုက်နာလုပ်ဆောင်ရမည် ဖြစ်သည်။ တစ်နည်းတည်းဖြင့် ခြင်အန္တရာယ်ကို ထိထိရောက်ရောက် ကာကွယ်နိုင်ခြင်းမရှိသေးသလို တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ဆောင် ရွက်၍လည်း မရနိုင်ပါ။ တစ်လမ်းလုံး၊ တစ်ရွာလုံး၊ တစ်ရပ်ကွက်လုံး၊ တစ်မြို့လုံးမှသည် တစ်နိုင်ငံလုံး အတိုင်းအတာအထိ ခြင်နှိမ်နင်းရေးကို လုပ်ဆောင်ရမည် ဖြစ်ပါသည်။

ခြင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါများဖြစ်မှ မျက်ကလဲဆန်ပျာဖြစ်ကာ ကုသမှုယူခြင်းထက် ရောဂါမဖြစ်ခင်ကတည်းက ရောဂါပိုးသယ်ဆောင်ဖြန့်ဖြူးနေသည့် ခြင်ကို သားလောင်းဘဝကတည်းက အရှင်မထားဘဲ တတ်အားသရွေ့နည်းလမ်းစုံသုံးကာ တွန်းလှန်ကာကွယ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

# ရေလမ်းကြောင်းထိန်းသိမ်းရေး အရေးကြီးသော်လည်း ကမ်းပြိုကာကွယ်ရေးကိုသာ ဦးစားပေးဖြေရှင်းနေရ

**မကွေး ဩဂုတ် ၃၀**
မြစ်ချောင်းများနှင့်ဆက်စပ်သော ကမ်းပါးပြိုမှုဖြစ်စဉ်များမှာ ရေစီးလမ်းကြောင်းမတည်ငြိမ်မှုကြောင့်ဖြစ်ပြီး ကမ်းပါးပြိုမှုများ လျော့နည်းသွားစေရန်အတွက် ရေလမ်းကြောင်းထိန်းသိမ်းရေးမှာ ပင်မအရေးကြီးလုပ်ငန်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း၌မူ လတ်တလောတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ပို၍ အရေးတကြီး ဖြေရှင်းဆောင်ရွက်နေရကြောင်း မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"လက်ရှိဖြစ်ပျက်နေတာက ကမ်းပြိုတာတွေ၊ တကယ့်တကယ် မြစ်ထဲမှာ ရေကြောင်းတွေ မကောင်းလို့ ပြိုတာပဲ။ ဒါပေမယ့် Issue က ရေကြောင်းတွေ မကောင်းတာကို သိပ်မတွေ့တော့ဘဲနဲ့ ကမ်းပြိုတာပဲ ခေါင်းစဉ်ကထွက်နေတယ်။ ရေလမ်းကို ထိန်းကိုထိန်းရမယ်။ ရေလမ်း မထိန်းရင် စီးချင်တဲ့နေရာစီးနေတော့ ဟိုဘက်ကမ်းပါးသွားဖဲ့လိုက် ဒီဘက်ထိုးလိုက် ဖြစ်ကုန်တယ်။ ရေလမ်းကို စီးစေချင်တဲ့ဘက် Train ပေးဖို့လိုတယ်။ 1986 Master Plan မှာက ရေကြောင်းကို စီးစေချင်တဲ့ဘက် Patten ဖော်သွားတာ။ လတ်တလောမှာ ကမ်းပြိုတာတွေဖြစ်နေတော့ ရေလမ်းထိန်းတဲ့ Issue က မှေးမှိန်နေတယ်"ဟု ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်လွင်က ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း ကမ်းပြိုကျမှုကာကွယ်ရေးကို တိုင်းဒေသကြီးအစိုးရအား တာဝန်ပေးထားပြီး ပြည်ထောင်စုမှ ရေလမ်းကောင်းမွန်ရေးအတွက် နှစ်စဉ် ဘတ်ဂျက်ချပေးကြောင်း၊ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်အတွက် ချောက်-မကွေး ရေလမ်းပိုင်း ကောင်းမွန်ရေးအတွက် ပြည်ထောင်စု ငွေလုံးငွေရင်းမှ ကျပ် ၂၅၂ သန်း ချထားပေးခဲ့ချိန်၌ ဒေသတစ်ခုလုံးရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီးငွေလုံးငွေရင်းမှ ကျပ် ၂၆၄၃ ဒသမ ၄၁၃ သန်း သုံးစွဲဆောင်ရွက်နေရကြောင်း ဦးဇော်လွင်က ဆိုသည်။


မင်းဘူး(စကု)မြို့နယ် မုန်းချောင်းရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်း

"မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းမှာ ချောက်မြို့နယ်အထက်ဘက် လမ်းရွာကနေ အောက်ဘက် ကမ္ဘမြို့နယ် စစ္စယံအထိ မိုင် ၁၈၀ ကို ကမ်းပြိုကျေးရွာတွေအတွက် ရေကာရိုက်၊ ကမ်းထိန်းနံရံတည်ဆောက်တဲ့လုပ်ငန်းတွေ နှစ်စဉ် လုပ်ပေးနေရတယ်"ဟု ၄င်းကပြောသည်။

မကွေးတိုင်းဒေသကြီးတွင် ဧရာဝတီမြစ်ရေတိုက်စားမှု အကြီးမားဆုံးနေရာများမှာ ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်တို့ဖြစ်ပြီး ၁၉၈၆ ခုနှစ်က ဆွဲခဲ့သည့် Master Plan နှင့် ယနေ့ ဧရာဝတီမြစ်၏ မြစ်ကြောင်းပြောင်းလဲမှုမှာ များစွာကွာဟနေပြီဖြစ်ကြောင်း၊ ဧရာဝတီမြစ်မှာ အနောက်ခြမ်းဒေသများဘက်သို့ ရေစီးကြောင်းပြောင်းနေသည်မှာ ၁၀နှစ်ခန့်ရှိပြီဖြစ်ပြီး ကမ်းပါးပြိုကျမှုများလည်း များစွာဖြစ်ပေါ်နေကြောင်း၊ မြစ်အနောက် ဘက်ခြမ်းရှိ ကျေးရွာများမှာ ကမ်းပါးပြိုကျမှု အများဆုံးကြုံတွေ့နေရပြီး ရေစကြိုနယ်မှ ကျေးရွာ ၁၅ ရွာခန့်၊ ပခုက္ကူနယ်မှ ခြောက်ရွာခန့်၊ စလင်းနယ်မှ ၁၆ ရွာခန့်၊ ပွင့်ဖြူနယ်မှ ခြောက်ရွာခန့်၊ မင်းဘူးနယ်မှ လေးရွာခန့်မှာ ကမ်းပြိုကျမှုကို ကြီးမားစွာကြုံတွေ့နေရကြောင်း သိရသည်။

"ကမ်းပြိုလို့ ရွှေ့ရပြောင်းရရင် တခြားရွာတွေက လက်မခံချင်ကြတော့ အတော်ဒုက္ခရောက်ရပါတယ်။ မြေဈေးကလည်း မြစ်ကမ်းဘေးမှာကိုပဲ တစ်ဧကကို သိန်း ၃၀ ကနေ သိန်း ၅၀ လောက်အထိ ရှိနေတော့ မြေဝယ်နေဖို့ဆိုတာ ကျွန်တော်တို့အနေနဲ့ ကြီးမားတဲ့အခက်အခဲတစ်ခုပါပဲ"ဟု ကမ်းပြိုမှုကြုံတွေ့ခဲ့ရသည့် ဒေသခံတောင်သူတစ်ဦးက ပြောသည်။


မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာ ယင်းချောင်းရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေပုံ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး ငွေလုံး ငွေရင်းမှ ကျပ် ၂၆၄၃ ဒသမ ၄၁၃ သန်း သုံးစွဲဆောင်ရွက်လျက်ရှိရာ ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်၊ ဆောမြို့နယ်၊ ရေစကြိုမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ မင်းဘူး(စကု)မြို့နယ်၊ မင်းလှမြို့နယ်၊ ပေါက်မြို့နယ်၊ မြို့သစ်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့အတွင်း ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဆောချောင်း၊ မုန်းချောင်းနှင့် အခြားမြစ်ချောင်းများ၏ ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုမှ ကာကွယ်ရေးလုပ်ငန်းများတွင် လျာထားသုံးစွဲနေကြောင်း ဦးစီးဌာနမှတ်တမ်းများအရ သိရသည်။

ဌာနအနေဖြင့် ယခင်က ဧရာဝတီမြစ် ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် မြစ်ကြောင်းသွားရေယာဉ်များအတွက် ရေကြောင်းပြအမှတ်အသားများ ထားရှိပေးသည့် လုပ်ငန်းများကိုသာ အဓိက လုပ်ဆောင်ခဲ့ရခြင်း ဖြစ်သော်လည်း လက်ရှိတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို အရေးတကြီး ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ယမန်နှစ်ကလည်း ရေလမ်းကြောင်း ထိန်းသိမ်းရေးလုပ်ငန်းထက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကိုသာ ငွေကျပ်သန်းပေါင်းများစွာ ပိုမိုအကုန်ကျခံ၍ လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။
**ဇေယျတု(မကွေး)**

# ကလေးဝမြို့ တံတားကြီးနှစ်စင်းတွင် လျှပ်စစ်မီးလင်းရန် လိုအပ်နေ

**ကလေးဝ ဩဂုတ် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၏ လမ်းပန်းဆက်သွယ်ရေးအတွက် အဓိကကျသော တံတားကြီးနှစ်စင်းဖြစ်သည့် ချင်းတွင်းတံတား(ကလေးဝ)နှင့် မြစ်သာကြိုးတံတား(ကလေးဝ)တို့မှာ အဆင့်မြင့်တံတားသစ်ကြီးများဖြစ်ပြီး နေ့ဘက်တွင် ပြည်သူများသွားလာရေးအတွက် အထောက်အကူပြုသော်လည်း ညဘက်တွင်မီးမရှိသဖြင့်အဆင်မပြေကြောင်း သိရသည်။

မြစ်သာကြိုးတံတား(ကလေးဝ)ကို ၂၀၀၄ ခုနှစ်က ဖွင့်လှစ်ခဲ့ပြီး ကလေးဝမြို့ကို မုံရွာ-ယာကြီး-ကလေးဝ လမ်းနှင့် ဆက်သွယ်ပေးထားသည့် တံတားဖြစ်သည်။ ချင်းတွင်းတံတား(ကလေးဝ)ကို ယခုနှစ် ဧပြီလတွင်မှ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကလေးဝမြို့ကို မုံရွာ-ရေဦး-ကလေးဝလမ်းနှင့် ဆက်သွယ်ပေးထားသည်။ ချင်းတွင်းတံတား(ကလေးဝ)သည် တန်ဖိုးကြီးမားသော ခေတ်မီသံမဏိ သံပေါင်တံတားကြီးဖြစ်ပြီး တံတားကြီးတွင် မီးသီး၊ မီးချောင်းများ၊ CCTV ကင်မရာများပါ တပ်ဆင်ထားသည်။


ချင်းတွင်းတံတား(ကလေးဝ)

ချင်းတွင်းတံတား(ကလေးဝ) ဖွင့်ပွဲကာလအတွင်း တံတားများမှာ ညဘက်တွင် မီးများလင်း၍ လုပပြီး သွားလာရေး အဆင်ပြေခဲ့သော်လည်း ယခုအခါ မီးလုံးဝမရှိသဖြင့် တံတားပေါ်ဖြတ်သန်းသည့်ယာဉ်များ သွားလာရေး အဆင်မပြေသလို တံတားအောက်မှ ညဘက်ခရီးသွားသည့် ရေယာဉ်နှင့် သစ်ဖောင်များမှာလည်း အထူးသတိပြု၍ သွားလာနေရကြောင်း သိရသည်။

ကလေးဝမြို့ လျှပ်စစ်ဌာနအနေဖြင့်လည်း မြို့ထဲအတွက်ပင် လျှပ်စစ်ဓာတ်အားမနိုင်၍ ရပ်ကွက်များကိုပင် အလှည့်ကျမီးဖြတ်၍ ပေးနေရကြောင်း၊ ကလေးဝမြို့သည် ၂၄ နာရီ မီးရနေသည့် ကလေးမြို့နှင့် ၂၄ မိုင်မျှသာ ကွာဝေးသလို မဟာဓာတ်အားလိုင်း ဆုံရာနေရာနှင့် ၁၀ မိုင်ကျော်ရုံမျှ ကွာဝေးကြောင်း၊ မင်းကင်းမြို့မှာလည်း ၂၀၁၈ ခုနှစ် ဇန်နဝါရီလထဲတွင် မီးလင်းမည်ဖြစ်ကာ မော်လိုက်မြို့မှာလည်း မင်းကင်းနှင့်တစ်ဆက်တည်း မီးလင်းနိုင်မည့်အခြေအနေရှိနေကြောင်း သိရသည်။

အဆိုပါမြို့များနှင့် ဒေသတစ်ခုတည်းတွင်ရှိသော ကလေးဝမြို့တွင်လည်း အခြားမြို့များနည်းတူ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရန်နှင့် တံတားကြီးများသို့လည်း ညအချိန်များတွင် မီးပေးနိုင်ကာ သွားလာရေး အဆင်ပြေလာစေရန် မြို့ခံပြည်သူများက မျှော်လင့်လျက် ရှိသည်။ **နွယ်စမ်းရှင်(ကလေးဝ)**

# ပခုက္ကူသွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်း

**ညောင်ဦး ဩဂုတ် ၃၀**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ရတနာဘုံစံတောရကျောင်းဆရာတော် ဦးသာဂရ ဦးစီးတည်ထောင်ထားသည့် မြင်းကပါကျေးရွာ မြတ်စေတနာသွေးလှူရှင်အသင်းမှ သွေးလှူရှင်အသင်းသားများသည် ဩဂုတ် ၂၉ ရက်က ပခုက္ကူမြို့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသလျက်ရှိသည့် လူနာများ သွေးလိုအပ်လာပါက အချိန်မီရရှိ အဆင်ပြေစေရန် ရည်ရွယ်၍ ပခုက္ကူမြို့ သွေးလှူဘဏ်အဖွဲ့သို့ စုပေါင်းသွေးလှူခဲ့ခြင်းဖြစ်ကာ သွေးပုလင်းအလုံးရေ ၁၆ လုံးကို လှူဒါန်းခဲ့ကြောင်း၊ ဆရာတော် အရှင်သာဂရ အပါအဝင် အသင်းဝင်များက အေသွေး ငါးလုံး၊ ဘီသွေး ရှစ်လုံးနှင့် အိုသွေး သုံးလုံးကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ မြတ်စေတနာ သွေးလှူရှင်အသင်းမှ အသင်းသားများအနေဖြင့် ယခုကဲ့သို့ စုပေါင်းသွေးလှူဒါန်းခြင်းအပြင် သွေးလိုအပ်သော




လူနာများအတွက်လည်း တစ်ဦးချင်း လှူဒါန်းပေးနေ၍ သွေးလိုအပ်ချက်ရှိပါက မည်သူမဆို ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း မြတ်စေတနာ သွေးလှူရှင်အသင်းမှ တာဝန်ရှိသူ ဦးဝင်းမင်းထွန်း၏ ပြောကြားချက်အရသိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

# FLEGT-VPA လုပ်ငန်းစဉ်အပေါ် လူမှုအဖွဲ့အစည်းများဆွေးနွေးပွဲကျင်းပ



**မုံရွာ ဩဂုတ် ၃၀**
တရားမဝင်သစ်ထုတ်ခြင်းနှင့် ကုန်သွယ်ခြင်းကို တိုက်ဖျက်နိုင်ရန်နှင့် သစ်တောစီမံချက်များ တိုးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်သည့် FLEGT-VPA လုပ်ငန်းစဉ်အပေါ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဆွေးနွေးပွဲနှင့် တိုင်းဒေသကြီးအလုပ်အဖွဲ့ ရွေးချယ်ခြင်းကို ဩဂုတ် ၂၉ ရက်နှင့် ၃၀ ရက်က မုံရွာမြို့ ကျောက်စိမ်းဟိုတယ်၌ ပြုလုပ်ခဲ့သည်။

FLEGT လုပ်ငန်းစီမံချက်သည် တရားမဝင်သစ်ထုတ်ခြင်းနှင့် ကုန်သွယ်ခြင်းကို တိုက်ဖျက်နိုင်မည့်အပြင် ဥရောပဈေးကွက် ဝယ်လိုအား စီးပွားရေးအခွင့်အလမ်းအလားအလာများကြောင့် သစ်တင်ပို့သည့်နိုင်ငံများအနေဖြင့် ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်မှု၊ ပိုမိုပွင့်လင်းမြင်သာပြီး တာဝန်ယူမှုရှိသော စီမံအုပ်ချုပ်မှု တိုးမြှင့်နိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေနိုင်သော စီမံချက်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတဲ့ သစ်တောနဲ့ပတ်သက်တဲ့ သယံဇာတပစ္စည်းတွေ ဆုံးရှုံးနေတဲ့ အနေအထားတွေကို တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့်တွေမှာ FLEGT-VPA လုပ်ငန်းစဉ်တွေ သိရှိအောင် ရှင်းလင်းတင်ပြတာ ဖြစ်ပါတယ်။ ဒုတိယနေ့မှာ တိုင်းဒေသကြီးအဆင့် အရပ်ဘက်ကိုယ်စားလှယ်တွေနဲ့ အလုပ်အဖွဲ့တွေ ဖွဲ့စည်းဖို့ စီစဉ်ကျင်းပတာ ဖြစ်ပါတယ်"ဟု ဆွေးနွေးပွဲ ပထမနေ့တွင် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဝင် ဦးဘောန်ဇွန်းကပြောသည်။

FLEGT-VPA လုပ်ငန်းစဉ်ဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအဆင့်အနေဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ၅၀ ကျော်ဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ ဆွေးနွေးပွဲများကို မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး စက်တင်ဘာလထဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဆက်လက်ပြုလုပ်ရန် စီစဉ်ထားကြောင်း၊ ဆွေးနွေးပွဲပြုလုပ်ခြင်းဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကြားတွင် တရားမဝင်သစ်ထုတ်ခြင်းနှင့် ကုန်သွယ်ခြင်းကို တိုက်ဖျက်နိုင်မည့် အသိအမြင်များ ပိုမိုပွင့်လင်းလာပြီး FLEGT-VPA ဆိုသည်ကိုလည်း ပိုမိုသိရှိသွားမည်ဖြစ်ကြောင်း သိရသည်။
**မျိုးဝင်းထွန်း(မုံရွာ)**

# ရခိုင်ပြည်နယ် ကူညီထောက်ပံ့ရေးအတွက် တာချီလိတ်မြို့သူမြို့သားများ ကော်မတီတစ်ရပ်ဖွဲ့စည်းထား

**သတင်းဆောင်းပါး - မြင့်မိုရ်(တာချီလိတ်)**

ARSAအစွန်းရောက် အကြမ်းဖက်သမားများ၏ ကျူးကျော်တိုက်ခိုက်မှု ဒဏ်ကြောင့် ဘေးဒုက္ခရောက်နေကြသည့် ရခိုင်တိုင်းရင်းသားများကို ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် တာချီလိတ်မြို့သူမြို့သား၏ ရခိုင်ပြည်နယ်ကူညီထောက်ပံ့ရေးကော်မတီတစ်ရပ်ကို တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၇ ရက်က စတင်ဖွဲ့စည်းပြီး ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါကော်မတီတွင် တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနုနှင့် မြို့မိမြို့ဖ ဦးမြင့်ဦးတို့က နာယကအဖြစ်လည်းကောင်း၊ CNCMC ကော်မတီမှ ဦးအောင်ဖြိုးရှိန်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရခိုင်ယဉ်ကျေးမှုအဖွဲ့မှ ဦးစောထွန်းဦးက အတွင်းရေးမှူးတာဝန်ဖြင့်လည်းကောင်း၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရှမ်း၊ အာခါ၊ လားဟူ၊ လီဆူ၊ ဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များက ကော်မတီအဖွဲ့ဝင်များအဖြစ်ပါဝင်၍ စုစုပေါင်း ၂၀ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ARSAအစွန်းရောက်အကြမ်းဖက်သမားများ၏ ကျူးကျော်တိုက်ခိုက်မှုဒဏ်ကြောင့် ဘေးဒုက္ခရောက်နေကြသည့် ရခိုင်တိုင်းရင်းသားများအား ကူညီထောက်ပံ့နိုင်ရေးအတွက် တာချီလိတ်မြို့ ဗယ်လင်းတိုင်းကဖေးဆိုင်တွင် အလှူခံဌာနဖွင့်လှစ်၍ အလှူခံလျက်ရှိကာ ကော်မတီ၏ စီစဉ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**ဦးအောင်ဖြိုးရှိန်**
**(တာချီလိတ်မြို့သူ မြို့သား၏ ရခိုင်ပြည်နယ် ကူညီထောက်ပံ့ရေးကော်မတီ ဥက္ကဋ္ဌ)**



"ဩဂုတ် ၂၅ ရက်နေ့က စတင်ပြီး ရခိုင်ပြည်မှာရှိတဲ့ ရခိုင်တိုင်းရင်းသားတွေကို အကြမ်းဖက်သမားများက ဝင်ရောက်တိုက်ခိုက်တာတွေ၊ နယ်မြေလုံခြုံရေးရဲကင်းတွေကို အကြမ်းဖက်စီးနင်းတာတွေ ဖြစ်ပေါ်ခဲ့ပါတယ်၊ ဒီသတင်းကို ကြားကြားချင်း အတော်လေးကို ခံစားရပါတယ်။ ဘာကြောင့်လဲဆိုတော့ ရခိုင်ကလည်း မြန်မာနိုင်ငံသားပါပဲ။ ဗမာဆိုတာလည်း မြန်မာနိုင်ငံသားပါ။ အားလုံးဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြတဲ့ ပြည်ထောင်စုသား ညီအစ်ကိုမောင်နှမတွေ ဖြစ်ကြပါတယ်။ လက်သည်းဆိတ်တော့ လက်ထိပ်နာသလိုပါပဲ။ ရခိုင်မိသားစုတွေနဲ့အတူ ထပ်တူခံစားရပါတယ်။ ဒါကြောင့်လည်း ပြဿနာစဖြစ်တဲ့နေ့ကတည်းက တာချီလိတ်မြို့သူမြို့သားတွေဟာ ကူညီစောင့်ရှောက်ရေးအစီအစဉ်တွေ စပြီးဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ ရှမ်း၊ အာခါ၊ လားဟူ၊ 'ဝ'၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ လီဆူစသဖြင့် တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြပါတယ်၊ တိုင်းရင်းသား ညီအစ်ကိုတွေ အားလုံးဟာ ရခိုင်တိုင်းရင်းသားတွေရဲ့ လက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲကို အားလုံးဝိုင်းဝန်းဖြေရှင်းကြမယ်ဆိုပြီး ဒီနေ့ပဲ တာချီလိတ်မြို့သူမြို့သားတွေရဲ့ အစီအစဉ်နဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှာ အစည်းအဝေး တစ်ရပ်ကျင်းပပြီး ကော်မတီဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မတီကဦးဆောင်ပြီး တာချီလိတ်မြို့သူမြို့သားတွေက အဓိက လှူဒါန်းမည့်ငွေနဲ့ ရခိုင်တိုင်းရင်းသားတွေရဲ့အခက်အခဲတွေကို တတ်စွမ်းသရွေ့ကူညီကြမယ်ဆိုတဲ့ ရည်ရွယ်ချက်ကလေးနဲ့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းဆိုတာ မြန်မာနိုင်ငံရဲ့အရှေ့ဖျားဒေသပါ၊ ရခိုင်ဒေသဆိုတာ မြန်မာနိုင်ငံရဲ့ အနောက်ပိုင်းဒေသ ဆက်သွယ်သွားလာရေး အလွန်ခက်ခဲလို့ စားနပ်ရိက္ခာထောက်ပံ့ဖို့ ခက်ခဲပါတယ်၊ ဒါကြောင့်မို့ အလှူငွေကို အဓိက လက်ခံပြီးတော့ သက်ဆိုင်ရာဒေသကို အလှူငွေပေးပို့ပြီး လိုအပ်တာကို ဝယ်ယူလှူဒါန်းမှာ ဖြစ်ပါတယ်။

ယခုဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ပတ်သက်ပြီး ရင်ထဲမှာ ရှိတဲ့အတိုင်းပြောချင်ပါတယ်။ ရခိုင်နှင့် ရခိုင်မျိုးနွယ်စုဝင်တွေ အားလုံးဟာ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေပါပဲ။ တစ်မြေတည်းနေ တစ်ရေတည်းသောက်လာပြီး ဘိုးစဉ်ဘောင်ဆက် လက်တွဲလာကြတဲ့ ညီအစ်ကို မောင်နှမတွေ ဖြစ်ပါတယ်။ ဖြစ်စဉ်တွေအားလုံးအပေါ်မှာ ထပ်တူထပ်မျှ ထိထိခိုက်ခိုက် ခံစားရပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေ လုပ်နေတဲ့သူတွေ၊ ဒါ့အပြင် အကြမ်းဖက်လုပ်ရပ်တွေကို ကမ္ဘာကို မဟုတ်မမှန် မုသာဝါဒတွေသုံးပြီး ဖြန့်ချိနေတဲ့လုပ်ရပ်တွေကို တော်တော်လေး မုန်းတီး ရွံရှာပါတယ်။ ရခိုင်တိုင်းရင်းသားတွေကို ရင်ထဲကလာတဲ့စကားအတိုင်း စိတ်ဓာတ်ခွန်အားပေးပါတယ်။ အားမငယ်ကြဖို့၊ တတ်စွမ်းသမျှသော ထောက်ပံ့မှုတွေနဲ့ တာချီလိတ်မြို့သူမြို့သားတွေက စေတနာအပြည့်အဝနဲ့ ထောက်ပံ့ကူညီမှာပါ။ မိသားစုတွေအားလုံး စည်းစည်းလုံးလုံး ဥမကွဲသိုက်မပျက် ချစ်ချစ်ခင်ခင် လက်တွဲပြီး အကြမ်းဖက်တိုက်ခိုက်မှုကို ဆန့်ကျင်တိုက်ခိုက်သွားမယ်။ လိုအပ်တဲ့ကူညီထောက်ပံ့မှုတွေကိုလည်း တတ်စွမ်းသရွေ့ဖြည့်ဆည်းပေးပါမယ်ဆိုတာ တာချီလိတ်မြို့သူမြို့သားတွေ အားလုံးရဲ့ကိုယ်စား လေးလေးနက်နက်ပြောကြားလိုပါတယ်။

**ဦးခင်မောင်မြင့်(အဖွဲ့ဝင်)**
**(ရွှေမဟာကိုယ်ပိုင်အထက်တန်းကျောင်းအုပ်ဆရာကြီး)**



ကျွန်တော်က ရခိုင်ဒေသထောက်ပံ့ရေးအဖွဲ့မှာ အဖွဲ့ဝင်တစ်ဦးအနေဖြင့် ပူးပေါင်းပါဝင်ခဲ့ပါတယ်။ အဓိကအားဖြင့် မွတ်ဆလင်ပဲပြောပြော၊ ဘင်္ဂါလီပဲပြောပြော၊ လူမျိုးရေး မုန်းတီးစိတ်မရှိပါဘူး။ မြန်မာနိုင်ငံဆိုတာက တိုင်းရင်းသား ၁၃၅ မျိုး ပူးပေါင်းပါဝင်ဖွဲ့စည်းထားတဲ့နိုင်ငံဖြစ်ပါတယ်၊ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားလူမျိုးတစ်ခုကို ထိခိုက်ပြီဆို အားလုံးက တာဝန်ရှိတယ်လို့ မြင်ပါတယ်။ အခုလို လူမဆန်စွာဖြင့် အကြမ်းဖက်တိုက်ခိုက်နေတာကို လက်ခံမှာ မဟုတ်ပါဘူး၊ ဒီတော့ ရခိုင်လူမျိုးကို ထိခိုက်တာဟာ ကျွန်တော်တို့ကို ထိခိုက်တာနဲ့ အတူတူပဲဖြစ်ပါတယ်။ ဒါကြောင့် ပူးပေါင်းပါဝင်ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ကျောင်းသားတွေကို ဒီအကြောင်းတွေကို ရှင်းပြမယ်၊ ကျောင်းသားတွေကလည်း ရခိုင်ဒေသကို ဘယ်လောက်ပံ့ပိုးနိုင်မလဲ။ ဒီတိုင်းရင်းသားတွေဟာလည်း ကိုယ်နဲ့အတူတူပဲဆိုတာကို ရှင်းပြပါမယ်။ ကျောင်းသားတွေလည်း အမျိုးသားရေးကိစ္စ နိုးကြားလာအောင် ကျွန်တော့်ကျောင်းမှာ နှိုးဆော်မှာဖြစ်တယ်။ ကျွန်တော်တို့ ကျောင်းအနေနဲ့လည်း ကျပ် ၁၀ သိန်း လှူဒါန်းခဲ့ပါတယ်။

**ဗယ်လင်းတိုင်းကဖေး(မိသားစု)**
**(အလှူရှင်)**



ဆိုင်အနေနဲ့ ကျပ်ငါးသိန်း ထည့်ဝင်လှူဒါန်းပါတယ်၊ ဆိုင်ဝန်ထမ်းတွေကလည်း သူတို့ရဲ့ ချွေးနဲ့စာနဲ့ ကျပ်ငါးသိန်း ထည့်ဝင်လှူဒါန်းဖြစ်ပါတယ်။ မန်နေဂျာတစ်ဦးဖြစ်တဲ့ မနွယ်နွယ်က သူရဲ့လုပ်အားခ တစ်လစာ ၁၅၀၀၀၀ ကျပ်ကိုလည်း ပါဝင်လှူဒါန်းပါတယ်၊ တိုင်းရင်းသားချင်းအတူတူ စိတ်မကောင်းဖြစ်မိတဲ့အတွက် လှူဒါန်းခြင်းဖြစ်ပါတယ်။

တာချီလိတ်မြို့သူမြို့သားများ၏ ရခိုင်ပြည်နယ်ကူညီထောက်ပံ့ရေးကော်မတီအနေဖြင့် ရခိုင်ပြည်နယ်ဒေသအတွင်း လတ်တလောဖြစ်ပွားလျက်ရှိသော ပြဿနာများကြောင့် စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့နေရသည့် ရခိုင်တိုင်းရင်းသားပြည်သူများအတွက် တန်ဖိုး ကျပ်ကိုးသိန်းရှိ ငါးပိကြော်အထုပ် ၁၀၀၀ နှင့် ရခိုင်ပြည်နယ် ကူညီထောက်ပံ့ရေးကော်မတီအဖွဲ့ဝင်များ၊ ဗယ်လင်းတိုင်းကဖေးမိသားစုနှင့် ဆိုင်ဝန်ထမ်းများမှ မတည်ထည့်ဝင်ငွေ ကျပ် ၆၅ သိန်း၊ တာချီလိတ်မြို့သူမြို့သားများမှလှူဒါန်းငွေ ကျပ် ၅၉ သိန်းခန့်၊ စုစုပေါင်း ငွေကျပ် ၁၂၄ သိန်းကို ဩဂုတ် ၂၈ ရက်နေ့လယ်အထိ ကောက်ခံရရှိ လှူဒါန်းသွားမည်ဖြစ်ပြီး ဆက်လက်၍ ပါဝင်လှူဒါန်းလိုသူများအနေဖြင့်လည်း တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအနီးရှိ ဗယ်လင်းတိုင်းကဖေးတွင် လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ ။

## တူးမြောင်းမကြီးများကို ပြုပြင်ရှင်းလင်း

**မြို့သစ် ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့တွင်တည်ရှိသော နတ်မောက်ဆည်၊ ဆဒ္ဒန်ဆည်နှင့် စွန်ဆည်များအနက် စွန်ဆည်တမံ၏ ဆည်ရေသောက်ဧရိယာအတွင်း စပါးများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်စေရန်အတွက် စွန်ဆည်ရှိ တူးမြောင်းမကြီးများတွင် သဲများ၊ နုန်းများနှင့် ချုံနွယ်ပင်များ ရှင်းလင်းခြင်းကို ဩဂုတ် ၂၈ ရက်က လူအင်အား၊ စက်အင်အားများဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လုပ်ငန်းများကို ဩဂုတ် ၂၅ ရက်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး စွန်ဆည်တူးမြောင်းမကြီး၏ ပေ တိုင် ၁၆၀၀ မှ ၁၀၆၀၀ အတွင်းရှိသော မြောင်းမကြီးများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စွန်ဆည်၏ တူးမြောင်းမကြီးများ မြောင်းဆုံးမြောင်းဖျားအထိ ဆည်ရေ တိုးမြှင့်ပေးဝေမှု အဆင်ပြေစေရန်အတွက်လည်း စွန်ဆည်မှ တာဝန်ရှိသူများအနေဖြင့် ရေလှည့်စနစ်ရေးဆွဲခြင်း၊ ရေလက်မှတ်စာအုပ်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဒေသခံတောင်သူများနှင့်အတူ ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**



## သိမ်းဆည်းရမိသော စားသုံးရန်မသင့်သည့်ပစ္စည်းများကို မီးရှို့ဖျက်ဆီး

**တွန်းဇံ ဩဂုတ် ၃၀**

ချင်းပြည်နယ် တွန်းဇံမြို့ပေါ်ရှိ ဈေးဆိုင်များမှ သိမ်းဆည်းရမိသော စားသုံးရန်မသင့်သည့် စားသုံးကုန်ပစ္စည်းများကို မြို့နယ်စားသောက်ကုန်ပစ္စည်းများ စောင့်ကြပ် ထိန်းသိမ်းရေးအဖွဲ့က ဩဂုတ် ၂၈ ရက် ညနေပိုင်းက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

တွန်းဇံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆလိုင်းထောင် ဦးဆောင်သော မြို့နယ်စားသောက်ကုန်ပစ္စည်းများ စောင့်ကြပ်ထိန်းသိမ်းရေးအဖွဲ့၊ စည်ပင်သာယာရေးကော်မတီ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စားသုံးရန်မသင့်သော ကုန်ပစ္စည်းများနှင့် ကုန်အမှတ်တံဆိပ်များကို တွန်းဇံမြို့အတွင်းရှိ ပြည်သူများ ဝယ်ယူစားသုံးခြင်းနှင့် ရောင်းချခြင်း မရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် အိုင်အိုဒင်းဓာတ် ပါဝင်မှုမရှိသော တော်ဝင်အမှတ်တံဆိပ်ပါ ဆား ၇၂၃ ထုပ်၊ အင်းဝအမှတ်တံဆိပ် ဆီတစ်ပိဿာဘူး ၁၀၅ ဘူးနှင့် ၅၀ သားဘူး ၁၉၉ ဘူး၊ ဂျယ်လီဘူး ၇၀၀ ကျော်နှင့် ဂျယ်လီချောင်း ၁၂၆ ချောင်း၊ တုတ်ထိုးချိုချဉ်များ၊ ကုန်အမှတ်တံဆိပ်မပါသော အရောင်တင်မှုန့် ၁၃၁ ထုပ်၊ မက်မန်းဆိုးဆေး ၃၂ ထုတ်၊ အသားပြားကြော် ၁၈၈ ထုပ်၊ အီတလီခေါက်ဆွဲကြော် ၂၉၄ ထုပ်၊ ရက်လွန်နေသော Asia အချိုရည်လေးဘူး၊ မာလာငါးကြော်အထုပ် ၂၀၊ ကြက်အူချောင်း ၁၁ ထုပ်နှင့် ကပ်စေးနဲ့မုန့် ၁၃၅ ထုပ်တို့ကို သိမ်းဆည်းမိခဲ့၍ တွန်းဇံမြို့အစွန်တွင် ကျင်းတူးပြီး မီးရှို့ဖျက်ဆီးပစ်ခဲ့ကြခြင်းဖြစ်သည်။



**(မြို့နယ် ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောတက္ကသိုလ်၊ ရေဆင်း
## နေပြည်တော်
# ကြေညာချက်

၁။ သစ်တောတက္ကသိုလ်၊ ၂၀၁၇-၂၀၁၈ပညာသင်နှစ်၊ သိပ္ပံ(သစ်တောပညာ)ဘွဲ့၊ (၅)နှစ်သင်တန်းသို့ ၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားနှင့် အမျိုးသမီး(၈၀) အချိုး(၂၀)ဖြင့် စုစုပေါင်းဦးရေ(၁၀၀) လက်ခံမည်။

၃။ လျှောက်ထားသူသည်-
- (က) ဝင်ခွင့်လျှောက်ထားချိန်တွင် တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲဖြင့်အောင်မြင်သူဖြစ်ရမည်။
- (ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင် စုစုပေါင်းရမှတ်(၃၆၀)နှင့်အထက်ရရှိရမည်။
- (ဃ) တောတွင်းလက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေး (က)အဆင့်ရှိပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်။
- (င) မိုင်(၂၀)လမ်းလျှောက်စွမ်းရည်စစ်ဆေးမှုအောင်မြင်ရမည်။

၄။ ဝင်ခွင့်လျှောက်လွှာကို အောက်ဖော်ပြပါသတ်မှတ်ပုံစံအတိုင်း (A-4 Size) အရွယ်စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာစာစီရိုက်နှိပ်ပြီး လိုင်စင်အရွယ်ဓာတ်ပုံကပ်၍ လျှောက်ထားရန်ဖြစ်သည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည်-
- (က) သက်ဆိုင်ရာအခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံချက်(မိတ္တူ)
- (ခ) မြန်မာနိုင်ငံစာစစ်အဖွဲ့ကထုတ်ပေးသော ၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်အမှတ်စာရင်း(မိတ္တူ)
- (ဂ) လျှောက်ထားသူနှင့်မိဘနှစ်ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)
- (ဃ) သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီးပြည်သူ့ဆေးရုံတို့မှ ကျန်းမာကြောင်းဆေးစစ်ချက်(မူရင်း)နှင့် မျက်စိအရောင်ခွဲခြားနိုင်ခြင်း (Colour Blind)ဆေးစစ်ချက်(မူရင်း)
- (င) ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့၏ထောက်ခံချက်(မူရင်း)
- (စ) လိုင်စင်အရွယ်ဓာတ်ပုံ(၃)ပုံ(ပူးတွဲ)

၆။ လျှောက်လွှာများကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်သို့ ၁၅-၉-၂၀၁၇ ရက်(သောကြာနေ့) ရုံးချိန်အတွင်း နောက်ဆုံးထား၍အရောက်ပေးပို့ရမည်။ သတ်မှတ်ရက်ထက် နောက်ကျသော အထောက်အထား မပြည့်စုံသော လျှောက်လွှာများကို ရွေးချယ်ရာတွင်ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အချက်အလက်များမမှန်မကန် ဖော်ပြလျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရမည်။

၇။ ပဏာမရွေးချယ်ခံရသူများစာရင်းကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၈။ မိုင်(၂၀)လမ်းလျှောက်စွမ်းရည်စစ်ဆေးခြင်းကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ ပြုလုပ်မည်ဖြစ်၍ ပဏာမရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာချိန်တွင် စစ်ဆေးမည့်ရက်ကို တစ်ပါတည်းထည့်သွင်းကြေညာမည်။ အစစ်ဆေးခံရန် လာရောက်သည့်အခါ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်မူရင်း၊ အမှတ်စာရင်းမူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်တို့ကို မပျက်မကွက် ယူဆောင်လာရမည်။

၉။ အသေးစိတ်သိရှိလိုပါက သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၁၉ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(မောင်မောင်လွင်)
မော်ကွန်းထိန်း

၂၀၁၇ခုနှစ် ဩဂုတ် ၁၀ရက်

### သစ်တောတက္ကသိုလ်၊ ရေဆင်း
### နေပြည်တော်

**ဘွဲ့ကြိုပထမနှစ်ဝင်ခွင့်လျှောက်လွှာ**
**၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ** | ဓာတ်ပုံ

၁။ အမည်(အပြည့်အစုံ)---------နိုင်ငံသားစိစစ်ရေးကတ်အမှတ်------
၂။ မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)--------------------------
၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်ခုံအမှတ်------ခုနှစ်--------
စာစစ်ဌာန--------------
၄။ လူမျိုး----------------ကိုးကွယ်သည့်ဘာသာ-----------
၅။ အမြဲနေထိုင်သောလိပ်စာနှင့်တယ်လီဖုန်းနံပါတ်---------------
၆။ ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းနံပါတ်-----------------
၇။ ဖခင်အမည်-----------နိုင်ငံသားစိစစ်ရေးကတ်အမှတ်----------
အလုပ်အကိုင်---------------------------------
အမိအမည်-----------နိုင်ငံသားစိစစ်ရေးကတ်အမှတ်----------
အလုပ်အကိုင်---------------------------------
၈။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ ---------- -------------
လျှောက်ထားသူ၏လက်မှတ်

အထက်ဖော်ပြပါအချက်အလက်များမှန်ကန်ပါသည်။

ရက်စွဲ ---------- -------------
မိဘ/အုပ်ထိန်းသူလက်မှတ်

---

## သီပေါမြို့နယ် နမ့်လန်(မြို့မဈေး)တည်ဆောက်ခြင်းလုပ်ငန်း အဆိုပြုရန်အတွက် တင်ဒါခေါ်ယူခြင်း

၁။ သီပေါမြို့နယ်၊ နမ့်လန်တောင်ပိုင်းရပ် ဦးပိုင်အမှတ် (၃၉)၊ အလျား ၂၈၇ဒသမ၅ပေ၊ အနံ ၂၄၈ပေမြေတွင် နမ့်လန်(မြို့မဈေး)အား ဆောက်လုပ်ရန်အတွက် တည်ဆောက်မည့်ပုံစံများကို အဆိုပြုတင်ဒါတင်သွင်းနိုင်ရန် ကြော်ငြာခေါ်ယူအပ်ပါသည်-

၂။ နမ့်လန်(မြို့မဈေး)အား ဆောက်လုပ်ပြီးစီးလျှင် သီပေါမြို့နယ်စည်ပင်သာယာရေးဌာနသို့ လွှဲပြောင်းအပ်နှံရမည်ဖြစ်ပြီး ဆောက်လုပ်လိုသည့်ကုမ္ပဏီများသည် ဈေးတစ်ခုတွင်ပါဝင်ရမည့် လိုအပ်ချက်များအားလုံးကို ထည့်သွင်းပုံစံထုတ်ရေးဆွဲ အဆိုပြုရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အောက်ပါအချက်များကို အခြေခံပြီး ကုမ္ပဏီ၏အမြင်အရပိုမို ကောင်းမွန်သည့်အချက်များ ထည့်သွင်းရေးဆွဲနိုင်ပါသည်-
- (က) ဈေးအား သံကူကွန်ကရစ်(၂)ထပ် ဈေးပုံစံရေးဆွဲရန်။
- (ခ) ဈေးအားဌာနမှ အဆိုပြုရေးဆွဲထားသည့် မြေညီထပ် Site Plan အပေါ်အခြေခံ၍ မြေညီထပ်တွင် (၈×၈) ပေ ဈေးဆိုင်ခန်း (၄၂၀)၊ (၆×၄)ပေ ပုံကျဈေးဆိုင်ခန်း (၂၅၅)ခန်း အနည်းဆုံးပါရှိအောင်ရေးဆွဲရန်။ ပထမထပ်အား ကုမ္ပဏီ၏အစီအစဉ်ဖြင့် သင့်လျော်သလိုရေးဆွဲရန်။
- (ဂ) မူလဈေးဆိုင်ခန်းပိုင်ရှင်များအား မြေညီထပ်တွင် နေရာပြန်လည်ချထားပေးရမည်ဖြစ်ပြီး (၈×၈)ပေ ဆိုင်ခန်း(၁)ခန်းလျှင် ကျပ်(၁၇)သိန်းထက်မပိုသောနှုန်း၊ (၆×၄) ပေ ပုံကျဆိုင်ခန်း(၁)ခန်းလျှင် ကျပ်(၄)သိန်းထက် မပိုသောနှုန်းဖြင့် အရစ်ကျပေးသွင်းသတ်မှတ်ဆောင်ရွက်ရန်။
- (ဃ) ဈေးအတွင်း ဝင်/ထွက်လမ်းများ၊ ဈေးတံခါးများနှင့် ဈေးတွင်းဈေးအပြင် ရေနုတ်မြောင်းများ ဆောင်ရွက်မည့်အစီအမံများ။
- (င) မီးဘေးလုံခြုံရေးစနစ်၊ အမှိုက်စွန့်ပစ်မှုစနစ်၊ မိလ္လာစနစ်နှင့် ရေဆိုးထုတ်မည့်အစီအမံများ၊ ရေစင်နှင့်ရေရရှိရေး၊ ရေဖြန့်ဝေရေး ဆောင်ရွက်မည့်အစီအမံများ။
- (စ) ဈေးဆိုင်ခန်းမီးများ၊ လုံခြုံရေးမီးများအတွက် လျှပ်စစ်သွယ်တန်းတပ်ဆင်မှုအစီအမံများနှင့် အခြားဝန်ဆောင်မှုပေးနိုင်မည့် အစီအစဉ်များ။

၃။ အဆိုပြုလွှာတင်သွင်းသည့် ကုမ္ပဏီသည် မိမိတင်သွင်းသည့်ပုံစံအရ ခန့်မှန်းကုန်ကျစရိတ်နှင့် ပထမထပ်ဆိုင်ခန်းများ ပြန်လည်ရောင်းချမည့် ဈေးနှုန်းများ ထည့်သွင်းအဆိုပြုရမည်-

၄။ အဆိုပြု တင်ဒါတင်သွင်းမည့်ကုမ္ပဏီသည် ကုမ္ပဏီမှတ်ပုံတင် လက်မှတ်မိတ္တူ၊ ကုမ္ပဏီများ အက်ဥပဒေ(၁၀၄)အရ ငွေကြေးပိုင်ဆိုင်မှု အထောက်အထားနှင့် သင်းဖွဲ့မှတ်တမ်းစည်းမျဉ်းများ ထည့်သွင်းအဆိုပြုရမည်။

၅။ အဆိုပြုတင်ဒါများကို အာမခံငွေ ကျပ်သိန်း(၅၀၀)နှင့်အတူ ၉-၁၀-၂၀၁၇ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ သီပေါမြို့နယ်စည်ပင်သာယာရေးဌာနသို့ တင်သွင်းရမည်။

၆။ မိမိအဆိုပြုတင်သွင်းသည့် ပုံစံနှင့်ပတ်သက်၍ သတ်မှတ်ရက်တွင် နမ့်လန်ဈေးကြီးကြပ်မှုကော်မတီအား ရှင်းပြရမည်ဖြစ်ပြီး ရွေးချယ်မခံရလျှင် တင်သွင်းထားသည့် အာမခံငွေအား တင်ဒါအတည်ပြုရွေးချယ်ပြီးသည့်ရက်မှ (၇) ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ရွေးချယ်ခံရသည့်ကုမ္ပဏီသည် တင်ပြသည့် စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ရမည်ဖြစ်ပြီး နမ့်လန်ဈေး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီနှင့် အသေးစိတ်စည်းကမ်းချက်များ ဆွေးနွေးပြီး စာချုပ်ချုပ်ဆိုလုပ်ကိုင်သွားရမည်ဖြစ်ပါသည်-

၈။ လျှောက်လွှာပုံစံနှင့် အသေးစိတ်စည်းကမ်းချက်များကို (၁-၉-၂၀၁၇) ရက်မှစ၍ ရုံးချိန်အတွင်း သီပေါမြို့နယ်စည်ပင်သာယာရေးဌာနရုံးတွင် ဝယ်ယူနိုင်ပါသည်-

**နမ့်လန်ဈေးပြန်လည်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးဌာန၊ သီပေါမြို့**
